www.burmeseclassic.com

အချစ်ဟာသ လုံးချင်းဝတ္ထုသစ်

# ချစ်ခြင်းရှင်

## ပြေးနိုင်မှ လွတ်မှာ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ ● ဦးကျော်ဆန်း (မြဲ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ် (၂)၊ ၈ွန်း(၁)လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ ● ဦးကျင်ရင် (ရွှေခြသေ့်ပုံနှိပ်တိုက်)
၂၂၅၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်။

ပုံနှိပ်ခြင်း ● ပထမအကြိမ်၊ ၂၀၁၂ ခုနှစ်၊
ဒီဇင်ဘာလ။

အုပ်ရေ ● ၅၀၀ အုပ်

တန်ဖိုး ● ၁၀၀၀ ကျပ်

ဖြန့်ချိရေး ● ဖိုးလပြည့်စာပေ
အမှတ် (၂၂၃)၊ (၃)လွှာ၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
-095163764

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

၈၉၅.၈၃

ချစ်မျှားရှင်
ပြေးနိုင်မှ လွတ်မှာ/ ချစ်မျှားရှင်။ - ရန်ကုန်၊
ရဲအောင်စာပေ၊ ၂၀၁၂။
၁၆၀ စာ၊ ၁၃ × ၂၀.၇ စင်တီ။
(၁) ပြေးနိုင်မှ လွတ်မှာ

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁)

BURMESE CLASSIC

စည်သူတစ်ယောက် ရထားသယ်ဆောင်ရာနောက် လိုက်ပါရင်း အတွေးနယ်ချဲ့နေမိတယ်။ ဒါပေမဲ့… အချိန်ကာလက ၁၉၈၀ ကျော်ဆိုတော့ ဒီနေရာ ဒီဒေသမှာ သောင်းကျန်းသူတွေက အချိန်မရွေးပေါ်လာနိုင်တာလေ။ ဒါကြောင့်… တွေးတာတောင် ပတ်ဝန်းကျင်ကို သတိမလပ်စေရဘဲ တွေးနေရတာမျိုးပါ။ မီးရထားကြီးကတော့ လမ်းပေါ်မှာ အတိမ်းအစောင်းအစေ့ အဝိုက်တွေနဲ့ ပြေးနေလေရဲ့။ ဟိုးအောက်ဝေးဝေးမှာ လယ်ကွင်းတွေနဲ့ မြေပြန့်ကို ဖြတ်လာခဲ့တာ မကြာသေးပေမယ့် အတော်ဝေးနေခဲ့ပြီထင်ရအောင်ပဲ မြင်နေရတယ်။ အခုဆို လမ်းက တောင်တွေ မြောင်တွေပေါ် ရောက်လာနေပြီလေ။

'ဟူး…'

'ဒီလိုရှုမျှော်ခင်းတွေ မြင်ရတော့လည်း ကြည်နူးစရာပါလား'

'ဖလုတ်တာပေါ့'

ဘေးခုံက အတူစီးလာတဲ့လူက ထောက်ခံတယ်။ အသံကတော့ ဝဲတဲတဲရယ်။ ဒါပဲပြောပြီး စိတ်က ချစ်သူဆီရောက်သွားတော့တာ တကယ်တော့ ဒီလိုနယ်စွန်နယ်ဖျားကို မလာချင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒီထက်ဆိုးတာက ချစ်သူနေတဲ့ မြို့လေးဟာ အမှောင်နယ်မြေဖြစ်နေတာ။ ပြီးတော့ တစ်ဘက်ကမ်းကူးတာနဲ့ တစ်ဘက်နိုင်ငံကို ရောက်သွားပြီ။ ဒီတော့ ဒုစရိုက်မှုပေါတာရယ်။ ဒါပေမဲ့ သိတယ်မဟုတ်လား ချစ်တဲ့စိတ်နဲ့ တစ်မျက်နှာ တစ်ရွာထင်ပြီး လိုက်လာခဲ့တာလေ။

တစ်ယောက်တည်းဆိုတော့ အားကအငယ်သား။ သူ့ရဲ့ ဇင်မင်းကိုတော့ ခေါ်ပါတယ်။ ဒါပေမဲ့ ဒီလောက်ဝေးပြီး စရိုက်ကြမ်းတော့ မလိုက်ချင်ဘူးရယ်။ သူ့ရဲက ပြောသေးတာ…

'မင်းကွာ ရန်ကုန်နေပြီး ဘာမဟုတ်တဲ့တောသူနောက် လိုက်ဦးမယ်ဟုတ်လား၊ ဒီမှာ အလန်းဇယားလေးတွေ ဒီလောက်ပေါများနေတာကို'

'အေးလေ… မင်းဟာလေးက လှတာပဲရှိတာ၊ နေတာက ကြိုကြိုကြားကြား၊ အန္တရာယ်ကလည်း များပါ့၊ မင်းလိုက်သွားရင်း သူ့ပုန်နဲ့တိုးရင် ကားနေဦးမယ်'

ဇင်မင်းကလည်း ဝင်နှိပ်တယ်။ ဟုတ်တော့လည်း ဟုတ်တယ်။ ဒါပေမဲ့ မြို့သူတွေပေါ်တယ်ဆိုတာ သိတာပေါ့။ လှတာလည်း သိတယ်။ အဲ… ချစ်လို့တော့ ရဘူးရယ်။ ဟိုဟာလေးလှတာကတစ်မျိုး။ သူများတွေလို ဟိုပေါ်ဒီပေါ်သာဝတ်လိုက်လို့ကတော့ ဟင်း… လာထား အာဘွားတွေ အတောမသတ်ဖြစ်ကုန်တော့မှာ။

'လုပ်ပါကွာ၊ မင်းတို့ကလဲ ဘော်ဒါအရင်းကြီးတွေဖြစ်ပြီး လိုက်ခဲ့ကြပါ၊ ကျောင်းကပြီးပြီဆိုတော့ ဒီကိုလာမှာမဟုတ်တော့ဘူး၊ ငါ သူ့ကို မရရင် သေမှာ'

'ဟွန်း… ပိုပြီ'

'ဟုတ်ပါ… ဒီကောင် နှာနဲ့ချွဲနဲ့ ကပ်နေပြီ'

'နေပါဦး၊ မင်းဟာလေးကရော လိုက်မှာလား၊ တော်တော်ကြာ ဟိုမှာ ယောကျ်ားရနေရင် သေပြီ'

'ဘာကွ'

နှစ်ယောက်သား ဝိုင်းနှိပ်ကွပ်နေတာ။ ဟုတ်တယ်လေ ဘော်ဒါ



www.burmeseclassic.com

www.burmeseclassic.com



အရင်းကြီးတွေမို့ ခေါ်တာကို မလိုက်ချင်တာနဲ့ အပြစ်ရှာနေတာရယ်။ ဒါနဲ့ တင်းသွားတော့တာ။ သူရက…

'မင်းကွာ စာမေးပွဲဖြေပြီးတုန်းက ဘာလို့ မ မတာလဲ၊ အခုမှလာပြီး အဆဲအသန်လုပ်နေတယ်'

'အေးလေ… ဟုတ်ပါ့'

'ဟာ… အဲဒီတုန်းက သူ့အမေ လာကြိုတာနဲ့ အစီအစဉ်ပျက်သွားတာ မင်းတို့သိတာပဲ၊ နေကွာ၊ မင်းတို့မလိုက်ရင် ငါ့ဟာငါ သွားမယ်၊ ဟွန်း…'

'ဟာ… နေပါဦး'

'ဟကောင်'

ပြောလည်းပြော တင်းပြီးထွက်လာခဲ့တယ်။ ဟုတ်တယ်လေ၊ ငယ်ငယ်ကတည်းက ပေါင်းလာလို့ အားကိုးတကြီးခေါ်ပါတယ်၊ ကြောက်တတ်ပါ့။ ပြီးတော့ ဒီဟာလေးနဲ့ စကြိုက်ကတည်းက သူတို့က သဘောမကျဘူးရယ်။ အရမ်းခေါင်တဲ့နေရာကမို့လို့တဲ့။ ထားတော့၊ အခုဆို တစ်ယောက်တည်းလာတော့ နားအေးပါးအေး လာရတာပေါ့။

'ကောင်လေး… မင်းက ရန်ကုန်ကလား'

'ဟုတ်ပါတယ်ခင်ဗျ… ဒါနဲ့ ဦးလေးက'

'ငါကတော့ ဒီတောင်ပေါ်သားပဲကွ'

'ဩော်'

'ဒါနဲ့ မင်း အနွေးထည်ပါရဲ့လား'

'ဟုတ်ကဲ့ ပါပါတယ်'

'အေး… ပါရင်ပြီးတာပဲ၊ တို့တောင်ပေါ်က အေးတယ်၊ ဒါကြောင့် မို့ သတိပေးရတာပါကွယ်၊ စိတ်မရှိနဲ့နော်'

'ဟာ… ရပါတယ်၊ ကျေးဇူးတင်ပါတယ်'

'အေး… မင်းတို့မြေပြန့်သားတွေက ဒီစကားလေးနဲ့ လာစားနေကြတာ… အဟင်း…'



www.burmeseclassic.com

www.burmeseclassic.com



'ဗျာ'

'သြော်… ဘာမှမဟုတ်ပါဘူး၊ ရှေ့ဆို ရထားလမ်းဆုံးပြီ၊ ဟိုဘက် ကားလမ်းကတော့ ရှိပါရဲ့'

'လမ်းဆုံးပြီကိုး'

ဦးလေးကြီးကတော့ ပြုံးလို့။ ဟုတ်တော့လည်း ဟုတ်တယ်။ အခုမှပဲ အေးလာတာကို သတိရတယ်။ ဒါနဲ့ ဆွယ်တာအနက်ကို ဝတ်လိုက်တယ်။ အဲ… ခဏကြာတော့ ထပ်အေးလာတယ်။ ဒါနဲ့ ဂျင်းဂျက်ကက်ကို ဝတ် လိုက်ရပြန်တယ်။ တော်သေးတာပဲ အောက်က ဂျင်းဘောင်းဘီနဲ့မို့လို့၊ မဟုတ်လို့ကတော့…။

ရထားက တုံ့ခနဲ အရှိန်သတ်တာကို သတိထားမိခဲ့တယ်။

နောက်… တဖြည်းဖြည်း နှေးသွားပြီး…

'ကျွီ… ကျွီ'

ဘရိတ်အုပ်သံက အသည်းယားစရာကောင်းအောင် ထွက်လာတယ်။ တဖြည်းဖြည်းရပ်သွားတာ။ ဒါနဲ့ ကျောပိုးအိတ်ကို လွယ်လိုက်တယ်။ ဘာမှထွေထွေထူးထူးမပါ။ ဘောင်းဘီတစ်ထည်၊ အင်္ကျီနှစ်ထည်၊ အနွေး ထည်တစ်ထည်၊ ခေါင်းစွပ်သုံးခု… ဒါပဲ။ ပိုက်ဆံကတော့ လိုရမယ်ရ ယူလာတယ်။

'ကဲ… သွားပြီ၊ ကောင်လေး… မင်းက ဘယ်အထိလဲ'

'ကျွန်တော်က ဒီမြို့ထဲတင်ပါ'

'သြော်… ငါလည်း ဒီမြို့ကပဲကွ၊ လာ လာ မြို့သာပြောတာ ခေါင်ပါသကော'

ပြောချင်ရာပြောပြီး ဆင်းသွားတယ်။ ဒါနဲ့ နောက်ကနေ လိုက်ဆင် ရတော့တာ။ လမ်းဆုံးနေရာဆိုတော့ လူတွေက အများသား။ ဒါနဲ့ ဘောင်း လိုက်ကို ဆင်းရတာ။

'ဟူး… အေးလိုက်တာ၊ ဟိုလူကြီးဘယ်ပျောက်သွားပါလိမ့်'

လူတွေကများတော့ ပျောက်သွားတယ်။ နေရုံတိုင်းမှာ အုံ့မှိုင်းပြီး

www.burmeseclassic.com


နှင်းတွေက ကျနေတာရယ်။ ကိုယ်တစ်ယောက်ပဲ ချမ်းနေတာ။ တခြားလူတွေက ဘာမှမဖြစ်သလို။

ဒါနဲ့ ဘူတာထဲဝင်ပြီး နောက်ပေါက်ကနေ ထွက်လိုက်တော့ မြို့ထဲလမ်းကိုရောက်လာတယ်။ နေရာသစ်မှာ လူစိမ်းတွေကို မျက်လုံးလေးအဝိုင်းသားနဲ့ လိုက်ကြည့်နေမိတယ်။

'တောက်… လိုက်လာမိတာ မှားပြီလား'

'အို… ဘာပဲဖြစ်ဖြစ် ရောက်အောင်သွားမယ်၊ သူလည်း ငါ့ကိုမျှော်နေမှာ'

တစ်ယောက်တည်း ယောင်ပေပေနဲ့ ဟိုလျှောက်ဒီလျှောက် ဘယ်သွားရမှန်းလည်းမသိ၊ ဆိုင်တန်းက လူတွေကိုမေးတော့လည်း စကားဝဲဝဲနဲ့သူတို့ပြောတာကို နားမလည်။ ဒါနဲ့ ခေါင်းကုပ်ဖင်ကုပ်နဲ့ ယောင်ပေပေလမ်းပေါ်ရပ်နေတုန်း…

'ကျွီ…'

'ဟဲ့… သောက်ခွေး'

'ဟဲဟဲ'

'ဩော်…'

ဘေးကို ဂျစ်ကားတစ်စီး လာရပ်တာနဲ့ လန့်ပြီးလှည့်ကြည့်လိုက်တော့ စောစောက ရထားပေါ်မှတွေ့တဲ့လူ။ ဒါနဲ့ ဝမ်းသာသွားတယ်။

'ဟာ… ဦးလေးပါလား'

'အေး… ဘယ့်နှယ်လဲ အဆင်ပြေရဲ့လား'

'ဟင့်အင်း'

'ငါထင်ပါ တယ်၊ မင်း ငါ့ကိုလိမ်တယ်ဆိုတာ'

'ဗျာ'

'ဟင်းဟင်း… မင်းလာတာ ဟိုဘက်နားက ရွာကိုမဟုတ်လား'

'ဗျာ'

'မဗျာနဲ့ မင်းကို ငါ ခဏခဏတွေ့ဖူးတယ်'


www.burmeseclassic.com

www.burmeseclassic.com



'ဗျာ'

'ဟာ… တဗျာဗျာနဲ့ မင်းက ဗျာမြို့က လာတာလား'

'ဦးက…'

'အေး… ငါက ဂျူးဂျူးရဲ့အဖေပဲကွ'

'ဗျာ'

'အေး… ငါ့သမီးက ဒီတစ်ခေါက်ပြန်ရောက်တော့ မျက်ရည်နဲ့ မျက်ခွက်၊ ဘာမှလည်း မေးမရဘူး၊ သူ့ကျောင်းတက်တုန်းက ဓာတ်ပုံတွေပဲကြည့်ကြည့်ပြီး ငိုနေတော့တာ'

'ဗျာ… ဟာ'

'မင်းပုံတွေ အများဆုံးပါတယ်၊ ဒါ့ကြောင့်မို့ ပြော… မင်း ငါ့သမီးကို လာခိုးတာမဟုတ်လား'

'ဗျာ… ဟိုလေ'

'အဟင်း…'

မှတ်ကရော။ မိန်းမလာခိုးပါတယ် သမီးနဲ့တောင်မတွေ့ရသေးဘူး အဖေနဲ့အရင်တွေ့နေရတာ။ ဒါနဲ့ ကြောက်ပြီး ဘာပြောလို့ပြောရမှန်း မသိ ဖြစ်နေတာရယ်။

'တကယ်တော့ ဒီလိုနေရာမှာ မင်းကို သတ်လည်း ဘယ်သူမှ သတိထားမိမှာမဟုတ်ဘူး'

'ဟင်'

'ဒါပေမဲ့ပေါ့ကွာ၊ အခုတော့ လာ တက်… ကားပေါ်ကို'

'ဗျာ… ဘယ်… ဘယ်ကိုသွားမှာလဲဟင်'

'ဟဲ… ငါ့သမီးရှိတဲ့ ငါ့အိမ်ကိုပေါ့ကွ'

'ဗျာ… ဟာ… ဟာ'

ဒီတစ်ခါဗျာက အတော်ရှည်သွားတယ်၊ အဖျားမှာ အသံပါတွဲပြီး မျက်လုံးပါ ပြူးသွားတော့တာရယ်။

မြို့လေးကနေ ၁၀ မိုင်လောက် မြေနီလမ်းအတိုင်း သွားလိုက်မှ



www.burmeseclassic.com

www.burmeseclassic.com



မြေပြန့်မကျ တကျ တစ်နေရာမှာ ချောင်ခေါင်ခေါင်ရွာလေးကို ရောက်လာတယ်။ အိမ်ခြေက ၅၀ ပင် မပြည့်တတ်။ ရွာကခြံတွေ ကျယ်ပြီး အိမ်ကြီးအိမ်ကောင်းတွေချည်းပဲ။

'ငါ လမ်းမှာစဉ်းစားလာတာ'

'ဟုတ်ကဲ့'

'မင်းကို ငါ့အိမ်ခေါ်သွားလို့ မဖြစ်ဘူးထင်တယ်၊ မင်းရော သမီးပါ ဒုက္ခရောက်လိမ့်မယ်'

'ဘာ… ဘာဖြစ်လို့လဲ ဦးရယ်'

'ဟုတ်တယ်၊ သူ့အမေ ပန်းဝါက တစ်ယူသန်ကွ၊ ပြီးတော့… ရန်ကုန်သားတွေကို သဘောမကျဘူး'

'ကျွန်တော်က တကယ်ချစ်…'

'တောက်… ပော့ကောင် ငါ့က သူ့အမေကွ မျက်နှာပူစရာတွေ မပြောနဲ့… ဟင်း…'

'အဟဲ'

'ကဲ… နားထောင် မင်းက ငါ့သူငယ်ချင်းအိမ်မှာနေခဲ့၊ အကျိုးအကြောင်းဘာမှမပြောနဲ့၊ သမီးသူငယ်ချင်းလို့ပဲပြော၊ ကြားလား၊ အေး… ဦးတော့ သူတို့က ဒီရွာကနေ သမီးကို ဘယ်ကိုမှခေါ်သွားခွင့်ပြုမှာ မဟုတ်တော့ဘူး'

'ဗျာ… ဘာလို့လဲဟင်'

'ဟင်း… ဒီအကြောင်းတွေကို နောက်တော့ မင်းသိမှာပါ၊ ကဲ… ရောက်ပြီ'

ကားအရှိန်မသေသေးခင်မှာပင် ဂျုံးဂျုံးအဖေထံမှ အော်ခေါ်သံ ထွက်လာတယ်။

'ဝေး… အောင်သင်း'

'ဟောလေကွာ'

'ခဏလာ'



www.burmeseclassic.com

www.burmeseclassic.com



'အေး… လာပြီ'

ပြောလည်းပြော အသားဖြူဖြူ၊ နှုတ်ခမ်းမွေးရှည်ရှည်နဲ့လူတစ်ယောက် ထွက်လာတယ်။ ဂျူးဂျူးအဖေက သူ့ကို လက်ညှိုးထိုးကာ…

'ဒါ… သမီးသူငယ်ချင်း၊ အလည်လာတာ၊ သူ့ကို မင်းအိမ်မှာ ခဏခေါ်ထားကွာ'

'ဟင်… ဘာလို့လဲဟ'

'ဒီကအခြေအနေတွေကို မင်းသိရဲ့သားနဲ့၊ ပန်းဝါက ရတာမဟုတ်ဘူး၊ နေရာတကာပါတာ၊ မင်းဆီမှာဆိုတော့ လွတ်လပ်တာပေါ့'

'အေးလေကွာ၊ ဒါဆိုပြီးရော လာ ကောင်လေး'

'ဟိုလေ… အဲ… ဟုတ်ကဲ့'

'အေး… သမီးကို လွှတ်လိုက်မယ်'

'ဪ… အဲ… အဟင်း ကောင်းတာပေါ့'

ဒီစကားရောက်မှပဲ သူ့မျက်နှာ အူမြူးပြီးပြုံးသွားတော့တယ်။

'ကဲ သွားပြီး မင်းမျက်နှာပိုးကိုသတ်၊ အနေအထိုင်ဆင်ခြင်၊ အောင်သင်းစကားကို နားထောင်'

အောင်သင်းက မအီမလည်မျက်နှာကြီးနဲ့ အလိုမကျသလို သူ့ကို ကြည့်နေတယ်။ ဂျူးဂျူးအဖေက မျက်နှာကြီးမာပြီး မောင်းထွက်သွားတယ်။

ကားထွက်သွားတာကို လိုက်ငေးကြည့်နေပြီးမှ အောင်သင်းမျက်နှာ သူ့ဘက်ပြန်လှည့်လာကာ…

'ကဲ… မင်း လာ အပြင်မှာ အေးတယ်'

'ဟုတ်ကဲ့'

'ဟွန်း… မျက်နှာပိုးမသေတဲ့ရုပ်နဲ့'

အောင်သင်းက ပွစိပွစိရေရွတ်ရင်း ပေစောင်းစောင်းနဲ့ ရှေ့ကနေသွား တော့ နောက်ကနေ ကုပ်ဖေးဖေး လိုက်သွားရတယ်။ အပေါ်ရောက်ရော မီးလင်းဖိုဘေးမှာ ထိုင်ခုံတွေ တွေ့ရတယ်။

'ထိုင်… အဲ့သမှာ'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့… ဟူး… အခုမှပဲ နွေးတော့တယ်'

'ပြောပါဦး မင်းက ဘာလာလုပ်သတုံး'

'ဟိုလေ… ဟို… ဂျူးဂျူး'

'ဘာကွ'

'ဂျူးဂျူးသူငယ်ချင်းပါ… လာလည်တာပါဆို'

'ဟွန်း…'

အောင်သင်းက စွေကြည့်တယ်။ ဟုတ်တယ်လေ။ မျက်နှာက စပ်ဖြဲဖြဲ၊ ရုပ်က ဆံပင်မရှည်တရှည်နဲ့ ဂျူးဂျူးရဲ့သူငယ်ချင်းတဲ့။ ဒါနဲ့ မျက်နှာကိုမာပြီး…

'မှန်မှန်ပြော မင်းတို့နှစ်ယောက် ညာတာမဟုတ်လား'

'ဟုတ်… မဟုတ်…'

'အေး… ဟုတ်တာပဲပြော၊ ဒီနေရာမှာ မင်းအသက်က ပုရွက်ဆိတ် အသက်သာသာပဲ ရှိတာ'

'အိ'

ဒါနဲ့ ကြောက်ပြီးချွေးပါပျံလာတယ်။ အောင်သင်းက ရုပ်တည်နဲ့ ဆိုပြီး နံရံမှာချိတ်ထားတဲ့ တူမီးကို ထဆွဲတယ်။ ပြီးမှ လာပြန်ထိုင်ကာ အဝတ်တစ်ခုနဲ့ တိုက်နေတယ်။ အံမယ် ကြောက်လိုက်တာမှ တုန်လို့ရယ်။ သတ္တိကောင်းတာပြောပါတယ်။ ဒါနဲ့ပဲ…

'သူ… သူကလေ… ကျွန်တော်ချစ်တဲ့သူပါ'

'ဘာကွ'

'အဟဲ… ဟို'

'ဟွန်း…'

တူမီးကို ဟိုဒီထိုးချိန်ပြီး လက်ကလည်း အငြိမ်မနေဘူး။ ဒါလေး ပြောတာကို စိတ်ဆိုးနေတာရယ်။ မျက်ထောင့်နီကြီးနဲ့ကြည့်ပြီး ပြောလေး သေး။

'သြော်… မင်းက တို့ရွာကို မီးလောင်တိုက်သွင်းမယ်ပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ဗျာ... ဟာ'

'ရွာနဲ့ မင်းကို သင်္ချိုင်းရမယ်၊ အခုပဲသတ်မှ ဖြစ်မယ်'

'ဟာ...'

'အယ်...'

'မလုပ်ပါနဲ့ ဦးလေးရယ်'

'ဟင်... ဂျူးဂျူး'

'အောက်... မင်းတော့ကွာ ကံကောင်းသွားတယ်မှတ်'

ပြောလည်းပြော သေနတ်ကြီးပစ်ချပြီး အိမ်ပေါ်ကနေ ဆောင့်ဆောင့်အောင့်အောင့်နဲ့ ဆင်းသွားလေရဲ့။ ငိုနေတဲ့ချစ်သူကိုတွေ့တော့ စောစောကကြောက်တာတောင် ဘယ်ရောက်သွားတာရယ်မသိဘူး။

'ကိုရယ်... ဘာလို့လိုက်လာတာလဲ... အဟင့်'

'ဂျူးဂျူးရယ်... မင်းကို သတိရလွန်းလို့ပါကွာ၊ ဘယ်လိုမှ မနေနိုင်လွန်းလို့ လိုက်လာတာပါ'

'အဟင့်...အီး'

ပြောလည်းပြော ဖက်ပြီးငိုလေရဲ့။ ဘာပြောရမှန်းမသိသလို ဘယ်လိုချော့ရမှန်းမသိတာနဲ့ ငြိမ်နေလိုက်ရတယ်။ အတော်ကြာတော့မှ အငိုရပ်သွားတယ်။

'ဒီမှာက ဘယ်လိုတွေလဲဟင်၊ ဘာမှန်းကို မသိဘူး၊ စရောက်ကတည်းက မျက်စိသူငယ်နားသူငယ်နဲ့၊ ဟင်း... ဘာကြီးလဲကွာ'

'ဘာလဲ... ကို ကြောက်နေပြီလား'

'အဟင်း... ကြောက်တာပေါ့လို့၊ ဖအေလုပ်တဲ့သူကတောင် ကြည့်ကြည်ဖြူဖြူခေါ်လာပြီး ဘာမှမဆိုင်တဲ့လူက သတ်မယ်တကဲကဲလုပ်နေတော'

'အဟင်း... ကိုက အကြောင်းမသိလို့ပါ၊ ဒီရွာကလူတွေဟာစောစောက ဆန်းသလို အမြင်လည်း မတူဘူး၊ မတူဆို စာမှမတူကြတာ'

'ဟင်... ဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



အံ့သြသွားတာရယ်။ ဟုတ်တယ်လေ၊ ဒီလိုလူမျိုးတွေလည်း ရှိတာပဲ လို့ တွေးလိုက်မိတာ ဟိုဟာလေးက ပြုံးပြီးပြောပြတယ်။

'ဒီမှာ စာရေးစာဖတ်တာဆိုလို့ အဖေရယ်၊ အမေရယ်၊ ဦးလေးအောင်သင့်ရယ်၊ အဲ… စစ်စစ်ပေါက်ပေါက် ရေကြည့်မှ အယောက်နှစ်ဆယ်လောက်ရှိတာ'

'ဟင်… အဟုတ်'

'ဂျူးကိုလည်း စာသင်ခိုင်းတာ တခြားမဟုတ်ဘူး၊ ဒီမှာကလေးတွေကို ပြန်သင်ပေးဖို့ပဲ'

'ဟာကွာ… ဒါတော့ မတရားတာပဲ၊ ဒါဆို ဂျူးက ကိုယ်ခေါ်ရာ မလိုက်ဘူးပေါ့'

'ဟင်း…'

သက်ပြင်းကို အရှည်ကြီးချပြီး ပြတင်းပေါက်ကို ထသွားကာ တဖွဲဖွဲ ကျနေတဲ့ နှင်းတွေနဲ့ ရေခဲဖုံးတောင်တန်းတွေကို ငေးကြည့်ပြီး…

'တကယ်တော့ ဒါဟာ မဖြစ်သင့်ပါဘူး၊ ဒါပေမဲ့… ကလေးတွေကို စာတတ်စေချင်တယ်'

'ဟင်… ဒါ… ဒါဆို'

'အခုတောင် သူတို့ကို သံယောဇဉ်ဖြစ်နေပြီ'

'ဟင်… အဟု'

နားထောင်နေရင်းတန်းလန်းနဲ့ ရင်ထဲမှာ တစ်မျိုးတစ်မည် ခံစားရပြီး ဆို့နင့်စွာနဲ့ မျက်ရည်ဝဲချင်လာတယ်။ လေအဝေ့မှာ ချစ်သူရဲ့ဆံနွယ်လေးတွေဟာ ကဗျာတစ်ပုဒ်အလား ကခုန်နေတာကို ကြည့်နေမိရင်း… ဘြော် ဆုံးရှုံးရပြီကောရယ်လို့…။

'ဒါ… ဒါ… ဒါဆို ကိုယ့်နောက်မလိုက်တော့ဘူးပေါ့နော်'

'အယ်… အဲဒီလိုမျိုး ပြောမိလို့လား'

'ဟင်…'

'စာသင်တာပဲ ဘယ်အချိန်ပြန်လာသင်သင် ရတာပဲဟာ'



www.burmeseclassic.com

www.burmeseclassic.com



'ဟာ... ဒါဆို လိုက်မယ်ပေါ့၊ ပျော်သွားပြီဟေ့'

ချက်ချင်းပဲ မျက်နှာက လင်သေမ မျက်နှာနဲ့ မှိုင်နေပြီးမှ မယားငယ် တစ်ယောက်ထပ်ရတဲ့ မျက်နှာကို ပြောင်းသွားတာရယ်။

'အဖေက ပြန့်ရောက်စတုန်းမှာ နေ့တိုင်းငိုငိုနေတာတွေ့တော့ ချော့မော့ မေးလို့ ကိုနဲ့အကြောင်း ပြောပြမိတယ်၊ ဘာမှမပြောဘူး၊ မပြောဆို နားလည်မှု ရှိတာရယ်၊ အမေကတော့ မရဘူး'

'အဟား... ဟုတ်တယ်၊ ရထားပေါ်စတွေ့ကတည်းက ကိုယ့်ကို ဂရုစိုက်သား အဟား... ယောက္ခထီးကြီးက ချစ်ဖို့ကောင်းတာ သူ့သမီး အတိုင်းပဲ... အဟဲ'

'အံမယ် သွားပါ... ဟွန်း'

'ဒါနဲ့... သူက မန္တလေး ဘာလာလုပ်တာလဲ'

'ဟွန်း... အ ပါ၊ ရှင့်ဆီက စာလာတော့ သူက အရင်ဖတ်တာ၊ ဒီရက်ကိုလာမယ်ဆိုတာပါ ဖါပြီးသားလေ'

'ဟင်'

'ဟုတ်တယ်၊ ဒါနဲ့ ရှင့်ခေတ်ပုံပြပြီး လာစောင့်ခိုင်းတာ' :

'ဟာ... ကိုယ် ဒီရထားနဲ့ပါလာမှာကို ဘယ်လိုသိတုန်းဟင်'

'ဟွန်း... တုံးကိုတုံးတယ်'

ဒါနဲ့ ခေါင်းကုပ်ဖင်ကုပ်နဲ့ စဉ်းစားလို့ကို မရတာ။ ဟိုက စွေကြည့် တယ်။ အဲ... မျက်နှာလေးကို အိုထားတာတွေ့မှ သက်ပြင်းကိုချကာ...

'အဲ... ဒါကြောင့်မို့ အဖေက ပြောတာ နင့်လူက ခပ်ထူထူလေးပါ ... တဲ့'

'အိ'

'ဒီမှာ ဒီကိုလာတဲ့ရထားက တစ်စီးတည်းရှိတာ၊ သိပြီလား၊ ရှင်ကြီး ကို တစ်တွဲချင်းလိုက်ရှာပြီးမှ ခေါ်လာတာ ရပြီလား... ဟွန်း'

'ဩော်... ဂလိုကိုး၊ အံမယ်... တယ်တော်ပါလား အဲဒါကြောင့် ချစ်ရတာ ဟောသလို'



www.burmeseclassic.com

www.burmeseclassic.com



'ဟိုး ဆရာ… အဖေက ဂျူးကို ချစ်လွန်းလို့ ထည့်လိုက်ဖို့ဆုံးဖြတ်ထားတာ၊ ဒါပေမဲ့ ဒါက မလွယ်ဘူး၊ ပြီးတော့ ဒီရွာမှာ ဂျူးမရှိရင်…'

'ပြောလေ အချစ်မရှိရင် ဘာဖြစ်မလဲ'

'ဟင်း… ဒီအနီးတစ်ဝိုက်ကို အပိုင်အုပ်ချုပ်တာက ကျားကြီးပေတိုးလေ၊ သူက… သူက ဂျူး သူ့ကိုမယူရင် ရွာကို မီးရှို့ပစ်မယ်တဲ့ အဟင့်…'

'ဟ… ဒါဆို… ဒါဆို…'

'ဒါပေမဲ့ ကံကောင်းနေတာက ဒီနယ်မြေကို လုနေတာ အဖွဲ့နှစ်ဖွဲ့ရှိတယ်၊ ကံဆိုးတာက နှစ်ဖွဲ့လုံးက ခေါင်းဆောင်တွေက ဂျူးကိုသဘောကျလို့တဲ့'

'ဟွာ'

'ကံကောင်းတာက နှစ်ဖွဲ့လုနေလို့ အခုချိန်ထိ ပျိုနေတာ၊ ကံဆိုးတာက ယူရမှာက နှစ်ယောက်တောင်လေ'

'ဟွင်'

'ကံကောင်းတာက အတင်းအကြပ်တော့ မလုပ်ဘူး၊ ကံဆိုးတာက အမေက သဘောတူတယ်၊ ဒါပေမဲ့ တစ်ယောက်ကရပြီး တစ်ယောက်က မရရင် ရွာကို မီးရှို့မှာပဲတဲ့၊ သူတို့နှစ်ဖွဲ့က အမြဲတိုက်နေခိုက်နေကြတာ၊ ကံဆိုးတာက…'

'အံမယ်လေး တော်ပါတော့ မယ်မင်းကြီးမရယ်၊ အံမယ်… သူကတော့ ကံဆိုးလိုက် ကောင်းလိုက်နဲ့ ဒီကကောင်ကတော့ နားထောင်ရင်းသေချင်လာပြီ၊ အဟင့်… တော်ပြီ… အမြန်လစ်ကြမယ် ရဘူးဟာ… အခုပဲ သွားမယ် စိတ်မချတော့ဘူး'

ဒါနဲ့ လက်ကို အတင်းဆွဲပြီး ခေါ်တယ်။ စားမာန်ထနေတာ ပြောပါတယ်။ ခေါ်မယ့်သာခေါ်တာ ဘယ်သွားရမှန်းက သိတာမဟုတ်ဘူးရယ်၊ ဒါနဲ့ ဟိုက အသာလေးရင်ခွင်ထဲ ခေါင်းထည့်ကာ…

'ကိုရယ်… ခဏတော့ နေလိုက်ပါဦး၊ ခဏပါကွာ နော်'

'ဟင့်အင်း… ရဘူးဟာ… နေဘူးဟေ့…'



www.burmeseclassic.com

www.burmeseclassic.com



'ကဲ… မဆိုးနဲ့ကွာ ဦးလေးအောင်သင်းကို မှာခဲ့မယ်နော်၊ အဲ… သူ့ရှေ့လည်း အမြင်ကတ်အောင် မနေနဲ့နော်'

ကလေးလို ခြေဆောင့်ကာ အတင်းငြင်းတော့ ဟိုက ချော့မော့ပြီး ပြောနေရတာရယ်။ ဒါနဲ့ နှုတ်ခမ်းကို ချွန်ပြီး…

'အေးပါ… အမြင်မကတ်အောင် ဝေးဝေးနေမယ်၊ သွား… ဟွန်း…'

'ကိုကလဲကွာ… အယ့်ှောင်း… ကလေးကျနေတာပဲ ကဲ… သွားပြီ နော်၊ ခဏတော့စောင့်ပါကွာ၊ နော်လို့ နော်…'

ပြောလည်းပြော လှေကားကနေ ပြန်ဆင်းသွားတော့ ရီဝေစွာနဲ့ အတင်းလိုက်ကြည့်တယ်။ အံမယ်လေး တော်ပါသေးရဲ့ ဘယ်သူ့နဲ့မှ မရ သေးလို့ တွေးနေတာ ပြောပါတယ်။

●



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၂)

'ကျားကြီးပေတိုး'

ဒီနာမည်ကြားတာနဲ့ ဒီနားကလူတွေက ဖိန့်ဖိန့်တုန်အောင် ကြောက်တာရယ်။ လူကိုတော့ မတွေ့ဖူးကြဘူး။ အေးလေ… တွေ့ဖူးရင်လည်း ဘယ်သူက ကြောက်ကြမတုံး။ နာမည်သာကြီးတာ လူကတော့…

သူ့ကိုယ်သူတော့ ဟုတ်နေတာရယ်။ ဘာအဖွဲ့ ညာအဖွဲ့ရယ် နာမည်တော့ တိတိကျကျမရှိဘူး။ အဲ… ဒါပေမဲ့ ရွာတွေကိုတော့ ဆက်ကြေးတောင်းတယ်။ မပေးရင် မီးရှို့တယ်။ ပြောသေးတာ ရပ်ရွာကိုကာကွယ်ခတဲ့။ အဲဒီကိစ္စအတွက် သူတို့မှာ တော်တော်မင်ပန်းတာတဲ့။

အခုလည်း ဘာတွေအလိုမကျတာရယ်မသိ။ သူ့ရိုင်ထဲ သစ်လုံးအိမ်လေးထဲမှာ လမ်းသလားနေတယ်။ မျက်နှာက အလိုမကျတဲ့ပုံစံ မိုက်တိမိုက်ကန်း ဂျစ်ကပ်ကပ်နဲ့။ အကောင်ကသေးတော့ ဝတ်ထားတဲ့ဘောင်းဘီကိုရင်ခေါင်းအထိတက်ပြီး အောက်ကလည်း သုံးခေါက်လောက် ခေါက်ထားရသေးတာ။ သာမန်လူတွေဝတ်ရင် တင်ပါးဖုံးလောက်ရှိတဲ့ အင်္ကျီဟာသူနဲ့ တံတောင်ကွေးရောက်နေတယ်။ ကဲ… တွေးသာကြည့် ဘယ်လောက်ရယ်ဖို့ကောင်းသလဲဆိုတာ အခုလည်း…

'တောက်…' သောက်သုံးကို မကျဘူး၊ ဟင်း… ဒင်းအေသေ ငါ့သေသေ၊ အဲလေ… ဒင်းသေမှကို အေးမှာ'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တာပေါ့ ဆရာတိုးရာ သေမှကိုအေးမှာ'

'သတ်မယ်… ဒင်းကို သတ်ရမယ်'

'ဟုတ်တယ်… သတ်ကိုသတ်ရမယ်'

'ဘယ့်နှယ်ကွာ ကြိုက်စရာဒါလောက်ရှားလို့ ငါ့အချစ်လေးကိုမှကွာ ဟွန်း… အကြဲတူရန်သူပဲကွ'

'ဟုတ်တယ် ရန်သူပဲပေါ့ ဟွန်း…'

'ဟော့ကောင် မင်းမောင်…မင်းက ငါ့ကို ပြောင်တယ်ပေါ့လေ'

ပြောလည်းပြော တင်းပြီးတော့ မော့ကြည့်ရပြီး လက်မောင်းက သူ့ပေါင်လုံးထက်ကြီးမယ့် မင်းမောင်ကို ရင်ဘတ်ပြေးတွန်းတော့…

'ဟာ… ဆရာ'

'ကဲဟာ'

'ဗုန်း'

'အီး… တေပါပြီ'

ဟိုဘက် ဖင်ထိုင်ရက်ကျလေရဲ့။ ခါချည်ကောင်မာန်တင်းပြီး ဆင်ကြီးကို ဝင်တိုက်မှတော့ ကျတာတောင် နည်းသေးရဲ့။ ဒါနဲ့ မင်းမောင်က အတင်းဆွဲထူတော့ မျက်နှာကြီးမည်းပြီး ဖင်ကို ပွတ်နေလေရဲ့'

'အား… ကျွတ်… သေပါပြီ၊ နောက်တစ်ခါ ငါစကားပြောရင် ဝင်မပါနဲ့'

'ဟုတ်ကဲ့ပါ'

'ဟွန်း… ဒီထက်နာမယ် မှတ်ပြီလား'

'ဟုတ်ကဲ့ မှတ်ပါပြီ'

'ဟာ… မင်းကို လိုက်မပြောနဲ့လို့ ပြောထားတယ်လေ'

'ဟုတ်ကဲ့ မပြောပါဘူး'

'ဟာ… အင်းဟာ'

'ကတောင်'

'အံမယ်ကြီး ကွဲပါပြီဗျ ဒူးခေါင်း'



www.burmeseclassic.com

www.burmeseclassic.com



'ဟွန်း… သေမယ်'

ဒီတစ်ခါတော့ ပါးသွားပြီ။ ခါးထိုးထားတဲ့ ခြောက်လုံးပြူးဒင်နဲ့ ဒူးကို ရိုက်လိုက်တာ။ အမေပါ တပြီး ဒူးကို ကုန်းပွတ်ရတော့တာ။ ဒီတော့မှ အကြီးပြုး ယှဲ့ယှဲ့ပြုံးကာ…

'ဪ… ဒါနဲ့ ရွာထဲကနေ ဘာသတင်းကြားသေးလဲကွ'

'အား… ကျွတ် ကျွတ်…သိဘူးလေ'

'ဘာကွ'

'အဲလေ… ရွာထဲနေတဲ့လူတွေက ဘာမှလာမပြောဘူးလို့ပြောတာ'

'ဟွန်း… ဒီလိုပြော'

'ငါ့ဟာလေးကို ထိလို့ကတော့ မီးပွင့်သွားမယ်၊ မဖြစ်ပါဘူး၊ ငါကိုယ်တိုင် ရွာထဲကိုလိုက်သွားမှ၊ ဟိုကောင်နဂါးကြီးက စိတ်ချရတာမဟုတ်ဘူး၊ ငါကိုယ်တိုင် အပေါက်စောင့် အဲလေ… စာသင်ကျောင်းတံခါးဝ သွားထိုင်နေမှရမယ်'

'ဟာ… ဆရာသမားရယ် လိုပါဘူး၊ အခုလောလောဆယ် ဒီရွာကို ကျုပ်တို့ ပိုင်တာလေ'

'အေး… ဟုတ်သားပဲ၊ အဟဲ… ငါနည်းနည်းမွန်၊ အဲလေ… လောသွားတယ် ဟုတ်တာပေါ့၊ ဟိုတစ်ကြောက ငါတို့နိုင်ထားတာ ဒီအကောင် ရွာနားကိုတောင် ကပ်ရဲမှာမဟုတ်ဘူး၊ ဟား… ဟား… ဠား…'

ပြောပြီး သဘောကျနေတော့တာ။ အမှန်က သူ စားမာန်ထနေတာလေ။ ရွာထဲမလဲ သူ့လူတွေရှိတာရယ်။ မသိရင် သာမန်ရွာသားတွေလို့ပဲ ထင်ရတာ။ အခု စခန်းမှာက လူနှစ်ဆယ်ကျော်လောက်ရှိတာ။ ဒီအနီးအနားရွာတွေမှာ လူယောင်ဖျောက်နေကြတာရယ်၊ တကယ့်အရေးဟဲ့အကြောင်းဆိုမှ လူစုကြတာ။

'ဒါနဲ့ တပည့်ကျော်ကြီး ဘာတွေလုပ်ထားတုံး၊ စားဖို့သောက်ဖို့'

'ဟိုနေ့က ဆရာကောင်မလေးရွာက ဆွဲလာတဲ့ဝက် ချက်ထားတာ။ အလီစာဟင်းပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ဟား ဟား ကောင်းကွာ၊ ဒါနဲ့ သိမ်းထားတဲ့ ချက်အရက်တွေ ရှိသေးလား၊ မရှိရင်လည်း သွားပြီးသိမ်းရအောင်'

'ကျန်ပါသေးတယ်၊ သူလည်း ရောင်းစားပါစေဦး ဆရာရယ်၊ တော်ကြာ သူကချက်လိုက်၊ ကျွန်တော်တို့က သိမ်းလိုက်နဲ့ စိတ်ပျက်ပြီးမချက်မှ ငတ်နေမှာ'

'အဟား… ဒါလည်း ဟုတ်တာရယ်၊ ကဲ…သွားယူကွာ၊ မင်းနဲ့ငါ ဆွဲကြမယ်၊ အဲ… ဟိုကောင်တွေကိုတော့ လစ်မစ်နဲ့ လုပ်ပေးလိုက်ကွာ၊ ငြိုငြင်ရင်မကောင်းဘူး၊ ဒါနဲ့ တို့ဘဏ္ဍာရေးအခြေအနေ ဘယ်လိုလဲ'

'ရပါသေးတယ်ဆရာရဲ့၊ အေးဆေးနေပါ'

'မင်းပြောလိုက်ရင် ရပါတယ်ပဲ ဟွန်း… ဟာ… ကြာတယ် သွား အမြန်ယူခဲ့'

'ဟုတ်ကဲ့ဆရာ'

ဒါနဲ့ မင်းမောင်လည်း သစ်လုံးအိမ်လေးထဲကထွက်ပြီး စခန်းရဲ့ အနောက်စားဖိုဆောင်ဘက် ဝင်သွားတော့တာ။ ပြောတော့ ဘာလေးညာလေးနဲ့ သူတို့ပဲ စားလိုက်သောက်လိုက် သုံးလိုက်ဖြုန်းလိုက်နဲ့ ပြီးမှ ရွာတွေကို အပူကပ်ကြမှာရယ်။ ဒီလိုလူတွေ။

*

ဆန့်ကျင်ဘက်လို့ ယူဆရတဲ့ အရပ်မှာ နဂါးကြီးဝေမိုး။ ပြောမယ့်သာ ပြောတာ အစက ဝေမိုးနဲ့ပေတိုးဆိုတာက ငယ်ပေါင်းတွေ။ ပြောမနာ ဆိုမနာ။ မယားပါသားနဲ့ လင်ပါသားလို တည့်ကြတာရယ်။ အခုမှ နှစ်စု ကွဲသွားတာ။ ဘာကြောင့်ရယ်လို့တော့ တိတိပပ မသိရဘူး။ အေးလေ… သူ့အကြောင်းနဲ့သူ ရှိမှာပေါ့။

ဝေမိုးကတော့ သူကတစ်မျိုးရယ်။ အရမ်းချမ်းသာတဲ့လူတွေဆီနေ ဓားပြတိုက်တယ်။ ရတာတွေကို အဲ… ဆင်းရဲတဲ့လူတွေကို ဝေလိုက်တော့ နီးပဲ။ လုညှိတောင်မကြည့်ဘူး။ ပြောချင်တာက ဆင်းရဲတဲ့လူတွေဆို ဘာဒုက္ခမှမပေးဘူးလို့ ပြောတာ။



www.burmeseclassic.com

www.burmeseclassic.com



အခု သစ်ပင်ရိပ်အောက်က ဝါးနဲ့လုပ်ထားတဲ့ စားပွဲ၊ ကုလားထိုင်တွေမှာ ဝေမိုးအပါအဝင် လေးယောက်ထိုင်နေတယ်။ သူ့ပုံစံက အေးဆေးသမား။ ပြောရမယ်ဆို ကုပ်ကမြင်းပေါ့။

'ဘယ်လိုလဲ၊ မင်းတို့ရွာထဲ ဘာသတင်းကြားသေးလဲ'

'ဟုတ်ကဲ့… ဘာမှ ထွေထွေထူးထူးမရှိပါဘူး'

'ဒါနဲ့ ဆရာမလေးရော နေကောင်းရဲ့လား၊ သူကကော ကျုပ်ကို ယူမတဲ့လား'

'အဲ…နေတော့ ကောင်းပါတယ်၊ ယူမယူတော့ ဘာသတင်းမှ မကြားဘူး'

ရွာထဲမှာထားတဲ့ သူ့တပည့်ဆီကနေ သတင်းယူနေတာ။ ဘေးနားမှာတော့ လက်ရင်းတပည့် ဒေဝက အသင့်အနေအထားနဲ့ ရပ်နေတယ်။

'ဒါဆို ကောင်းပြီ၊ မင်းတို့ပြန်လို့ရပြီ'

'ဩော်… ဒါဆို သွားခွင့်ပြုပါဦး'

'အေး…အေး သတိထားပြန်ကွာ၊ ဟိုကောင်တွေရန်ကလည်း ကြောက်ရသေးတာ'

'ဟုတ်ကဲ့ပါ၊ မပူပါနဲ့ ဆရာ၊ ကျွန်တော်တို့ဆီမှာ ဒါပါပါတယ်'

'အေး… ကောင်းပါလေ့ကွာ'

ထသွားကြတဲ့ သုံးယောက်က လက်မနဲ့ဇက်ညှိုးကို ကွေးပြီး ခါးပုတ်ပြတော့ သဘောကျပြီး ပြုံးနေလေရဲ့။ တဖြည်းဖြည်းနဲ့ ဝေးသွားတဲ့ လူသုံးယောက်ကိုကြည့်ပြီး သက်ပြင်းချကာ…

'ဟင်း… ဟိုကောင်ပေတိုး ရှုပ်တာနဲ့ ကောင်မလေးလည်း ဟိုလို ဒီလို ဖြစ်နေပြီထင်တယ်'

'ဟုတ်တာပေါ့ဆရာရယ်၊ တစ်ယောက်ကို ယူပြန်ရင်လည်း တစ်ယောက်က ရန်ရှာဦးမှာဆိုတော့'

'တိတ်… သူဟာ ငါ့အတွက်ပဲဖြစ်ရမယ်'

'ဒါပေမဲ့ လောလောဆယ် သူတို့က အသာစီးရထားတော့ ဆရာ့အတွက် အခြေအနေက…'



www.burmeseclassic.com

www.burmeseclassic.com



'တော်… မင်းပါးစပ်ပိတ်၊ ကံကောင်းလို့ နိုင်သွားတာ၊ မဟုတ်လို့ကတော့ ဒီကောင် ငါ့လက်နဲ့ သေနေပြီ ဟွန်း…'

ဒေဝလည်း ဘာမှမပြောရဲတော့။ ဝေမိုးက လွယ်တာမဟုတ်ဘူးရယ်။ စိတ်က တိုခဲတယ်။ တိုရင် သူများနဲ့ကို မတူတာ။ နောက်တော့မှ စားပွဲပေါ်က အရက်ခွက်ကို ကောက်မော့ပြီး အမဲခြောက်ဖုတ်ကို ဝါးလိုက်တယ်။

'ဒါနဲ့ အခုတစ်လော ဒီကောင်တွေ ငြိမ်နေပါ့လား၊ ဘာတွေကြိတ်ကြံနေလဲ မသိဘူး'

'ဒါ ခွင်ကောင်းပေါ့ ဆရာသမားရဲ့၊ အလစ်ဝင်တိုက်ကြမလား'

'ဟာ… နေပါကွာ၊ အခုတစ်လော တိုက်တာခိုက်တာ စိတ်ကုန်နေတယ်၊ ငါ့မျက်လုံးထဲ ဆရာမပဲရှိတာရယ်'

'ပလိုင်းထဲကဖားပါဆရာရယ်၊ ဘယ်အချိန်ရိုက်ရိုက် ရတာပါ'

'မင်းမသိပါဘူး၊ အချစ်ဆိုတာ နက်ရှိုင်းတာရယ်၊ မင်းက မခံစားဖူးပါဘူး'

'ဩော်… ဟုတ်လား ဆရာက ခံစားဖူးတယ်ပေါ့'

'ဟင့်အင်း… ငါလည်း သိဘူးလေ'

'ဗျာ'

'မဗျာနဲ့ ပါးစပ်ထဲတွေ့ကရာကောက်ပြောလိုက်တာ၊ အဲ… လေးနက်တယ်ဆိုတာပဲ သိတယ်၊ ဘယ်လိုလဲတော့ သိဘူးရယ်'

ဒါနဲ့ ဘာမှကို မပြောချင်တော့တာနဲ့ ငွေကြည့်လိုက်တယ်။ ဟုတ်တယ်လေ သူပဲသိသလို ဘာလိုနဲ့ ဒီလိုပဲ အဖျားကျရှုံးသွားတော့တာ၊ တွေးနေတာပြောပါတယ်။ ဒီကြားထဲ ဟိုမယားတရှူးကလည်း…

'အင်း… ငါနဲ့ဆရာမနဲ့လည်း အမြန်ရမှ၊ ဒင်းလည်း သေမှကောင်းမှာ'

'ဟင်… တယ်ဟုတ်ပါလား'

'အဟင်း… ဒါမှမဟုတ် ငါလည်း ဆရာမနဲ့ရ သူသေဖြစ်မှ၊ ဒင်းလည်း ထောင်ထဲရောက်မှ၊ ဟွန်း… မေတ္တာကို မရိုတော၊ အေးလေ…

www.burmeseclassic.com



ရှပ်ခံကိုက ကော့ပျံနေတာကိုး၊ ဟင်း…အီသီယိုးပီးယားကနေ ပြန်လာတယ် ခုတ်ရတာ ဟွန်း…'

အံမယ် ယောက်ျားကြီးတန်မယ့် အတင်းချနေတာ ပြောပါတယ်။ အရှက်ကို တစိမ့်စိမ့်သောက်ပြီး တစိမ့်စိမ့်တွေးကာ တစိမ့်စိမ့်ပြုံးနေတာရယ်။ ဆားနားက ဒေဝကကြည့်ပြီး ခေါင်းရမ်းလိုက်တယ်။

'သြော်… ရောဂါက အတော်ကျွမ်းနေပြီကိုး'

'ဘာကွ'

'သြော်…အဟဲ… ပေတိုးကို ပြောတာပါ၊ ဆရာ့ကို ဘယ်ပြောရဲမှာ တုံး၊ ဟုတ်ဘူးလား အဟဲ'

'ဟွန်း'

ဓွေကြည့်တယ်။ ဟုတ်တယ်လေ လာပြောင်နေတာ။ ဟိုကလည်း ချက်နှာရိပ်မျက်နှာကဲကြည့်ပြီး အခြေအနေသိပ်မကောင်းတာသိတော့ လေ ရှည်ရဲတော့ဘဲ မသိမသာလေးပဲ ရပ်နေရတော့တာ။ ဟုတ်တယ်လေ ချိုက်ကြည့်မှတော့ အလိုက်သိရမှာပေါ့။

*

ဒေါ်ပန်းဝါတစ်ယောက် သမီးကို အခုတစ်လော မျက်လုံးထဲ တစ်မျိုး မြင်နေတယ်။ ခါတိုင်းဆို သမီးရယ် ကျောင်းသွားတာ သနပ်ခါးလေးဘာ ဆေးလူးပါလားဆို လူးဘူးတဲ့၊ အပိုတွေတဲ့။ ဟော… ငါ့သမီးလေး ဆော်လှချည့်ရဲ့ ချိုးမွှမ်းတာ အခု ယောက်မမြင်းစီးထွက်တယ်လေ။

ဒီလောက်အေးတဲ့နေရာမှာ တစ်နေ့ကို ရေနှစ်ခါချိုးပြီး အံမယ် သနပ် ခါးတို ခြေဆုံးခေါင်းဆုံးလိမ်းတာရယ်။ ခါတိုင်းဆို စာတစ်ခါသင်ခါနှီး မှာဒိုင်ပြီး ရပ်ကစ ရှည်းစားပုမိသလို။ ဟော… အခုကြည့် ပြုံးလို့ပျော်လို့ ဆိုတာ… အခုတောင် အခန်းထဲ သနပ်ခါးလိမ်းရင်း ဆိုနေသေးတာ သီချင်း ဘိုး

'အင်း… ဒီကောင်မလေး တစ်ခုခုတော့ တစ်ခုခုပဲ'



www.burmeseclassic.com

www.burmeseclassic.com



*'ဆုံစည်းဖို့နေ့ရက်လေးတွေ××× အချိန်တွေလက်ချိုးရေ××× ရေမြှော်ပြီးတော့ ဟိုးအဝေးကိုထွက်သွား××× ဒီလိုအလွမ်းများကို ငါမှန်းတယ်'*

ဟွန်း

အဝေါက်ဝနေ လှမ်းချောင်းနေတာကို ဟိုကတော့ သိဘူးရယ် သီချင်းလေးတအေးအေးနဲ့။ မအေဆိုတော့လည်း သမီးရဲ့အရိပ်အကဲကို ကြည့်နေရတာ။ မိန်းကလေးဆိုတော့ အခက်သား၊ နေရာတကာ ဖုံးနိုင်ဖိနိုင်မှ တန်ရုံကျတာရယ်'

ဟော… ထွက်လာပြီ'

'ဟယ်… အမေ ဘာလုပ်နေတာလဲ'

'ဘာမှမဟုတ်ပါဘူး သမီးရယ်၊ အဟင်း… ငါ့သမီးက ဒီနေ့လှလှ ပထန် ပြောင်းလဲနေလို့လေ'

အ့ဟဲ… အစက စာသင်ရတာ မပျော်လို့ပါအမေရဲ့၊ အခုပျော်သွား ပြီ

'အေးလေ… အမေကလည်း ဒီလိုအသံပဲကြားချင်တာ၊ မွေးရကျိုး နပ်တာပေါ့အေ၊ ကဲ… သွား သွား'

'ဟုတ်… သွားပြီ'

ပြောလည်းပြော အမေလုပ်တဲ့သူ့ရှေ့ ကိုယ်လေးယို့ပြီး လှတပတလေး လျှောက်ကာ လှေကားကနေ ဆင်းသွားလေရဲ့။

အင်း… ကျောင်းသွားတာ ငါ့သမီး မပြင်တော့လည်း မပြင်ဘူး ပြင်တော့လည်း စိတ်တောင်ပူမိတယ်၊ အင်း … ဒီကောင်မလေး ရိုးမှရိုး ရဲ့လား

သံသယတော့အရှိသား။ ဒါပေမဲ့ လက်ဆုပ်လက်ကိုင် ပြစရာ မရှိ။

တလောက သားအဖနှစ်ယောက် တိုးတိုး တိုးတိုးနဲ့ ဘာတွေတိုင်ပင် နေကြတာရယ်တော့ မသိ။ တိုးတိုး တိုးတိုးနဲ့ဆိုတော့ မကြားရဘူးလေ

ဒါနဲ့ စိတ်ထဲ စနိုးစနောင့်နဲ့ အောက်ဆင်းပြီး ဧည့်လျားမှာထိုင်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားဘေးသွားကပ်ပြီး ကြည့်တော့ အံ့မယ် ဘာမှကိုမသိသလိုရှုပ်တည်နဲ့ ဆေးလိပ်ထိုင်သောက်နေတာရယ်။ ဒါနဲ့ ဇွဲကြည့်ပြီး...

'ကို... ရှင့်သမီး ရိုးမှရိုးရဲ့လားဟင်'

'ဟာ... ဘာဖြစ်နေလို့လဲဟ'

'ဟွန်း... ဘာဖြစ်တာရယ်တော့ တော့်ပဲသိမှာ၊ တော် မန္တလေးက ဖြန့်လာကတည်းက ဒီလို နန့်တန့်တန့် ဖြစ်နေတာ'

'ဟာကွာ ... သမီးက ဒါလောက်လည်းမဟုတ်ပါဘူးဟာ၊ မင်းကွာ ကိုယ့်သမီးကို မှိုချိုးမျှစ်ချိုး'

'ဟွန်း'

ဒါနဲ့ မျက်စိထောင့်ကပ်ကြည့်တော့ မလုံမလဲနဲ့ ဟိုဘက်လှည့်သွားတယ်။ ဒါနဲ့ သံသယပိုကြီးလာတယ်။

သားအဖနှစ်ယောက် သိုသိုသိပ်သိပ်နဲ့ အောင်သင်းကိုယ်ပါ နှုတ်ပိတ်ထားတော့ ရန်ကုန်က ညှော်သည်ရောက်နေတာကို သိဘူးရယ်။ သိလို့ကတော့...

'တော်ကြီးနော်... ပြော... ဘာတွေလုပ်နေကြလဲ'

'ဟာကွာ... မိန်းမရယ်၊ မင်းမသိအောင် ဘာများလုပ်လို့တုံး'

'ဟွန်း'

'အံ့မယ်... ဒီမျက်စောင်းလေးတွေကြောင့် ဒီကမောင်ကြီးက ချစ်ရတာ [illegible]'

'တော်ကြီးနော်... သွား ကလေးကလားနဲ့ ဟွန်း...'

'အဟဲ'

ဒါနဲ့ပဲ နိုင်ကွက်သိထားတော့ စကားလမ်းကြောင်းပြောင်းပြီး မိန်းမနားအတင်းကပ်ပြီး ချော့ရတော့တာ။ ဟိုကလည်း ဒါမျိုးဆို ကြိုက်ပြီးသား။ အေးလေ... မိန်းကလေးဆိုတာ အချော့ကြိုက်၊ အမြှောက်ကြိုက်ဆိုတော့...

'ဟာကွာ... ပန်းကလည်း အခုမှ လေးဆယ်ကျော်ရုံလေးရှိ၊ ဆိုတော့ လူ့ဘဝဆိုတာ လေးဆယ်ကျော်မှ စတာ အဟဲ... [illegible]တိုးဆို... တိုးပါ...လို့'



www.burmeseclassic.com

www.burmeseclassic.com



'ဟာ ဗျာ… ဖယ်… ငယ်မူမပြန်နဲ့၊ ဟွန်း… မကပ်နဲ့ ပူတယ်… ဖယ်'

အတင်းဖက်တာနဲ့ ရှန်းချင်ယောင် ဆောင်တယ်။

အဲ… အစကတော့ တမင်စကားလွှဲရုံပဲ အခုမှ တကယ်စိတ်က ပါလာတော့ အတင်းကပ်တာရယ်။

'အဟဲ… ဒါလောက်အေးတာကိုကွာ ဘယ်သူမှ မရှိဘူးကွ၊ အဟီး…'

'ဟွန်း… အရှက်ကိုမရှိတာ'

'ဟာ… ကိုယ့်မိန်းမကိုယ်ဖက်တာ ဘာဖြစ်လဲ၊ ဟော… လေက လည်း တိုက်လိုက်တာ၊ အင်း…အတော်အေးတာကိုး၊ လာပါကွာ အပေါ် သွားကြမယ်'

'ဟာ… သွားပါဘူး၊ ဘာလို့သွားရမှာတုံး ဟွန်း… တော်ကြီးအကြံ မသိရင် ခက်မယ်'

'လာပါကွာ၊ တကယ်အေးတာ'

'ဟာ… လာဘူး သွား…ဆို'

'လာပါ'

အသံပါ နွဲ့လာပြီး အတင်းငြင်းတယ်။ အဲ… ငြင်းမယ့်သာ ငြင်း တာ လုံကတော့ နောက်ကပါနေပြီ။ ဒါနဲ့ ရှန်းတဲ့သူက ရှန်း၊ ဆွဲတဲ့သူက ဆွဲနဲ့ အပေါ်တက်ပြီး တံခါးပိတ်လိုက်တော့တာ။ ပတ်ဝန်းကျင်မတော့ နှင်းတဖွဲဖွဲနဲ့ပေါ့။

*

'ဟာ… တို့ဆရာမက ဒီနေ့ ချစ်စရာလေး ဖြစ်နေပါလားဟ'

'ဟုတ်လို့လားဟာ၊ လူမှားတာပါ ငါတို့ဆရာမက ပေစုတ်စုတ် ရယ်'

'သေချာပါတယ်ဟဲ့ တို့ဆရာမပါ'



www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ပါဘူးဆို'

ကလေးတွေက အဝေးကတည်းက လှမ်းမြင်ပြီး ငြင်းနေကြတယ်။ ဟုတ်တော့လည်း ဟုတ်တယ်။ ခါတိုင်းဆို ညှင်းသိုးသိုးပေစုတ်စုတ်ရယ်။ အခုမှ ပြင်ထားတော့ မမှတ်မိဘူး ဖြစ်နေကြတာ။ အနားရောက်မှ မျက်လုံး အဝိုင်းသားလေးတွေနဲ့ ကြည့်နေကြတော့ ပြုံးပြီး…

'ဟယ်… ဒီနေ့ တယ်လည်း ဝီရိယရှိနေကြပါလား၊ အစောကြီး ရောက်နေကြတယ်ပေါ့'

'ဟုတ်ကဲ့ပါ၊ ဒါ သားတို့ဆရာမ အစစ်ပါနော်'

'အဲ… ဟင်း… သားတို့ဆရာမပါကွယ်၊ ကဲ… လူစုံပြီလား'

'ဟုတ်ကဲ့ပါ ဆရာမ'

'ဒါဆို စကြမယ်'

တအံ့တသြ ကြည့်နေကြတဲ့ ကလေးတွေကို ပြုံးပြီးပြောလိုက်တယ်။ အံ့သြတာလည်း အပြစ်မဆိုသာပါ။ ခါတိုင်းဆို ရုပ်တည်နဲ့ ရောက်လာပြီး ငေါက်ငမ်းနေတာရယ်။ မျက်နှာမှာလည်း အပြုံးဆိုတာ မရှိသလောက်ပဲ။ ဒါနဲ့ ကျောက်သင်ပုန်း၊ ကျောက်တံတွေထုတ်ပြီး ကလေးမလေးက သူ့ဆားက ကောင်လေးကို…

'ဟဲ့… ဆရာမက ချောလည်းချော သဘောလည်းကောင်းလာတယ်နော်'

'အေး… ဟုတ်တယ်ဟဲ့'

ပြောနေတဲ့စကားတွေကို မကြားယောင်ဆောင်နေလိုက်တယ်။ မျက်နှာက ပြုံးနေလေရဲ့။ ပြုံးနိုင်ပြီပေါ့။ ကလေးတွေကို စာလေးတစ်လုံးနှစ်လုံး သင်၊ အလွတ်ကျက်၊ အလွတ်ရေးခိုင်းပြီး သူကတော့…

စာသင်ကျောင်းသာ ပြောတာပါ၊ အိမ်လေးပါပဲ။ ခပ်နိမ့်နိမ့် အခန်းမဖွဲ့ဘဲ ပျဉ်ခင်းပျဉ်ကာထားပြီး ရှေ့တစ်မျက်နှာဖွင့်၊ စားပွဲကုလားထိုင်နဲ့ ဘာလက်ဘုတ် တစ်ချပ်သာ။ ကျောင်းသားတွေကတော့ ခုံတန်းလေးတွေနဲ့ အယောက် သုံးဆယ်လောက်ရှိတာရယ်။



www.burmeseclassic.com

www.burmeseclassic.com



'ကဲ... ဒါတွေကို အလွတ်ကျက်ပြီး ရေးထား၊ မှားရင်သိတယ်နော် ဟွန်း...'

'ဟုတ်ကဲ့ပါ ဆရာမ'

'ကဲ... လုပ်စရာရှိတာ လုပ်ကြ၊ ခဏနေပြန်လာခဲ့မယ်၊ ဟဲ့... မဆော့ကြနဲ့နော်'

'ဟုတ်ကဲ့ပါ'

ထုံးစံအတိုင်း စာနည်းနည်းသင်ပြီး အလွတ်ကျက်ခိုင်းကာ ထွက်လာခဲ့တယ်။ ကလေးတွေက စာကျက်ရင်း ကျန်ခဲ့လေရဲ့။ ကျောင်းနဲ့အောင်သင်းတို့အိမ်က သိပ်မဝေး။ လေးငါးအိမ်လောက်ပဲ ခြားတာရယ်။ ရွာလယ်လမ်းက ကျယ်တယ်။ ခြံစည်းရိုးကို အခိုင်အမာ သစ်နဲ့ကာထားတယ်။ တော်ရုံ ဘယ်လိုမှဝင်မရ။ ရွာပတ်လည်လည်း ဒီအတိုင်းပဲ။

'ဟော... ဆရာမလေး ဘယ်လဲကွယ့်'

'ဪ... ဒီနားတင်ပါ အမေ'

'ဪ'

ဒီအချိန် ရွာထဲ လူက သိပ်မရှိ။ လက်ဖက်စိုက်ခင်းတွေ၊ အာလူးတွေ၊ ပဲပုပ်ပင်တွေနဲ့ တောင်ယာထဲ နပမ်းလုံးနေကြတော့ ရွာထဲ သက်ကြီးရွယ်အိုနဲ့ ကလေးပဲ ကျန်တာရယ်။ လှမ်းမေးတဲ့ အမေကြီးကို ပြန်ဖြေပြီး သုတ်ခြေတင်တော့တာ။

'အံမယ်လေး အမေသိလို့ကတော့ မိုးမီးလောင်တော့မှာ၊ တော်သေးတာပေါ့ ဒီအသွားကြီးက ဘယ်သူမှမသွားလို့ ဟူး...'

တစ်ယောက်တည်း ရင်မောနေရတာရယ်။ ဟုတ်တယ်လေ၊ စည်သူ့ကိုလည်း လူမြင်လို့မဖြစ်တော့ သူပဲ သွားရတယ်။

ဟိုနေ့က ရွာထဲဝင်လာတုန်းက ဘယ်သူမှ မသိသလို အခုလည်း ဘယ်သူမှမသိအောင် ဖွက်ထားရတာ။ အောင်သင်းကိုလည်း အကောင်းစည်းရုံးထားရတယ်။ တော်သေးတာပေါ့။ သူ့အဖေနဲ့က သူငယ်ချင်းအရင်းကြီးဆိုတော့။



www.burmeseclassic.com

www.burmeseclassic.com



'ဟော… ကြည့်… လာတာနောက်ကျလိုက်တာကွာ'

'ဒီမှာ ကလေးတွေက တစ်ဖက်နဲ့လေ'

'မှာ… ငါ့ဟာလေးက ဒီနေ့တယ်လှပါလား၊ အဟဲ… လာပါဦး အနားကို'

'အဟမ်း'

'အဲ… ဟိုမှာ ဦးလေးအောင်သင်း ကြည့်နေတယ်'

'ဟာ… ကြည့်ကြည့်ကွာ၊ ဟွန်း… သူနဲ့က အကြောကို မတည့်တာ'

'ဟယ်… ဒီလိုမပြောပါနဲ့ စိတ်ရင်းကောင်းပါတယ်'

မလှမ်းမကမ်းကနေ ပေစောင်းစောင်းကြည့်ပြီး တူမီးသေနတ်ကို စိမ်ပြေနပြေ တိုက်နေတဲ့အောင်သင်းက သူတို့နှစ်ယောက် လူချင်းနီးတာနဲ့ စွေကြည့်ပြီး ချောင်းဟန့်တာရယ်၊ ဒါနဲ့ နှစ်ယောက်သား အိမ်အောက်က တန်လျားထိုင်ပြီး အလွမ်းသယ်နေကြလေရဲ့။

'ကြည့်စမ်း… ဒီနေ့အရမ်းလှတယ်၊ အင်း… စိတ်တောင်မချတော့ဘူးကွာ'

'အဟင်း… ဟုတ်လို့လား၊ ရန်ကုန်ကဟာတွေက ပိုလှပါတယ် လာမဖောနဲ့နော် ဟွန်း'

'ဟာကွာ… တကယ်ပြောတာ၊ ယုံဘူးလား'

'ဟွန်း'

လှတယ်ပြောဟော့ အသံပါနွဲ့ပြီး ချွဲလာတော့တာ။ ဒါနဲ့ အနားကပ်ပြီး မျက်နှာချင်းကပ်ရုံရှိသေးတာ အောင်သင်းဆီက ချောင်းဟန့်သံထွက်လာလို့ ကိုယ်ရှိန်သတ်လိုက်ရတော့တာ။ တင်းလည်း တင်းသွားတယ်။

'ဘယ့်နှယ်ဟာကြီးလဲ အလိုက်ကန်းဆိုးကို မသိဘူး'

'အဟီး… ခစ်… ဒါပဲကောင်းတာ၊ ကိုက လွယ်တာမဟုတ်ဘူး အဟင်း… ကောင်းတယ်'

'ဟာကွာ… တောက်'



www.burmeseclassic.com

www.burmeseclassic.com



ကြိတ်မနိုင် ခဲမရ ဖြစ်နေတာရယ်။ တော်တော်ကြာကြာ စကားတွေ ပြောနေကြတာ မကျန်နိုင်တော့ဘူး။ ခဏဆိုပြီး ထွက်လာတာ နောက်ပိုင်းက ကလေးတွေကို မေ့နေတာလေ။ ဖြစ်နေတာ ပြောပါတယ်။ အောင်သင်းက ပေစောင်းစောင်းနဲ့ ထလာပြီး…

'ဟဲ့ကောင်မလေး… နင် စာသင်နေတာမလား သွားတော့လေ၊ ကြာနေပြီ'

'ရပါတယ် ဦးလေးရဲ့'

'ရပါတယ်မလုပ်နဲ့၊ တော်ကြာ နင့်အမေသိမှ မိုးမီးလောင်နေမယ် ပြန်တော့'

'ဟာ… ဦးလေးကလဲ'

'ဦးလေးကလဲ မလုပ်နဲ့၊ နင့်အမေနဲ့တိုင်မှာနော်၊ တော်ရုံဆို တော်ပြီပေါ့ ဟွန်း…'

'ဒါဆိုလည်း ပြန်ပြီ၊ ကို သွားပြီနော်၊ နောက်နေ့မှ'

'အဟင့်… အင်း'

'ဟွန်း'

'မင်းလည်း ကြပ်ကြပ်သတိထား၊ ဟွန်း…'

ဟိုဟာလေးက မျက်စောင်းထိုးကာ ခြေဆောင့်ပြီး ဆောင့်ဆောင့် ဆောင့်ဆောင့်နဲ့ ပြန်သွားတော့ အောင်သင်းက မျက်နှာငယ်လေးနဲ့ ငေးနေတဲ့ ညီသူ့ကို ကြိမ်းတော့တာရယ်။

●



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

ပေတိုးနဲ့ လူဆယ်ယောက် တောင်ကြောပေါ်ကနေ ဖြတ်ပြီး လာနေတယ်။ အကောင်းလာတာ မဟုတ်ဘူး။ ဆရာမလေးကို သွားတွေ့မလို့တဲ့လေ။ ကိုယ့်ဘာသာကိုယ် အေးအေးမနေချင်တာ။

ရွာနဲ့ မနီးမဝေးရောက်ရော ဟိုဘက်တောင်ကြောကနေ ဝေမိုးတို့အဖွဲ့က ဆင်းလာပြန်တယ်။ ဒါနဲ့ နှစ်ဖွဲ့ထိပ်တိုက်တွေ့တော့ နှစ်ယောက်လုံး ရှုံ့မဲ့သွားကြတော့တယ်။ ဟုတ်တယ်လေ တမင်ချိန်းထားသလား ထင်ရတာ။ ဒါနဲ့ တစ်ဘက်နဲ့တစ်ဘက် မျက်ခြည်မပြတ်ကြည့်ပြီး ပေတိုးက…

'တောက်… မင်္ဂလာယူမယ့်အချိန် ဘယ့်နှယ်အမင်္ဂလာတွေနဲ့ လာတွေ့နေပါလိမ့်'

'ဘာကွ'

'အပွင်း… ဟုတ်တော့လည်း နာတာပေါ့၊ ဟေ့ကောင် မင်းက ဒီကို ဘာလာလုပ်တာလဲ၊ ဟင်း… ဟင်း… မမှတ်သေးဘူးလား ဟင်'

'ဟွန်း… ဘာလို့မှတ်ရမှာတုံး'

နှစ်ယောက်သား လမ်းလယ်ခေါင် ရပ်ပြီး ယောကျ်ားကြီးတွေနဲ့မဲ့ ခါးထောက်ပြီး ရန်တွေ့နေကြတာလေ။ ပေတိုးက ခါးထိုးထားတဲ့ခြောက်လုံးပြူးကို မြင်သာအောင် ပြတော့ ဝေမိုးက မခို့တရို့ပြုံးပြီး…

'နေပါဦး မင်းက သေနတ်ကြီးခါးချိတ်ပြီး ပစ်ရော့ပစ်တတ်လို့လား'

www.burmeseclassic.com



'ဘာကွ'

'အဟား… ရယ်ရတယ်၊ မင်းက သေနတ်ခါးချိတ်ထားလို့လားမသိဘူး၊ လမ်းလျှောက်တာ တခြမ်းရွဲ့နေတယ်၊ အဟား ချိတ်မနေပါနဲ့ကွာ၊ အလကား လေးပါတယ် ဟား ဟား'

'တောက်… သိကြသေးတာပေါ့ကွာ'

ပေတိုးလည်း တင်းသွားတော့တာ။ ဒါနဲ့ ခါးက ခြောက်လုံးပြူးကို ဆွဲထုတ်ပြီး ကောင်းဘွိုင်စတိုင် နွဲ့တဲ့တဲ့နဲ့ ဟိုလျှောက်ဒီလျှောက် လျှောက်တာ လမ်းသလားပြနေတော့ မင်းမောင်က မနေနိုင်တော့ဘူးရယ်။

'ဆရာ ဘာလုပ်နေတာလဲဟင်'

'မင်းမသိပါဘူး၊ ဒီကောင့်ကို ငါဘယ်လောက် လက်ဖြောင့်တယ်ဆိုတာ ပြဖို့ ပစ်မှတ်ရှာနေတာ'

'ဗျာ'

'ဟား ဟား ရယ်ရတယ်ဟေ့'

ဒါနဲ့ ဝေမိုးနဲ့ သူ့လူတွေက ထရယ်ကြပါလေရော။ ပေတိုးနဲ့ သူ့လူတွေ တင်းသွားလေရဲ့။ ဒီအချိန်မှာပဲ မနိမ့်မမြင့်ကနေ ငှက်တစ်ကောင် ဖြတ်ပျံတယ်။ အဲဒီငှက်ရဲ့ အတော်ဝေးဝေးမှာက သုံးကောင်အုပ်တစ်အုပ်။

'အဟား… တွေ့ပြီပေါ့ကွာ၊ မမြင်ဖူးရင် ကြည့်ထားကြ'

'ဟား ဟား ထိဦးမှာ'

'ကဲ'

'ဒိုင်း ဒိုင်း'

'ဟင်… လွဲပဟ'

'ဟား ဟား ဟား'

သေနတ်ကို မနိုင်မနင်းမပြီး ပစ်လိုက်တာ ငှက်ကတော့ ပျံလျက်ကနေ တွန့်တောင်မသွားဘူးရယ်။ ဒါနဲ့ ထရယ်ကြပါလေရော ပေတိုးတို့အဖွဲ့ မျက်စိမျက်နှာကို ပျက်နေတော့တာ။

'ဝါး ဟား… ရယ်ရတယ်ဟေ့'



www.burmeseclassic.com

www.burmeseclassic.com



'ဘုတ်… ဘုတ်'

'ဟင်… ဘာတိုးဟ'

'ဟာ… နှစ်ကောင်တောင်ဟ… အမာ… အဟုတ်…'

'ဟား ဟား တွေ့တယ်မဟုတ်လားကွ၊ ငါ့လက် ဘယ်လောက် တည့်တယ်ဆိုတာ သိကြပြီလား'

'ဟွန်း'

ငှက်နှစ်ကောင် ပြုတ်ကျလာလို့ ဝေမိုးတို့ အံ့ဩသွားတယ်။ ဒီတစ်ခါ ပေတိုးတို့က ခွက်ခွက်လန် ရယ်ပါလေရော။ ဟုတ်တယ်လေ၊ ပစ်တာ ဘယ်အကောင်ရယ်ပြောပြီး ပစ်တာမှ မဟုတ်တာ၊ ထိချင်တဲ့အကောင် ထိမပေါ့'

'တောက်… ဟိုငှက်နှစ်ကောင်က ရှောင်လိုက်တယ်ထင်ပ ဟွန်း'

'ဆရာ… ဆရာက ဘာကိုပစ်မှာလဲ၊ အရှက်တော့ ကွဲပြီထင်တယ်'

'ဟာ… မင်း အသာနေစမ်းပါ၊ ဟင်း ဟင်း…'

ဆရာတပည့်နှစ်ယောက် တိုးတိုးကျိတ်ကျိတ်နဲ့ တိုင်ပင်နေကြတာ လေ။ ဝေမိုးက ဘာရယ်တော့မဟုတ် နည်းနည်းတော့ လန့်သွားတယ်။ ဒါနဲ့ အရှက်ပြေ တဟင်းဟင်းရယ်ကာ သေနတ်ကိုထုတ်ပြီး အပေါ်ကို ဟိုမော့ ဒီမော့နဲ့ကြည့်တော့ ငှက်တစ်ကောင်တလေမှ မတွေ့တာနဲ့…

'ဟာ… ငှက်ကလဲ ဖြတ်မပျံတော့ဘူးကွာ၊ တောက်… ပစ်ချင်တာ လက်ကို ယားနေကာမှ'

'ဟွန်း… ထိမှာကျနေတာပဲ'

'အေးလေ…' ဟား ဟား တို့ဆရာကမှ တော်တာ၊ ထိအောင် ပစ်နိုင်တယ်'

'မင်းတို့ပါးစပ်တွေ ပိတ်ထားကွ၊ ငါ့ဆရာက ပစ်မှတ်စောင့်နေတာ'

'ဟင်း ဟင်း… ပြောပြလိုက်စမ်းဘာ ဟွင်း…'

ပါးစပ်ကသာ ဖိန့်နဲ့ပြောနေတာ စိတ်ထဲမှာတော့ ငှက်တွေ ဒီနားက ပျံပါစေနဲ့ ဆုတောင်းနေတာရယ်။ မျက်လုံးပါပြူး၊ ချွေးပါပျံပြီး စောင့်နေ



www.burmeseclassic.com

www.burmeseclassic.com



တာ တော်တော်ကြာတဲ့အထိ ငှက်မပြောနဲ့ ပုစဉ်းတောင် ဖြတ်မပျံဘူး။ ဒါနဲ့ သေနတ်ကို ခါးပြန်ထိုးကာ…

'အင်း… ငှက်ပစ်ရတာ ပျင်းစရာကောင်းပါတယ်ကွာ၊ တစ်ကောင်မှ မလာရဲဘူးလေ၊ မလာရဲဆို ငါ့ကို လန့်ကြတာကိုးကွ၊ အဟွင်း…ဟွင်း'

'ဟွန်း… သူ့ပဲအမျိုးမျိုး'

'အဟဲ'

စေမိုးက ရုပ်တည်နဲ့ပြောပြီး ရယ်နေတော့ ပေတိုးက စွေကြည့်တယ်။ ဟုတ်တယ်လေ အသားလွတ်လာကြွားနေတာကိုး။ စေမိုးက ဆက်ပြောလည်းပြော၊ ရှေ့ကနေ ရွာဘက်ကို သွားမယ်လုပ်တယ်'

'ကဲ… နောက်ကြုံမှ ငါ လက်တည့်ကြောင်း ပြမယ်၊ အခုတော့ အသည်းလေးဆီ သွားလိုက်ဦးမယ်'

'ဘာကွ'

'ဟာ ဟော့ကောင်… ဘာလုပ်တာလဲ၊ ငါ့ဟာငါ သွားမလို့၊ ဖယ်စမ်း… ဖယ်နော်…'

'ဖယ်ဘူးကွာ၊ မင်း ဟိုတစ်ခါ ရှုံးထားတုန်းက ဘာပြောထားလဲ၊ ရွာနားတောင် မလာဘူးဆို'

စေမိုး ရှေ့ကနေပိတ်ရပ်ပြီး လင်ပါသားလိုဟောက်တော့ ဟိုကလည်း မခံ မယားပါသားလို ရန်ပြန်တွေ့တယ်။

'ဟာ… အရင်တစ်ခါ ငါနိုင်တုန်းကလည်း မင်း ရွာထဲခိုးဝင်တာ ငါမသိဘူး မင်းထင်နေလား ဟွန်း… ကျေပြီ လာ…အတူတူသွားကြမယ်'

'မသွားနဲ့'

'သွားမယ်ကွာ'

'ငါအရင်သွားမယ်'

'ငါရှေ့က သွားမယ်'

ဒါနဲ့ နှစ်ယောက်သား ကလေးတွေ ထုပ်စည်းတိုးသလို တစ်ယောက်ကရှေ့ကျော်တက်ပြီး တားလိုက်၊ တစ်ခါ တစ်ယောက်က ကျော်တက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နဲ့တစ်ယောက် ကျော်တက်ဖြတ်တက်နဲ့ နှစ်ယောက်သား ရွာအက်ကို ခဏလေး ရောက်သွားတော့တယ်။ မင်းမောင်နဲ့ ဒေဝလည်း တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး…

'ဟာ… ငါတို့ဆရာနှစ်ယောက် မကြီးမငယ်နဲ့ အကြောထနေကြတယ်'

'အေးလေ… ရွာထဲမှာ အပျိုတွေအများကြီးကို'

'ဟုတ်ပ၊ ရောဂါက အတော်ကျွမ်းနေတာရယ်၊ အေးလေ မမြင်ဘူးတော့လည်း ဒီလိုပေါ့'

'ဟုတ်ပါ့ လာ လိုက်သွားကြမယ်'

'အင်းလေ'

ဒါနဲ့ပဲ အဖွဲ့နှစ်ဖွဲ့က အတူပေါင်းပြီး မတည့်တာကို မေ့ကာ ရွာအက်လိုက်သွားကြလေရဲ့။ အစကတည်းက ဆရာလုပ်တဲ့သူတွေမတည့်လို့ သူတို့လည်း မတည့်ကြတာ။ ဆရာတွေမပါလို့ကတော့ လည်ပင်းဖက်ပြီး အရက်တစ်ဝိုင်းတည်းထိုင် သောက်ကြတာရယ်၊ အဲ့သလိုတွေလေ။

*

စည်သူ အိမ်ပြတင်းပေါက်ကနေ အပြင်ကိုငေးရင်း တွေးနေတယ်။ ဘယ်မှလည်း မသွားရ၊ ဘာမှလည်း မလုပ်ရ။ အောင်သင်းကလည်း ရှက်ခြည်အပြတ်မခံ ကြည့်နေတာရယ်။

'အခုမှပဲ အကျယ်ချုပ်နေပါလား ဟွန်း… တွေ့ဦးမယ် ခိုးပြေးပြီးမှ… ဟင်…'

တစ်ယောက်တည်း ပွစိပွစိပြောရင်း လှေကားထိပ် ထိုင်မယ်လည်း လုပ်ရော ရွာထဲကို လူကြီးတစ်ယောက်နဲ့ ကလေးလူကြီးတစ်ယောက် အလှအယက်ဝင်လာကြပါလေရော။

'ဟော့ကောင်… ငါအရင်သွားမှာ'

'ငါရင်သွားမှာဆို'



www.burmeseclassic.com

www.burmeseclassic.com



'ဟာ… ဘာတွေလဲဟ'

'ဟင်'

သို့လောသို့လောနဲ့ ထိုင်ငေးနေတုန်း အောင်သင်းက ဂုတ်ကနေ အိမ်ထဲ အတင်းဆွဲသွင်းတယ်။ ဟိုနှစ်ယောက်ကတော့ ဓာနဲ့မို့ မမြင်ဘူး ရယ်။

'ဟာ… ဟော့ကောင်… လာစမ်း'

'ဟင်… ဘာလဲ… ဖြည်းဖြည်းလုပ်ပါ'

'ဟွန်း… မင်းသေမှာစိုးလို့ ဆွဲတာ၊ အံမယ် ကျေးဇူးကန်းတယ်ပေါ့ လေ၊ အဲဒီနှစ်ယောက်က ဘယ်သူတွေထင်လို့တုံး'

'ဘယ်သိမလဲဗျ'

'ဟွန်း'

တင်းပြီး ပြန်ပဟံတော့ အောင်သင်းက ခွေကြည့်ကာ တော်တော် ထူတဲ့ကောင်ဆိုတဲ့အကြည့်နဲ့ ကြည့်ပြီး ပြောတော့ မျက်လုံးပါပြူးသွားတာ။

'မှတ်ထား… ကျားကြီးပေတိုးနဲ့ နဂါးကြီးဝေမိုးဆိုတာ သူတို့နှစ် ယောက်ပဲ'

'ဗျာ… ဟွန်… ဒါက ဓားပြဗိုလ်တွေဟုတ်လား'

'ဟုတ်တယ်'

'ဟင်… အဟား… ရယ်ရတယ်၊ ပြောတော့ ကျားလေးနဂါးလေး နဲ့ ကလေးမဟုတ်ဘဲ ဟိုမှာတွေ့လား ထုပ်စည်းတိုးနေကြတာ ဟား ဟား ဟား'

'ဟွန်း… မင်းက တော်တော်အတာကိုး'

'လာပြန်ပြီတစ်ယောက်'

'မင်းက ဆော့တယ်ထင်တယ်ပေါ့ ဟွင်း ဟွင်း'

'ဟုတ်တယ်လေ၊ တွေ့ဘူးလား'

'မင်းကို အံ့သဟာကြောင့် ထူလို့ပြောတာ'

'ဟာ… လာပြန်ပြီ'



www.burmeseclassic.com

www.burmeseclassic.com



'မလာနဲ့… သူတို့ဘယ်သွားတယ်ထင်လဲ'

'ဪ… ဘယ်သိမှာတုံး'

'မင်းကောင်မလေးဆီ သွားတာ'

'ဗျာ… ဒါ… ဒါ…'

'ဟုတ်တယ်၊ မင်းတော့ မလွယ်ကြောပဲ'

'ဟာ… မဖြစ်ဘူး ဒါဆိုလိုက်မှ'

'ဖြစ်မလားဟ မင်းသေမှာပေါ့၊ နေပါ ကိုယ့်ဘာသာ'

'ဖယ်ဗျာ ဘာလို့မဖြစ်ရမှာလဲ၊ ဒီနှစ်ယောက်လောက်ကတော့ အေးဆေးပါ၊ ကျွန်တော်က ခါးပတ်နက်ရထားတာ'

'အဟွင်း… ဟိုမှာကြည့်ပါဦး'

'ဟင်'

ဒါနဲ့ လှမ်းကြည့်လိုက်တော့ သေနတ်လွယ်ပြီးလာကြတဲ့လူတွေ နည်းတာမဟုတ်ဘူးရယ်။ ဒါနဲ့ မျက်လုံးပါပြူး၊ ပါးစပ်ပါပြဲပြီး ငုတ်တုတ်မေ့သွားပါရောလား။ အောင်သင်းက ဆွဲထားတဲ့အင်္ကျီကိုလွှတ်ပြီး…

'အဟား ပြောတော့ ခါးပတ်နက်ဆို၊ အနက်ကနေ ကွက်ဖြစ်သွားပြီမို့လား ဟား ဟား'

'ခင်ဗျားကြီးက ကျုပ်ကို ပြောင်တယ်ပေါ့လေ'

'မပြောင်ရဲပါဘူးဗျာ၊ ဟား ဟား ဟား…ကဲ နေခဲ့ဦး၊ မသွားရဲရင် ငါကိုယ်တိုင် ငါ့တူမကို သွားကြည့်လိုက်ဦးမယ်'

'တောက်… ဟင်း… ငါနော်'

ဟိုက ခနဲ့ပြီး စာသင်ကျောင်းဘက်သွားတော့ တစ်ယောက်တည်း ထိုင်ကျန်ခဲ့လေရဲ့။ ဟုတ်တယ်လေ၊ ခါးပတ်နက်ကာမှ နက်ရော နှစ်ကွက်ယောက်အကြောပေးပြီး ပြေးပါပြေးခိုင်းလို့ ရသေးတာ။ ဒါပေမဲ့ ဟိုက သေနတ်နဲ့လေ။ ဒါနဲ့ စိတ်ကိုလျှော့ပြီး လဒမှိုင် မှိုင်နေလေရဲ့။

*



www.burmeseclassic.com

www.burmeseclassic.com



'ဟင်… လာပြန်ပြီ နှာဘူးကြီးတွေ၊ ဟင်… နှစ်ယောက်တောင်ဟဲ့ … အမယ်ကြီး'

'အဟဲ'

'အဟီး'

ကျောင်းခြံထဲ ဝင်လာတဲ့ ပေတိုးကိုတွေ့တော့ ပွစိပွစိနဲ့ မေတ္တာပို့နေတုန်း အပြုံးကိုယ်စီနဲ့ သွားအတင်းဖြဲပြီး နောက်က ဝေမိုးပါ လိုက်ဝင်လာတာမြင်လို့ မျက်လုံးပါပြူး၊ ပါးစပ်ပါ ပြဲပြီး လန့်သွားလေရဲ့။ ဒါနဲ့ ကြံရာမရတဲ့အဆုံး ဂျူးဂျူးလည်း ရုပ်တည်နဲ့ ထိုင်နေလိုက်တော့တယ်။ ပေတိုးက အဝင်ဝကိုပိတ်ပြီး မသိယောင်ဆောင်ကာ…

'အဲဟဲ… ဆရာမလေး နေကောင်းတယ်နော်၊ ဒီနေ့မှ ပိုလှလာသလိုပဲ အဟုတ်…'

'ဟာ… ဟကောင် ဖယ်… ငါ့အထဲဝင်မလို့'

'ဟာ… ဘာလို့ဖယ်ရမတုံး မဝင်ရပါဘူး ဟွန်း'

'ဖယ်ဆို … မင်းဖယ်နော်'

'ဟာ… ဖယ်ဘူးကွာ'

'ဟာ… မဖယ်…အင်းဟာ'

'ဖုန်း'

'အမငီး… ကျိုးပါပြီဗျ၊ အီးညှော်င့်ရိုး'

'ဟား… ဟား ဒီဦးကြီးနှစ်ယောက်က ရယ်ရတယ်ဟ'

'ဟာ… အေးဟ… မားပြုရုပ်နဲ့ ကလေးလုပ်နေကြတယ်'

ဘယ်လိုမှ ဖယ်ခိုင်းလို့မရတာနဲ့ ရင်ဘတ်ကို ဆောင့်တွန်းလိုက်တာ ဖင်ထိုင်ရက်ကြီးကျပြီး သကာလ ဖင်ပွတ်ပြီး အော်နေတာရယ်။ ဒါ… ကလေးတွေက အကြောက်အလန့်မရှိ ဝိုင်းရယ်ကြပါလေရော။ နှစ်ယော… သား စားမာန်ထနေကြတာ ပြောပါတယ်။

'ဟွန်း…မှတ်ပလား'

'ဟီး…ကျွတ်…သေပါပြီ'



www.burmeseclassic.com

www.burmeseclassic.com



'ရှင်တို့နှစ်ယောက် ဘယ်လိုဖြစ်နေတာတုံး၊ ဒီမှာစာသင်နေတာ နားမလည်ဘူးလား ဟွန်း…'

'အမ်'

'ဟွန်း… လူလိုကို နားမလည်တာ'

'အီ'

ရုပ်တည်နဲ့ နှစ်ယောက်လုံးကို မျက်စောင်းဖောဖောသီသီထိုးကာ ခွတ်ဟောက်တော့တာ။ ဟုတ်တယ်လေ ခုပဲ ကလေးတွေကို စာကျက်ခိုင်းပြီး စည်သူ့ဆီသွားမလားမှတ်တယ်။ အခုတော့… တွေးရင်း ဒေါကန်လာတာရယ်။ ပေတိုးတို့နှစ်ယောက်က မျက်နှာသေလေးတွေနဲ့ မယားငယ်မမိုင်နေတဲ့ မျက်နှာလေးလို ဖြစ်အောင်ပြင်လိုက်ပြီး ပေတိုးက…

'ဆရာမလေးရယ် ခွင့်လွှတ်ပါ၊ ဆရာမကိုတွေ့ရင် ဘာကိုမှ သတိမရတော့လို့ပါပဲ'

'ဟုတ်ပါတယ်၊ သူပြောသလိုပါပဲ'

'ဟွန်း'

'အခု ဆရာမက ပိုလှလာတော့ ပိုဆိုးတာပေါ့ အဟဲ'

'ဟုတ်ပါတယ် သူပြောတဲ့အတိုင်းပါပဲ'

'ဟင်'

ပေတိုးက ဝေမိုးကို စွေကြည့်တယ်။ ဟုတ်တယ်လေ၊ ကိုယ့်ဟာကိုယ်မပြောဘဲ ကော်ပီကူးချနေတာကိုး။ ဟိုဟာလေးကလည်း သူတို့နှစ်ယောက်ကိုကြည့်ပြီး ရယ်ချင်နေတာရယ်။ ဒါပေမဲ့ ရုပ်တည်နဲ့ပဲ ကြည့်နေလိုက်တယ်။

'ဆရာမကိုတွေ့တော့လေ ဟိုပုံပြင်ထဲက ဟိုဒန္တီကို ဟိုမင်းကြီးတွေ့သလို ပေါ့ကြောင်ကြောင်ဖြစ်သွားတော့တာ အဟဲ'

'ဟုတ်ပါတယ်၊ သူပြောတာနဲ့ တစ်ထပ်တည်းပဲ'

'ဟင်းနော်… ဟွန်း'

'ဆရာမရယ် တကယ်ပါ၊ ဆရာမကိုမှမရရင်လေ ကိုဘာရှိဆိုလဲ



www.burmeseclassic.com

www.burmeseclassic.com



သူ့လို အဆိပ်သောက်ပြီး သေမှာ၊ ပြီးတော့လေ ဘာယက္ခဆိုလဲ သူ့လို ပါးစပ်ထဲထည့်ပြီး အဟီး… ဂလု… ငုံထားချင်တာ၊ အဟီး… ပြောရတာ အားပါလိုက်တာ'

'ဟုတ်ပါတယ် ဆရာမရယ် သူပြောတဲ့အတိုင်းပါပဲ'

'ဟော့ကောင်… ငါတင်းလာပြီကွ နော်'

'ခစ် ခစ် ခစ်'

'အဟီး… ဘာဖြစ်လို့လဲဟ'

ဒီတစ်ခါတော့ မရတော့အူးရယ်။ မျက်လုံးကြီးပြူးပြီး အတင်းအော်တယ်။ ဒါနဲ့ ဆရာမလည်း မနေနိုင်တော့ဘူး။ ထရယ်တော့တာ။ ဝေမိုးလည်း ပါးစပ်ပြိုပြိုနဲ့မေးတော့ ဟိုက စားမတတ် ဝါးမတတ်ကြည့်ပြီး…

'ဘာလို့လဲ ဟုတ်လား… မင်းဘာသာမပြောဘဲ ဘာလို့ ငါ့စကားလိုက်ကူးချတာလဲ'

'ဩော… ဒါလား… ငါပြောချင်တာနဲ့ တစ်ထပ်တည်းမလို့လေ'

'ဟွန်း… တောက်… ငါနော်'

ဒီအချိန်မှာပဲ သေနတ်တွေ လွယ်ထားတဲ့လူတွေ ရောက်လာတော့ ကလေးတွေလည်း လန့်ကုန်တော့တာရယ်။ ဒါနဲ့ အတင်းမော်င်းထုတ်ရတော့တာ။

'ကဲ… ရှင်တို့ ဘယ်လိုဖြစ်နေကြတာလဲ၊ ပြောစရာရှိတာ နောက်မှပြော၊ ဒီမှာစာသင်မရတော့ဘူး၊ ပြန်ကြတော့'

'အဟင့်… ရက်စက်လိုက်တာ ဆရာမရယ်'

'အဟင့်… မင်းပြောသလိုပဲ'

'မင်းကို ငါပြောတာ လိုက်မပြောနဲ့လို့ ပြောတယ်မလား….အဟီး'

'ဟုတ်တယ်လေ…အဟင့်'

'ဒါဖြင့် ဘာလို့လိုက်ပြောလဲကွ'

'ငါလည်း မင်းလိုပဲ အဟင့်… ငိုချင်လာပြီ အီး…'

'မင်းပြောတာနဲ့ ငါပါ ငိုချင်လာပြီ အဟင့်…'



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား ရုပ်ကြမ်းကြီးတွေနဲ့ နွှဲနေကြတာရယ်။ ဒါနဲ့ ဆရာမ ဂျူးဂျူးလည်း အမြင်ပါကတ် ခါးပါထောက်ပြီး…

'ကဲ… ပြန်ကြတော့ ဆို၊ ကျွန်မ စိတ်ဆိုးလာပြီနော်'

'အဲ… စိတ်တော့ဆိုးပါနဲ့ ဆရာမရယ်၊ ပြန်ဆိုရင် ပြန်ပါ့မယ်၊ လာ…ဟကောင် ပြန်ကြမယ်'

စိတ်ဆိုးမယ်ဆိုတော့ ပြာပြာသလဲနဲ့ ဝေမိုးလက်ကိုအတင်းဆွဲပြီး အဖော်ညှိသေးတာ။ ဟိုကလည်း အခြေအနေမဟန်မှန်းသိတော့ ကုပ်ဖေးဖေးနဲ့ သူတို့လူတွေကိုခေါ်ပြီး ပြန်သွားလေရဲ့'

'ဟွန်း… ဘယ်လိုဟာတွေလဲမသိဘူး ရှုပ်ကိုရှုပ်တယ်၊ ကဲ… စာဆက်သင်မယ်'

'ဟုတ်ကဲ့ပါဆရာမ'

ပေတိုးတို့ ထွက်သွားမှ ကျောင်းဘောင်းသစ်ပင်နောက်ကနေ ချောင်းနေတဲ့ အောင်သင်းလည်း မသိမသာနဲ့ အိမ်ဘက်ပြန်လာခဲ့တော့တယ်။

●



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄)

'ဟား ဟား ရယ်ရတယ် သိလား ကိုရယ် အရမ်းပဲ'

'မင်းကသာ ရယ်နေ၊ ငါ့မှာတော့ ဘယ်လိုလုပ်လို့ လုပ်ရမှန်းမသိ ပဲ့အကောင် မီးခဲကိုင်ရသလိုပဲ'

'ခစ် ခစ် ခစ် ကိုကတော့ လုပ်ပြီ'

'ဟင်း... အချစ်ရာ ကိုတို့သွားကြရအောင်လေ'

'ဘယ်ကိုသွားမှာလဲ'

'ဟာကွာ...လုပ်ပြီ'

ဒါနဲ့ ကောက်သွားတော့တာ။ ဟုတ်တယ်လေ ဒီလိုဒေသမျိုးမှာ ကြာကြာမနေချင်ဘူးရယ်။ အောင်သင်းနဲ့ကလည်း သိပ်အစေးကပ်လှတာ ရယ် မဟုတ်ာ။ ဟိုဟာလေးက သက်ပြင်းကိုချပြီး...

'ဖေဖေက ပြောတယ်၊ ဒီည ခိုးပြေးတော့တဲ့'

'ဟင်... ဒဂယ်'

'တကယ်ပေါ့'

ဝမ်းသာလုံးဆို့ပြီး စကားတောင်မပီတော့။ ဒါနဲ့ ဘားဘီကို ကြည့် တယ်။ ဒီတစ်ခါတော့ အောင်သင်းကိုလည်း မတွေ့။ မတွေ့လို့ ရှောင်ဆေ တာလား၊ ချောင်းနေတာလားတော့မသိဘူးရယ်။ မျက်နှာချိုင်းနီးအောင်ကေ ကာ လေသံနဲ့...

www.burmeseclassic.com

www.burmeseclassic.com



'ဒီကနေ တည့်တည့်သွားရင် လမ်းညာဘက်ဘေးက ထင်းရှူးပင်ကြီးနားမှာ ဂျစ်ကားကို ခြုံတွေနဲ့အုပ်ပြီး ဖွက်ထားလိမ့်မယ်၊ အဲဒီကိုရောက်ရင် ပြီးပြီ'

'ဟာ… တော်လိုက်တဲ့အဖေ၊ အမယ်လေး… အိုရချေသေးရဲ့ အဟဲ…'

'ဟွန်း… မိန်းမလိုချင်တာကတော့ တစ်ပိုင်းကိုသေလို့၊ ဘာမှကို အဖြစ်မရှိတာ'

'အဟဲ… ဟိုလေ… ဒီကကိစ္စတွေနဲ့ ထူပူနေတော့ ဘာမှမစဉ်းစားမိဘူး၊ အဲ… လိုရမယ်ရ ပိုက်ဆံတော့ ယူလာတယ်'

'ဟင်း… မောတယ်ကိုရယ်၊ ဒီကနေ ဟိုမြို့ကို မြန်မြန်ရောက်မှ စိတ်အေးရမှာ၊ ဒီကြားထဲ အနှောင့်အယှက်တွေ့ရင်…'

'ဟာကွာ… မပြောနဲ့၊ ဘာမှမဖြစ်စေရဘူး၊ ကိုတစ်ယောက်လုံး ရှိပါတယ် နော် လို့ နော်'

ပြောလည်းပြော မျက်နှာချင်းကပ်သွားလေရဲ့။ ဒီတစ်ခါတော့ နှုတ်ခမ်းတွေက စကားပြောဖို့ မဟုတ်တော့ပါ။ ဒါပေမဲ့ လှုပ်တော့ လှုပ်နေတာရယ်။ အတော်လေးကြာမှ…

'အဖေကပြောတယ်၊ နင့်လူက စိတ်ချရလို့လားတဲ့၊ စိတ်ပူတာလေ၊ တော်တော်ကြာ မြို့ရောက်မှ မယူဘဲပစ်သွားဦးမယ်တဲ့'

'ဟာကွာ… ဒီလိုရှပ်လား ကြည့်ပါဦး'

'လင်နောက်လိုက်ပြီးတာနဲ့ ပြန်မလာနဲ့တော့တဲ့၊ ဘာလို့လဲဆိုတော့ အမေက ပြတ်ဆို ပြန်ကိုဆက်မရတာ၊ အဲ… သတိရလို့ လာချင်ရင် သူလာခဲ့မယ်တဲ့'

'ဟာ… ဘာလို့လဲကွာ၊ အဲ… ကောင်းပါတယ်၊ ကိုလည်း ဒီနေရာနဲ့ သဟဇာတမတည့်ဘူး'

'အဟင့်… ဒါကြောင့်ပြောတာပေါ့၊ ရှင့်မျက်နှာ တစ်ခွဲထင်ပြီး သိုက်ရမှာ၊ ပြီးမှ မရက်စက်ရဘူးနော်'



www.burmeseclassic.com

www.burmeseclassic.com



'ဟာကွာ… မငိုနဲ့ ဘိတ်… တစ်သက်လုံးပေါင်းမှာ ယုံနော်'

ပြောရင်း ဂျူးဂျူးဆီက မျက်ရည်ဖောဖောသီသီ ကျလာတယ်။ ဒါနဲ့ အတော်ကြာ ခွက်ခွက်လန့်အောင် ချော့ရလေရဲ့။ ပြောခဲ့သလိုပေါ့ အချော့ကြိုက် အမြှောက်ကြိုက်တွေဆိုတော့ တော်တော်နဲ့ တိတ်ဘူးရယ်။

*

'ငါတို့ ဒီည ကြက်ခိုးပြီး ချက်စားကြမယ်လေ'

'ဟာ မင်းကလဲ လပြည့်ညကြီး ကောင်းပါ့မလား'

'ပြည့်ကာမှ ပြည့်ရော၊ အမှောင်ရိပ်ခိုပြီး ခိုးမယ်ကွာ'

ရာကျော်တို့အဖွဲ့ တိုင်ပင်နေကြတာ။ ရာကျော်တို့အဖွဲ့ဆိုတာ အောင်သောင်း၊ ဖိုးတင်နဲ့ ကုလားကြီးတို့လေးယောက်။ အခု သူတို့ အာလူးဘောင် တင်ရင်းနဲ့ တိုင်ပင်နေကြတာရယ်။

ခိုးချက်စားတယ်ဆိုတာက အပျော်သဘောရယ်။ တခြားနစ်နာစေချင်တဲ့စိတ်တော့ မရှိပါ။ ပြီးတော့ ဦးတိုးကိုလည်း အမြင်ကတ်တာ ပါတယ်။ ကတ်ရတာက ဒီလို။ သူက ကြက်မွေးတဲ့ခြံရှိတော့ လမ်းကြုံလို့ သူ့ခြံဘေးက ဖြတ်သွားရင်တောင် မသင်္ကာကြည့် ကြည့်တာရယ်။

အောင်သောင်းတို့ဆိုတာက လက်စလက်နရှိတော့ ပိုဆိုးတာပေါ့။ ပြီးတော့ တစ်အိမ်ကို ယမ်းထောင်း၊ တူမီး တစ်လက်နှစ်လက်တော့ ရှိကြတာရယ်။ တောင်ပေါ်ဒေသဆိုတော့ သားရဲတိရစ္ဆာန်တွေ ကာကွယ်ဖို့လည်း ဖြစ်၊ အမဲလိုက်ဖို့လည်းဖြစ်။

အလကားနေ ကြက်ခြံရှေ့ထိုင်ပြီး သေနတ်ကြီးတသသနဲ့ အမြဲထိုင်စောင့်နေတော့ အမြင်ကတ်ပြီပေါ့။ ဒါနဲ့…

'ဟာ… ကြည့်လဲလုပ်ပါဦး အောင်သောင်းရာ၊ တော်ကြာ ဦးတိုး[illegible]စာ မိနေပါဦးမယ်'

'ကုလားကြီးရာ မင်းမလဲ ကြောက်တတ်လိုက်တာ[illegible]နဲ့ရော၊ ဒီ[illegible]ကြီးက အိပ်ရင် သူ့နား ဗုံးပေါက်တာတောင် နိုးဘူး[illegible]'



www.burmeseclassic.com

www.burmeseclassic.com



'သူအိပ်တဲ့အထိ စောင့်ရမှာပေါ့၊ ဒါဆို အရက်ကလေးနဲ့မှ ရမှာ အဟဲ...'

'ဟွန့်... သူပဲ'

ကုလားကြီးကို မျက်စောင်းထိုးတော့ ဟိုက သွားဖြဲပြတယ်။ ဟုတ်တယ်လေ။ အရက်ဆိုလည်း ကြွက်တွင်း၊ အစားဆိုလည်း လက်နဲ့ပါးစပ်က မော်တာတပ်ထားသလို သွက်တာရယ်။ ရာကျော်က ပေါက်လက်စ ပေါက်ဘူးကိုချပြီး...

'ဒါဆို... အရက်ပုန်းချက်တဲ့ အသောင်းကို ကြိုပြီးမှာထားရမှာပေါ့'

'မှာ... များများမှာ အဟဲ...'

'ဟွန့်... ကုလားကြီး...မင်းကို အရက်မူးပြီး အန်ဖတ်ဆို့သေတဲ့အထိ တိုက်မှာ၊ ကျွေးမှာ စိတ်ချ'

'နေပါဦး ရာကျော်ရ၊ ဟုတ်မှလည်း ယုပ်ပါ တော်ကြာ...'

ဒါနဲ့ ရာကျော်က မယားပါသားကို ပထွေးကြည့်ကြည့်ပြီး မှောက်ထားတဲ့ ပေါက်ပြားကို ပြန်ချကာ...

'မင်းတို့ ငါနဲ့ပေါင်းလာတာ ဘယ်တုန်းက နစ်နာခဲ့ဖူးလို့တုံး၊ မင်းတို့ လိုက်ချင်ရင်နေ ငါ့ဟာငါ လုပ်မယ်'

'အဟဲ... ဟုတ်ပါဘူးကွာ၊ ငါက စိုးရိမ်လို့ပါ အဟဲ'

'ဟွန်း'

ဒါနဲ့ အောင်သောင်းလည်း မယားပါသားလို သွားဖြဲပြပြီး အတင်း ပြန်ချော့ရတော့တာ။ ဟိုက စွေကြည့်ပြီး ဘာမှမပြောတော့ဘဲ အလုပ်ပဲ လုပ်နေတယ်။ ဒါနဲ့ ကျန်တဲ့လူတွေလည်း ပေါက်ပြားကို ဆက်ကိုင်လိုက်ကြတယ်။

*

ကပ္ပိယ ဦးထော် စိတ်ညစ်နေလေရဲ့။ ညစ်မပေါ့ ဆရာတော်ကြီး သက်သက်လွတ်စားတော့ သူ့မှာ အသားငတ်လို့လေ။ ကပ္ပိယက



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးမဟုတ်တော့လေ။ ပြီးတော့ အာသဝေါမှ မကုန်တာ တစ်မက်စိတ်တော့ ရှိတာရယ်။ အခုလည်း အာလူး၊ ဘူးသီး၊ ခရမ်းသီး ဟင်းပေါင်းစုံနဲ့ အတင်းသွပ်ကာ သစ်ပင်ရိပ်အောက် လာမှိုင်နေတာရယ်။

ပြောရဦးမယ်။ ဆရာတော်ကြီး ဒီကိုမရောက်ခင် ပဲခူးတိုင်းထဲကရွာလေးတစ်ရွာမှာ သီတင်းသုံးတုန်းကပေါ့။ ဆရာတော်ကြီးကတော့ ကပ္ပိယကြီးကို စာရေးချပါတယ်။ သင်္ကာဝါတွေကို သနားကြင်နာဖို့ ဘာညာပေါ့။ ဘုန်းကြီးဟောတုန်းတော့ နားထောင်ပါတယ်။ အဲ... ဒါပေမဲ့ ခဏပဲ။

ဘုန်းကြီးကျောင်းဆိုတာကလည်း သင်္ချိုင်းနဲ့သာ နီးရင်နီးတာ ရွာနဲ့တော့ တစ်ပြန့်စ်ပြလောက်တော့ ဝေးကြတာပဲ။ ဘာပြောကောင်းမလဲ ဘုန်းကြီးလစ်တာနဲ့ လယ်ကွက်ထဲဆင်း ကဏန်းလုံးတွေလိုက်နှိုက်၊ တစ်ခါတလေ မိုးရွာထဲ ရေထွက်ချိုးတဲ့ ကဏန်းလုံးတွေဆို အသာကောက်ထည့်ရုံပဲ။ မရရတာတော့ စားရတာ။

ပလိုင်းတစ်လုံး ပြည့်တာနဲ့ ပြန်လာတယ်။ ဇရပ်ထဲ မီးမွေးပြီး ဟင်းတွေပေါင်းတဲ့ အိုးကို ရေတစ်ဝက်လောက်ထည့် ပွက်ပွက်ဆူပြီး အငွေ့ရိုက်တာနဲ့ အိုးပေါ်မှာ ဝါးခြမ်းပြား ကန့်လန့်တင်ပြီး ကဏန်းလုံးကို ဝါးခြမ်းပေါ်တင်ကာ...

"ကဲ... ငါက အကုသိုလ်တော့ အဖြစ်မခံနိုင်ဘူး၊ သို့ပေသိ စားလည်းစားချင်တာရယ်၊ ဒီတော့ ငါလည်း ငရဲမကြီးအောင် ကဲ... ဒီလိုလုပ် ဟိုဘက်ကမ်းရောက်အောင် ကူး၊ ဒီကြားထဲပြုတ်ကျရင်တော့ နင့်ထိုက်နဲ့နင့်ကံပဲ၊ ကဲ သွား... သွား ကံကောင်းပါစေကွယ်"

ပြောလည်းပြော ကဏန်းကို ဝါးခြမ်းပြားပေါ်တင်ပေးတော့တာ။ ကဏန်းကလည်း လွတ်ပြီဆိုပြီး ဟိုဘက်ကမ်းကို ဝါးခြမ်းပေါ်က လျှောက်တယ်။ အောက်က အပူငွေ့က ဟပ်၊ လျှောက်လမ်းကလည်း ကျဉ်းတော့ ဘာပြောကောင်းမလဲ ပြုတ်ကျပြီး အိုးထဲပေါလောလေးတွေရော။

"ကဲ... ငါကတော့ လွှတ်ပေးတယ်နော်၊ မင်းတို့မမြင်ပဲ၊ ကိုယ့်ဘာသာ မသွားတတ်တာတော့ ငါ့အပြစ်မဟုတ်ဘူး ညှင်း ဟင်း"

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုတွေလာတာ။ အဲ… အကောင်ကြီးပြီး ခွဲလည်းကြီးတဲ့ကထာန်း တွေကျတော့ အတင်းကုပ်ကပ်ပြီး ဟိုဘက်အရောက်သွားတာရယ်။ ညှိ… ဟိုဘက်ရောက်တော့ တစ်ခါဖမ်းပြီး မကျေမနပ်နဲ့ ပြောသေးတာ။

'သွား… နင်က အကောင်ကြီးတော့ နှစ်ခါပြန်လျှောက်'

ဟာရားတာ ပြောပါတယ်။ နှစ်ခါပြန်လျှောက်ခိုင်းတော့ ဘယ်ခံနိုင် ဘုံး ကျတာပေါ့။ အဲ့ဒီလို မလွတ်တဲ့အကောင်ကျတော့လည်း မလွတ် ပါ အဲ… လွတ်တဲ့အကောင်ကျတော့ နှစ်ခါပြန်လျှောက်ဆိုတော့ နောက် ဆုံး ပလိုင်းထဲကသာ ကုန်သွားတာ တစ်ကောင်မှ မလွတ်ဘူး။ အကုန် ဆတ်ပြီးသားလေးတွေ ဖြစ်ကုန်ရော။ ကျက်လောက်တော့မှ အိုးချပြီး ထိုင်ချွာ နေတော့တာရယ်။ အသားကြိုက်တာ ပြောပါတယ်။

အခု ဒီကိုရောက်တော့ ငတ်ပြီပေါ့။ ဘာကထာန်းမှလည်းမရှိတော့ ဘာသိုလ်လွတ်အောင် သတ်လို့မရတော့ဘူးရယ်။ ဒါပေမဲ့ ရွာထဲက အောင် သောင်းတို့နဲ့ အလျင်းသင့်အောင်ပေါင်းပြီး ဒီလိုပဲ ကြံဖန်စားနေရတာ။ ခု အသားမစားရတာတောင် အတော်ကြာပြီလေ။

ဒါနဲ့ ကျောင်းပေါက်ဝနားက သစ်ပင်အောက် မေးထောက်ပြီး ထိုင် နေတာရယ်။ မကြာပါဘူး အောင်သောင်းတို့လေးယောက် ပေါက်ပြား တွေ ထမ်းပြီး အလုပ်ကပြန်လာတာတွေ့တာနဲ့ မျက်ထိုးလေး ဝင်သွား …

'ဟာ… ငါ့ကောင်တွေ တယ်စောပါလားဟ'

'အဟား… ကပ္ပိယကြီးပါလား၊ စောဆို ဒီနေ့အလုပ်က အစောကြီး သွားတာလေ၊ ကဲ… ဘာဖြစ်လို့ ထိုင်မှိုင်နေတာတုံး'

'ဟင်း'

အောင်သောင်းတို့လေးယောက်က ပြောလည်းပြော အနားဝင်ထိုင် ဘာ့ သက်ပြင်းကိုချပြီး မြင်သာမြင် အနားမကပ်ရတဲ့ အငယ်လေသံနဲ့…

'မင်းတို့လည်း သိသားနဲ့၊ ငါက အသားဟင်းဆို ဘာသားဖြစ်ဖြစ် တာရယ်၊ သို့ပေသိ ဆရာတော်ကြီးက ငါ့ကို တရားချလွန်းတော့'



www.burmeseclassic.com

www.burmeseclassic.com



'ဩော်… သိပြီ ကိုယ်တိုင်သတ်လို့မရတော့ မစားရလို့ စိတ်ညစ်နေ
တယ်ပေါ့'

'ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ အမြဲတမ်းမဟုတ်ပါဘူး
အခုတော့ မစားရတာ တော်တော်ကြာနေတော့…'

'ဟာ… ဘာမှမပူနဲ့ ညကျရင် အောင်သောင်းတို့အိမ် လာခဲ့'

'ဟင်… ဘာရှိလို့လဲ'

ကုလားကြီးစကားကိုကြားပြီး အားရဝမ်းသာနဲ့ မျက်လုံးပြူးကာ
အတင်းမေးတော့ အောင်သောင်းက ဆရာပြုး မဆင်တဆင်ပြုံးကာ…

'ကျုပ်တို့ ဒီည ကြက်ချက်စားမလို့ သိပြီလား'

'ဟာ… တဒယ်ကြော်တာ အဟီး…ဂလု…'

ဒါနဲ့ တံတွေးကို အတင်းမျိုချပြီး မပီကလာ ပီကလာ ပြောတာ
သွားရည်တွေတောင် စင်ကုန်တာရယ်။

ဒါနဲ့ အောင်သောင်းက လင်ပါသားကို မိတ္တေးကြည့်သလို စွေကြည့်
ပြီး…

'ဟာ… ခင်ဗျားကြီးကို နောက်ပါ့မလားဗျ တကတည်း မလာ
ဗျာ ဟွန်း…'

'ဟာ… ယုံပါတယ်ကွာ၊ ငါက အံ့သြလွန်းလို့ပါ အဟဲ…'

'ကဲ… ဒါဆိုလာခဲ့ သွားပြီ'

မယားပါသားက ပထွေးကို ပြန်ချော့သလို ချော့လိုက်မှ အောင်သော
တို့လည်း ပေါက်ပြားတွေထမ်းပြီး ရွာဘက်ပြန်သွားလေရဲ့။ အဲ… ကုလ
ကြီးကတော့ အူမြူးပြီး ကျန်ခဲ့တယ်။

'အဟား… စားရချည့်သေးရဲ့၊ အဟီး… ကြက်သားမပြောနဲ့ ကြ
တွန်သံတောင် ပီပီသသမကြားရတာ တော်တော်ကြာပြီ အဟွားဟား…'

ဒါနဲ့ပဲ စိတ်ထဲပျော်သွားပြီး လုပ်စရာရှိတာတွေကို အမြန်တည်း
အကုန်ပြီးအောင်လုပ်ဖို့ ဇရပ်ဘက် ပြန်လာခဲ့တော့တယ်။ ပြီးမှ တစ်ခု
သတိရပြီး ခဏရပ်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



'အယ်... ဒီနေ့ လပြည့်နေကြီးလေ၊ ဟာ... ဘာဖြစ်လဲ သူ့ဟာသူ ပြည့်တာ ငါနဲ့ ဘာမှမဆိုင်ဘူး'

*

အသောင်းတစ်ယောက်တည်း ကောက်ညှင်းဆန်တွေကို ခြင်ရင်း အလုပ်ရှုပ်နေတာရယ်။ ရှုပ်ဆို သူက အရက်ချက်တာကိုး။ ကောက်ညှင်းဆန်တွေရယ်၊ အရက်ချက်တဲ့နေရာမှာသုံးတဲ့ ဆေးလုံးတွေရယ် တစ်ယောက်တည်း လုံးလည်ချာလည်ကိုလိုက်လို့။ ပြောရဦးမယ်၊ ဒီနားက ရွာသုံးလေးရွာမှာ အသောင်းရဲ့ ကောက်ညှင်းအရက်ကိုမီအောင်ချက်နိုင်တဲ့လူ မရှိဘူးရယ်။ နာမည်ကြီးသလို ဈေးကလည်းကြီး။ ကြီးဆို အရသာကလည်း ကောင်းတာကိုး။

ဒါပေမဲ့ သိတယ်မလား။ သူ့မှာ အလုပ်ကောင်းကောင်း လုပ်စားလို့ရေး တော်ကြာ ကျားကြီးက လာသိမ်းသွားလိုက်၊ တစ်ခါ နဂါးကြီးက ဘာမ သွားလိုက်နဲ့ ရောင်းစားရတယ်ကို မရှိဘူး။ ဒါပေမဲ့ မြတ်တာတော့ တော်မြတ်တာ။

ဒါကြောင့်မို့လို့လည်း အခုအချိန်ထိ ရောင်းကောင်းတုန်း။ နောက်ဆုံး အမြတ်မရနေ သောက်ရပြီးရောဆိုပြီး လုပ်တော့တာ။ အစကတော့ အရက် မှီ အနံ့တောင်မခံနိုင်ဘူးရယ်။ အခု အရက်ချက်မှ မြည်းရင်းနဲ့ သောက် တတ်သွားတာ။ ဒါတောင် အနံ့မခံနိုင်လို့ နှာခေါင်းပိတ်ပြီး သောက်ရတာ ကိုလေ။

အခုလည်း လက်ကျန်အရက်ပုံးတွေကို အရက်ချက်တဲ့ တဲနောက်က မြောင်းထဲထည့် အပြင်မှာ သုံးလေးလုံးလောက်ထားပြီး နောက်ထပ်ချက်ဖို့ ပြင်နေတယ်။

မျက်လုံးကတော့ စင်းနေလေရဲ့။ စင်းဆို စောစောက ချက်ထားတဲ့ အိုးပေါင်း ကောင်းမကောင်း စမ်းမြည်းတာ မြည်းရင်းနဲ့လွန်ပြီး မျက်လုံး စင်းလာတာလေ။ ဒါပေမဲ့ လက်ကတော့ ဖယ်ဆက်သလို လှုပ်ရှားနေ တယ်။ လုပ်နိုင်တာ ပြောပါတယ်။ ဒီအချိန်မှာပဲ...



www.burmeseclassic.com

www.burmeseclassic.com



'အဟမ်း'

'ဟဲ့… သောက်ပလုပ်တုတ်'

'အဟီး'

'ဟွန်း… မသာကောင် လန့်သွားတာပဲ၊ ဘာလဲ ကြွေးလာဆပ်
လား၊ ထပ်မရှုတော့ဘူးနော် မဆပ်ရင်'

'ဟဗျာ… အသောင်းကလဲ အဟဲ…'

ကုလားကြီးကိုမြင်တော့ လန့်သွားတာရယ်။ မလန့်ခံနိုင်ရိုးလား
လုံးကစောင်း၊ အရုပ်က ရှည်ကရှည်နဲ့။ ဒီကြားထဲ အင်္ကျီက ချွတ်ထား
ရင်နဲ့ကျောက ကပ်ပြီး ဟိုဟာက ဘာအရိုး ဒါက ဘယ်နှစ်ချောင်းမြော
ဆိုတာကအစ ရေတွက်လို့ရနေတာ။ အရိုးခြောက်ကြီးနဲ့တူတော့ လန့်
တာရယ်။ ဒါနဲ့ တင်းသွားပြီး အကြွေးတောင်းတော့ ကုလားကြီးက ပြုံ
ပြုံးပြီး ခါးပုံစကို ဖြည်တယ်။ အဲ ပြီးမှ ဟိုစမ်းဒီစမ်း စမ်းတယ်၊ ပါ
ကလည်း…

'ဟာ… ပိုက်ဆံပါပါတယ်ဗျ၊ ဘယ်နားထားမိပါလိမ့်'

'ဟဲ့… မင်းဟာက ထွက်ကျသလားမှ မသိတာ၊ ဒါပဲနော် မ
မပေးဘူး'

'ဟာ… ပါပါတယ်ဗျ'

ပြောလည်းပြော ပုဆိုးပါချွတ်ပြီး ခါချတယ်။ အဲ… ဒါ
ဘာပိုက်ဆံမှ ထွက်မကျလာဘူး။ ဒါနဲ့ ခါးထောက်ပြီး မင်းအကြံ ငါ
တယ်ဆိုတဲ့ အကြည့်နဲ့ကြည့်တော့ ကုလားကြီးက ပုဆိုးကို ပြန်ဝတ်
အားရဝမ်းသာနဲ့…

'ဟာ… တွေ့ပြီဗျ အပေား… ငါ့နယ်နော်'

'ဟုတ်လား ဘယ်မှာတုံး'

'ဒီမှာလေ လက်ထဲကိုင်ထားပြီး မေ့နေတာ'

'ဟွန်း… ကောင်းလိုက်တဲ့သတိ'

'အဟီး… အဲဒါလေ ညကျမှ လာယူမယ် ငါးလုံးနော်'



www.burmeseclassic.com

www.burmeseclassic.com



ဟိုက စပ်ဖြဲဖြဲနဲ့ပြောတော့ လက်ထဲကိုင်ထားတဲ့ ပိုက်ဆံကို ကြည့်ပြီး မကျေမနပ်နဲ့ ပြောတယ်။

'အခုပိုက်ဆံက ငါးလုံးဖိုးထဲရယ်၊ ဘယ်မှာလဲ အရင်အကြွေး'

'ဟာဗျာ... အသောင်းကလဲ မနက်ကျရင် ဆက်ဆက်ရစေ့ရမယ်'

'တကယ်နော် ဟကောင်... ကတိမပျက်ရဘူး'

'စိတ်ချပါ အသောင်းရယ်၊ ကတိဘယ်တုန်းက ပျက်ဖူးလို့လဲ၊ ယုံစမ်းပါ ကျုပ်ကို'

'ဒါဆိုလည်းပြီးရော၊ ကဲ... ငါလည်း ချက်လိုက်ဦးမယ်'

'ဒါဆိုလစ်ပြီ'

ကုလားကြီးက ပြုံးပြီး ပြန်သွားလေရဲ့။ ဟုတ်တယ်လေ။ အရက်က ပြင်းတော့ တခြားလူတွေက တစ်လုံးကျော်နှစ်လုံးဆို မှောက်ပြီ။ ကျန်တာက သူ့အတွက်ဖြစ်သွားပြီကိုး။ ဒါနဲ့ အောင်သောင်းတို့အိမ်ဘက် ခြေဦးလှည့်လိုက်တော့တယ်။ မိုးမချုပ်ခင် ပြင်ဆင်စရာရှိတာတွေ ပြင်ဆင်ရအောင်လို့လေ။

●



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅)

ဂျုံးဂျုံးမျက်နှာ ဆယ်ပြားစေ့လောက်ပဲ ရှိတော့တာ။ အဲ… ဆယ်ပြားစေ့ ဘယ်လောက်ငယ်လဲဆို သူ့မျက်နှာလောက်ငယ်တာ။ ကြည့်လေ သူ့အမေနဲ့ သူ့အဖေက ဟိုဘက်ရွာကို တစ်ညအိပ်သွားရမှာ။

အဲ့သမှာက သူ့အမေရဲ့အဖေ နေမကောင်းလို့တဲ့။ ဒါနဲ့ သွားကာနီး သူ့အမေက အသားကုန်ကြိမ်းနေတော့ မျက်နှာလေး ဆယ်ပြားစေ့လောက်နဲ့ ခေါင်းလေးအောက်ငုံ့ပြီး တစ်ဟုတ်တည်း ဟုတ်နေရတာ။

အဖေလုပ်တဲ့လူကတော့ ဘာမှမပြောဘူး။ မသိယောင်ဆောင်ပြီး ဆိုင်ကယ်ကို သုတ်နေလေရဲ့။ ဟိုဘက်ရွာနဲ့က ၅ မိုင်လောက် ဝေးတာရယ်။ တောင်ပေါ်လမ်း ၅ မိုင်ဆိုတာ အတော်ပေါက်တာရယ်။ ဒါနဲ့ စိတ်မချလို့ ဆုံးမနေရတာ။

'ညကျရင် ဒေါ်မြ လာအိပ်ပေးလိမ့်မယ်၊ ငါပြောထားခဲ့တယ်'

'ဟုတ်'

'ဟဲ့… ဟုတ်မလုပ်နဲ့၊ ဟိုဘက်လှည့်စမ်း အဲ… ဒီဘက်ပြန်လှည့်စမ်း၊ နေဦး မလှည့်နဲ့ဦး'

ရှေ့ကနေ ခြေဆုံးခေါင်းဆုံးကြည့်၊ ဟိုဘက်လှည့်ပြီးတော့ ရှဲပြီး ပိုပိုသာသာလေး ကော့ပြီးပြလိုက်မှ ခဏကြည့်ပြီး…

www.burmeseclassic.com



'ရှပြီ… ကောင်မနော်… ငါပြန်လာတဲ့အထိ ဒီအနေအထားတိုင်း ရှိပစေ ဟွန်း…'

'ဒို… အမေကလဲ… အဟီး…'

'ညည်းနော်…အမေကလဲ မလုပ်နဲ့၊ အခုတစ်လော ဘယ်သူမြှောက် ပေးလို့ နန့်တန့်တန့်ဖြစ်နေတာလဲ ဟွန်း…'

'အဟီး… ဟုတ်ပါဘူး အမေရဲ့'

'ဟွန်း'

ဆိုင်ကယ်ကို ယောင်ပေပေ ဟိုသုတ်ဒီသုတ် လုပ်နေတဲ့ သူ့ယောကျ်ား ကို မျက်စောင်းထိုးပြီး စောင်းပြောတော့ ဟိုကမသိယောင်ဆောင်ပြီး…

'ကဲ… မိန်းမရယ်၊ မင်းဟာက ဒီနေ့ သွားရောသွားဦးမှာလား'

'အလိုတော်… မိန်းကလေးတော့… ပြောနိုင်ဆိုနိုင်မှ တန်ရုံ ကျတာ'

'သြော်… ကဲ… ဟုတ်ပါပြီ ဒါဆို မင်းကျတော့ ဘာလို့ပူသတုံး'

'ဘာပြောတယ်'

'ခစ် ခစ်'

ဖွေ့ဖွေ့ခုန်ပြီး ဒေါသထွက်ကာ ခါးထောက်ပြီး မျက်စောင်းကို ဖောဖောသီသီ တဒိုင်းဒိုင်းထိုးတော့တာရယ်။

'ဟွန်း… ကြပ်ကြပ်အလိုလိုက်၊ ဒါကြောင့်မို့လို့ ထောင့်မကျိုးတာ ဟွန်း…'

ပြောလည်းပြော အခုမှ သတိရပြီး ဆိုင်ကယ်ကို ကြည့်ကာ…

'ကားက ဘယ်ရောက်သွားလို့လဲ'

'ဟင်… ဟိုလေ… ဟို…'

ရုတ်တရက်ဆိုတော့ ဘာပြောလို့ ပြောရမှန်းမသိတာနဲ့ ခေါင်းကုတ် ခေါင်းကုတ်နဲ့ လက်ညှိုးဟိုဒီထိုးပြီး ငယောင်တောင်တောင်ဖြစ်နေတယ်။

'ဟာ… အမေကလဲ ဦးလေးအောင်သင်း ခဏငှားထားတယ်လေ၊ မြို့သွားမလို့ဆိုလား'



www.burmeseclassic.com

www.burmeseclassic.com



'ဟာ… ဟုတ်သား… မေ့နေလိုက်တာ သမီးပြောမှပဲ'

ဒါနဲ့ သားအဖနှစ်ယောက်ကို စွေကြည့်တယ်။ ဟုတ်တယ်လေ အတိုင်အဖောက်တွေ ညီနေကြတာကိုး။ စိတ်ထဲမလဲ တစ်ခုခုတော့ တစ်ခုခု ပဲ။ တွေးနေတာ ပြောပါတယ်။

'ဟုတ်လို့လား'

'ဟုတ်ပါတယ်မိန်းမရဲ့၊ နော်… သမီးနော်'

'အဟင်း… ဟုတ်ပါတယ်အမေရဲ့'

ဒါနဲ့ နှစ်ယောက်လုံးကို စွေကြည့်ပြီး ခဏစဉ်းစားနေတယ်။ ကြာ ရင် စကားတွေက ရှုပ်လာတော့မှာရယ်။ ဒါနဲ့ အနားအတင်းကပ် လက်ကို အတင်းဆွဲပြီး…

'လာပါမိန်းမရယ် ဘာမဟုတ်တဲ့ကိစ္စထားခဲ့၊ ဒီမှာ ယောက္ခမအထီး ကြီးက အရေးကြီးတယ်'

'ဟွန်း… ရှင်နော် ဖယ်'

'မိန်းမရယ်… မင်းအဖေလည်း ငါ့အဖေပါပဲ၊ မင်းလည်း ငါ့မိန်းမ ပဲလေ'

'ဟွန်း… ဒါပဲနော် ပြန်လာလို့မှ ကားမတွေ့ရင် သေမယ်မှတ်'

ကြိမ်းနေတာ ပြောပါတယ်။ လေသံကတော့ ပျော့သွားပြီ။ ပျော့ဆို ချော့ရတာကိုး။ အေးနားက သမီးဖြစ်သူကတော့ တခွီးခွီးနဲ့ သဘောတွေ ကျလို့။ ဒါနဲ့ ဆိုင်ကယ်ပေါ်တက်ပြီးမှ ဟောက်လိုက်သေးတာ။

'ဟဲ့… ဘယ်မှမသွားနဲ့၊ အိမ်ထဲမှာပဲနေနော်'

'စိတ်ချပါ အမေရဲ့'

'အင်း… ညည်းစိတ်ချပါဆိုတာကြီးကို ငါက စိတ်မချတာ'

'ဟာ…မင်းကလဲကွာ၊ ကဲ… သမီး သွားပြီ စိတ်ချမယ်နော်'

'အင်းပါ…အဖေရဲ့'

ဒါနဲ့ ဆိုင်ကယ်လည်း ထွက်သွားတော့တာ။ ဆိုင်ကယ်လည်း မြင် ကွင်းထဲက ပျောက်သွားရော…



www.burmeseclassic.com

www.burmeseclassic.com



'ဟေး...ရဟူး'

နန့်ပြီး ထခုန်လိုက်တော့တာ။ ဖြန်းဖြန်းထနေတာ ပြောပါတယ်။ အမေ့စကားကို နားထောင်တာလေ။ ပြီး... အိမ်ပေါ်ခုန်ပေါက်ပြေးတက်ကာ ကျောပိုးအိတ်တစ်လုံးနဲ့ အလုပ်ရှုပ်နေတော့တာရယ်။

'ကိုကတော့ ပြောတယ်၊ နှစ်စုံလောက်ဆို ရပြီတဲ့၊ အဟိ... အမယ် ရင်တွေဘာတွေ တုန်လို့တော့'

*

စည်သူက လျှော်ပြီးလှန်းထားတဲ့ အဝတ်တွေကို ရုတ်ရင်း ညကျရင် လုပ်ရမယ့်ကိစ္စကို တွေးမိပြီး ရင်တုန်ပန်းတုန် ဖြစ်နေတယ်။ ဒါကို အိမ် အောက်တန်းလျားမှာ ထိုင်ပြီး သေနတ်ကို တိုက်ချွတ်နေတဲ့ အောင်သင်း က စွေကြည့်ပြီး...

'ဟော့ကောင် မပြီးသေးဘူးလား၊ အမြန်လုပ်... ဟွန့်... မျှော်မနေနဲ့ မလာတော့ဘူး'

'မမျှော်ပါဘူးဗျာ ဒီမှာပြန်ဖို့စဉ်းစားနေတာ'

'ဝမ်းသာလိုက်တာကွာ၊ ဆန်ကုန် အိမ်လေးနေတာ ကြာပြီ၊ အခုမှပဲ ငါ့အိမ် ပေါ့သွားတော့မှာ အဟား...'

'ဟွန်း... ခင်ဗျားကြီးတော့ ဟင်း'

'ဟား ဟား ဟား'

ဒါနဲ့ စိတ်ဆိုးပြီး အိမ်ပေါ် ဘောက်ဆတ်ဘောက်ဆတ်နဲ့တက်ပြီး အဝတ်တွေကိုခေါက်ကာ ခေါင်းစွပ်အနက်၊ ဘောင်းဘီအနက်၊ ဆွယ်တာ အနက်ကိုထုတ်ပြီး ဝတ်လိုက်တယ်။ ဟုတ်တယ်လေ၊ ညဘက်လှုပ်ရှားရမှာ ဆိုတော့ အနက်ပဲ ကောင်းတာရယ်။

'အင်း... ငါ့ဟာလေးကိုလည်း ဘောင်းဘီတွေ၊ အင်္ကျီတွေ အနက်ပဲ ဝတ်ခိုင်းထားတာ ရှိမှရှိရဲ့လားမသိ'

ဟိုဟာလေးအတွက်ပါ တွေးပြီး ပူရသေးတာ။ ညနေကလည်း



www.burmeseclassic.com

www.burmeseclassic.com



ခောင်းနေပြီဆိုတော့ မလာလောက်တော့ဘူး ထင်တာရယ်၊ ဒါပေမဲ့…

'ဦးလေး… သူရောဟင်'

'ဟာ… နင်ဘာ့လာလုပ်ပြန်တုံး၊ ပြန်… မိုးချုပ်တော့မယ်'

'ဟာ… ဦးလေးကလဲ အဟင့်…'

'ဘာ…ဦးလေးကလဲ မလုပ်နဲ့၊ နင့်အမေသိရင်…'

'မသိပါဘူးဆို… ခဏလေးပါဦးလေးရယ်'

'ဟွန်း… အဲဒီခဏလေးကို ကြောက်တာ၊ တကတည်း ခေတ်ကာလ သားသမီးတွေများ…'

'ဟာ… ဂျူးဂျူး လာလေ အပေါ်ကို'

'အင်း'

'ဘာ အင်းတုံး… ဟာကောင် မင်းဆင်းခဲ့'

မိုးက ချုပ်ကာနီးပြီဆိုတော့ အောင်သင်းလည်း မျက်လုံးပြူးနဲ့ အတင်း ဆင်းခိုင်းတော့ မျက်နှာငယ်လေးနဲ့…

'ဦးလေးပဲ စောစောကပြောတော့ လူမြင်မယ်ဆို'

'ဟာ… မြင်ပစေကွာ၊ ဟင်း… ဆင်းဆိုဆင်း ကဲ… ပြောစရာ ရှိတာပြောကြ ငါ ခဏ နောက်ဘက်သွားလိုက်ဦးမယ်'

'အဟဲ'

'ဟွန့်'

ဒါနဲ့ ရှောင်ပေးတဲ့သဘောနဲ့ အနောက်ဘက်ထဲသွားတော့ စူပုပ်နေတဲ့ စည်သူ့မျက်နှာက စပ်ဖြဲဖြဲဖြစ်လာတာရယ်။ ဒါနဲ့ ပေစောင်းစောင်းနဲ့ သွား လေရဲ့။

'ကို… အရေးကြီးတယ်၊ ညကျရင် ကိုးနာရီလောက် လာခဲ့မယ်'

'ဟာ… အစောကြီး'

'ဟယ်… ဒါမျိုးက စောလေကောင်းလေ၊ သွားရမှာဝေးတာယ်'

'ဟာ… စိတ်ချဘူးကွာ ကိုလာခဲ့မယ်'

'ဟွန်း… ဖြစ်နေတာ၊ ကိုက အိမ်သိလို့လား'



www.burmeseclassic.com

www.burmeseclassic.com



'ပြောခဲ့လေ ဘယ်အိမ် ဘယ်နှအိမ်ကျော် ဘယ်လိုပုံဆိုတာ'

ဂျူးဂျူးက အိမ်နေရာပုံစံ အတိအကျပြောပြတာကို ဂရုတစိုက်လိုက်မှတ်တယ်။ အဲ… အားလုံးသိပြီဆိုတော့ မျက်နှာချင်းပြေးကပ်ဖို့ကြံတယ်။ ဒါပေမဲ့ … အသံဆိုး၊ အသံကြောင်ကြီးထွက်လာလို့…

'ဟဲ့… ပြန်တော့… မိုးချုပ်ပြီဆို'

'အဟင့်… ဦးလေးကလဲ'

'ကဲ… ပြန်တော့နော် နောက်မှ…'

'ဟွန့်…ပြန်ပြီ ဟွန်း'

ကောင်းခန်းရောက်မှ အောင်သင်းရောက်လာတာနဲ့ ဟိုဟာလေးက ခြေဆောင့် မျက်စောင်းထိုးပြီး ပြန်သွားတော့တယ်။ အောင်သင်းလည်း ခေါင်းကြီးရမ်းပြီး ကျန်ခဲ့တော့တာ။

စည်သူ့မျက်နှာက ပြုံးဖြဲဖြဲနဲ့လေ။

'ဟူး… မနိုင်ဘူး၊ သူ့အမေငယ်ငယ်ကအတိုင်းပဲ၊ အံမယ်… တစ်ပုံစံတည်းရယ်'

*

ညနေစောင်းလို့ နေလုံးနီနီကြီးက တောင်တန်းပေါ် မေးတင်လို့ မဝင်ချင် ဝင်ချင်နဲ့ အတင်းကန်တက်တယ်။ အဲ… ဒါပေမဲ့ တဖြည်းဖြည်းချင်း အောက်ကျသွားလေရဲ့။

ဝင်လုဆဲနေလုံးကြီးကို ကြည့်ပြီး မျက်နှာက မုဆိုးမ လင်ငယ်ထပ်သေသလိုဖြစ်သွားတယ်။ အိုစာသွားတာကို ပြောပါတယ်။ ပြီးမှ သက်ပြင်းကိုချပြီး ခေါက်တုံ့ခေါက်ပြန် ကြံရာမရ လမ်းသလားနေတယ်။ ဒါကို ဘေးနားမှာထိုင်ကြည့်နေတဲ့ မင်းမောင်က ခေါင်းတခါခါ လည်တခါခါ ဖြစ်သွားတယ်။ ဆေးမမီတော့ဘူးဆိုတဲ့သဘော။

'ဆရာတိုး ဘာဖြစ်နေတာလဲဟင်'

'ဟင်း… ငါ့ရင်ထဲမှာ ဘာဖြစ်နေတယ်ဆိုတာ မင်းမသိပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



မယားငယ်သံ သြောင်ညှက်ညှက်နဲ့ မျက်နှာလေးကို အိုပြီး မချိုတင်တဲ ရင်ဘတ်ထုပြီး ပြောတော့…

'ဟာ… ဆရာအသောက်များပြီး ရင်ပူနေတယ်ပေါ့၊ ဘာလဲ တန်ဖြန့်မလား ယူပေးမယ်လေ အဟီး…'

'ဘာကွ'

ခံစားချက်အပြည့်နဲ့ ရင်ဖွင့်မယ်ကြံကာရှိသေး ကြိုသိနေတဲ့မင်းမောင်က ရွဲ့ပြီးပိတ်လိုက်တာ ဖီးလ်ပါ ပျက်ပြီး မျက်ထောင့်နီနဲ့ကြည့်ကာ…

'တယ်လေ… ငါ့လုပ်လိုက်ရ မကောင်းဖြစ်ရှော့မယ်၊ ဒီမှာ ရင်ထဲဘယ်လောက်ခံစားနေရတယ်မှတ်တုံး ပွဲ့နဲ့…အားအားရှိ သောက်ဖို့ပဲ တွေးနေတာ'

'အဟဲ…နောက်တာပါ ဆရာသမားရယ်၊ ပြောပါဦး ဘယ်လောက်ဖိုးလောက် ခံစားနေရလဲ'

'ငါးကျပ်ဖိုး… အဲလေ ယောင်လို့၊ မင်းကွာ မပြောင်ပါနဲ့၊ ဆရာမလေးနဲ့ပတ်သက်ပြီး…'

'ဗုံး… ဗုံး…'

'ဟော့ဒီရင်ဘတ်ကြီးနဲ့ အမယ်ငိုး နာလိုက်တာ အပြည့်ခံစားနေရတာ ကျွတ် ကျွတ်'

'သြော… ဟုတ်တာပေါ့'

ရင်ဘတ်ထုပြီးပြောတာ အရှိန်လွန်ပြီး တကယ်နာသွားတာနဲ့ ရှုံ့မဲ့ပြီးပြောတော့ ဟိုကလဲ အမြင်ကတ်ပြီး ချွန်တော့တာ။

'ဒါများ အတင်းသွားမ,ပေါ့၊ ဒီညဆို ကြည့်၊ ခွင်ကောင်းပဲ၊ အနနည်းမရ အကြမ်းနည်းပေါ့၊ ဘာဖြစ်လဲ၊ အခုမချစ်လဲ နောင်ချစ်လာမှာပဲ ဟဲ ဟဲ'

'ဟာ… ကောင်းပါ့မလားကွာ၊ ငါက တကယ်ချစ်တာကွ၊ ဆရာမလေးရဲ့ တုံ့ပြန်အချစ်ကိုရပြီးမှ ကြည်ကြည်ဖြူဖြူ လိုက်တာကို ခေါ်ချင်တာ'

'ဟား ဟား ဆရာသမားရယ်… အချစ်နဲ့စစ်မှာ မတရားတာမရှိဘူး၊ နိုင်သူ ရကြေးပါ မမြဝင်းရဲ့၊ အဲလေ… ယောင်လို့



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်… လုပ်မယ်'

ဗိုလ်အောင်ဒင်စတိုင်နဲ့ ပြောတော့ ပေတိုးလည်း စိတ်ပါလာတော့ သား။ ဒါ့နဲ့ ဆက်ချွန်တယ်။

'အခုချိန်သွားရင် ဝေမိုးလည်းမသိဘူး၊ ဟော… သိလည်းသိရော ဆရာသမားက အဟဲ… ဂိနေပြီလေ'

'ဘာကွ… ငါက ဘာလို့ဂိရမှာလဲ၊ မင်းသာ ဂိမှာ'

'အဲလေ… သိလည်းသိရော ဆရာသမားက ဆရာမလေးနဲ့ ငြိနေပြီ ပါ'

'ဟား ဟား ဟုတ်တယ်၊ ဒီကောင့်ထက်အရင်ဦးအောင် သွား မ မယ်၊ အဲ နေပါဦး… ရပ့်မလားဟ'

'ဟာ… အ ပ့်'

မျက်နှာသေလေးနဲ့ မေးတယ်။ ဟုတ်တယ်လေ သွား မ မယ်သာ ပြောတာ ဟိုက လိုက်ဦးမှကိုး။ ဒါနဲ့ မင်းမောင်က…

'ပြောပြီးပါပကော အေးဆေးပြောလို့မှမရရင် ဒီမှာတွေ့လား ဒါနဲ့ ဆက်ပြီး ခေါ် ဟား ဟား ဘာတတ်နိုင်မတုံး'

သေနတ်ကိုပြပြီး ပြောတော့…

'ဟား ဟား ဟုတ်တာပ တစ်ယောက်တည်းသော ငါ့တပည့်ထဲမှာ င်းအတော်ဆုံးနဲ့ အားအကိုးရဆုံး'

'အင်'

'ကဲ… ညကျရင် ဆရာမလေးကို သွား မ မယ်၊ အဟင်း… ဦးမှရတော့မယ် ကဲ… အကြိုပွဲလေး လုပ်ရအောင် သွားယူကွာ'

'အဟဲ… ကောင်းတာပေါ့ဆရာသမားရယ် အဟား'

ဒါနဲ့ပဲ မြှောက်တဲ့သူမြှောက် မြောက်တဲ့သူမြှောက်နဲ့ ခဏကြာတော့ ဆိဝိုင်းတစ်ဝိုင်း ဖြစ်လာတော့တာပဲ။

*



www.burmeseclassic.com

www.burmeseclassic.com



နေလုံးကြီး တဖြည်းဖြည်းပျောက်သွားတာနဲ့ လမင်းကြီးက ချက်ချင်း ပေါ်လာတယ်။ ပြည့်ပြည့်ဝိုင်းဝိုင်းနဲ့ လမင်းကြီးကိုကြည့်ပြီး ဆရာမလေးကို သတိရနေတာရယ်။

စိတ်ထဲမှာလဲ အခုတစ်ခေါက်သွားတွေ့တာ အရင်ကထက်တောင် ပိုလှလာတယ်လို့ ထင်တာ။ ဟုတ်တော့လည်း ဟုတ်တယ်။ ဟုတ်ဆို ဆေမိုး အခု ဟာတ်ထိနေပြီကိုး။ ဒါနဲ့ ဝါးခုံမှာထိုင် လမင်းကြီးကိုကြည့် ဆရာမအကြောင်းတွေးပြီး နေမထိ ထိုင်မထိ ဖြစ်နေလေရဲ့။

'ဆရာ ဘာတွေမှိုင်နေတာလဲ'

'ဪ… ဒေဝ… ဘာမှမဟုတ်ပါဘူးကွာ ဟင်း…'

'ဘာမှသာမဟုတ်တယ် ဆရာ့မျက်နှာက အစာကိုမြင်ရုံနဲ့ မစားရတဲ့ ခွေးတကြီးအတိုင်းပဲ အဟီး…'

'အင်'

'ဟုတ်တယ်လေ… ဒီဆရာတပည့်လေးပဲ ရှိတာ ရင်ဖွင့်စရာ ဖွင့်ပေါ့၊ အခုတော့ ကြိတ်ခံနေတယ်'

ဟုတ်တော့လည်း ဟုတ်တယ်။ အုံ့ပုန်းသမားဆိုတာ ပိုခံစားရတာ လေ။ သူများတွေလို အဖြစ်ကလည်းမရှိ၊ လုပ်ချင်ဖြစ်ချင်တာကလည်း လွန်ရော။ ဒါနဲ့ သက်ပြင်းကို ချကာ…

'ဟင်း… မင်းမသိပါဘူးကွာ၊ ငါက တကယ်ချစ်တာဟ'

'ဟာ… ဒါကြောင့် မ ,လို့ ပြောတာ၊ လက်နှေးနေရင် ခွက်ထဲ အဲလေ… သူများနောက် ပါသွားမယ်နော်၊ ပေတိုးလက်က သွက်တာရယ်'

'ဟေ… ဟုတ်တယ်ကွ၊ ဒီကောင်က လူသာ ခွေးပစ်တုတ်လောက် ရှိတာ အံမယ် သွက်တယ်'

ဒါနဲ့ မျက်လုံးပါပြူး၊ ကိုယ်ပါမတ်ပြီး ဘာလုပ်ရမလဲ ဆိုသအော စဉ်းစားနေတာ။ ကြံသာကြံနေတာ ဘာအကြံမှလည်း ထွက်မလာဘူးရယ်။ ဒါနဲ့ ဒေဝက မျက်စောင်းထိုးပြီး…

www.burmeseclassic.com

www.burmeseclassic.com



'အ တတ်ရှန်ကော… ပေတိုးတို့မသိအောင် သွားပြီး မ ကြ ဆယ်လေ'

'ဟာ ဖြစ်မလား၊ မ ရအောင် ငါ့ရည်းစားမှ မဟုတ်တာ'

မျက်ပြူးကြီးနဲ့ ခတင်းငြင်းတော့ ဒေဝက ခေါင်းကို ရမ်းတယ်။ ဟုတ်တယ်လေ ထူတာရယ်။ ဒါနဲ့ ခါးက သေနတ်ကို စားပွဲပေါ် တင်ရင်း…

'ဒါက ဘာလုပ်ဖို့လဲ'

'ဒေါက်'

'ဟင်'

'အဟွင်… ချစ်တာတွေ မချစ်တာတွေဆိုတာ ညားပြီးသွားရင် အလကားပဲ၊ ဘေးရောက်ကုန်တာ၊ အဓိက,က အဓိကပဲ'

'ဟာ… ဘာလဲဟ အဓိက'

'ဟာ… အပ့်ငါ့ဆရာရယ်၊ အဓိက,က သူ့ကို ပိုင်ရင် ပြီးပြီ၊ ကျန်တာနောက်မှ လုပ်ယူလို့ရတယ် ဟုတ်ဘူးလား'

'အင်း… နေပါဦး'

ဆရာကို ဆရာပြန်လုပ်နေတာရယ်။ အေးလေ အတူတူနဲ့ အနူနူပဲ။ ဟိုကလည်း ခဏစဉ်းစားနေတာ။ ဒါပေမဲ့ ထူဆိုတော့ ခေါင်းပူတာက လွဲပြီး မထူးဘူးရယ်။

'ဟာ… ငါက သူ့ချစ်ကိုမှ လိုချင်တာ'

'ဒါဆိုလည်း အဘိုးကြီးဖြစ်တဲ့အထိစောင့်'

'ဘာကွ'

'ဟုတ်တယ်လေ ပိုးရယန်းရတာ လွယ်တာလိုက်လို့၊ ပြီးတော့ ဆရာ က နှုတ်ကလည်း မရဲဆိုတော့ ကြာရင် ပေတိုးနောက် ပါသွားလိမ့်မယ်'

'ဟင်… ဒါဆို ငါဘာလုပ်ရမလဲ'

'ဩော…ခက်ပြီ'

'ဟာ… မင်းကလဲ ဒါလေးမေးတာကို'



www.burmeseclassic.com

www.burmeseclassic.com



'အကြမ်းနည်းနဲ့ သွား မ ရမပေါ့၊ နောက်ကိစ္စနောက်မှရှင်း၊ ထဲ
သဘောပေါက်လား'

'ဪ... ဟုတ်ကဲ့'

'ဟုတ်ကဲ့မလုပ်နဲ့လေ၊ ဘယ်တော့ မ,မလဲ'

'အင်း... ကြာပါတယ်ကွာ ဒီည'

'ဗျာ... မြန်လိုက်တာ'

●



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၆)

လထွက်လာတာနဲ့ ကပ္ပိယကြီးဦးထော် ဣန္ဒြေမရဖြစ်လာပြီ။ ရွာထဲကို သွားချင်တာမှ ယားလို့။ ခြေထောက်ပြောပါတယ်။ ဒါပေမဲ့ သွားလို့မရသေးဘူး။ အခု ဆရာတော်ကြီးက တရားထိုင်နိုင်းထားလို့ ဝင်လေ ထွက်လေ မှတ်နေရတယ်။

'ဝင်တယ်… ထွက်တယ်… ရှူး…ရှဲ…ရှူး…ရှဲ…'

'အင်း… အခုလောက်ဆို စနေလောက်ပြီလား။ ဟင်း…နောက်ကျရင်တော့ ငတ်ပြီ'

'တယ်… ဒီကပ္ပိယ'

အနားကနေ ကွမ်းညှပ်ကြီးနဲ့ ကွမ်းသီးကို အသံမမြည်အောင် ညှပ်နေတဲ့ ဆရာတော်ကြီးက ကြည့်ပြီး မကျေမနပ်ဖြစ်လာတယ်။ ခါတိုင်းဆို တရားထိုင်ရင် ငြိမ်ပြီး ကုပ်နေတာရယ်။

အခု ဒီလိုမဟုတ်။ လှုပ်လှုပ်ရွရွနဲ့ အငြိမ်မနေ။ မျက်လုံး တစ်လုံးဟောတ်တစ်လုံး မသိမသာဖွင့်ဖွင့်ပြီး မျက်နှာချင်းဆိုင်နံရံက နာရီကို ခဏခဏကြည့်နေတာရယ်။ နာရီဝက်ထိုင်ခိုင်းထားတာ ဘေးကထိုင်ကြည့်ပြီး စိတ်ကျေနပ်စရာ တစ်ကွက်မှမတွေ့။ တွေးနေတုန်း မျက်လုံးတစ်ဖက် ပွင့်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဟော… ငထော်… နင် စိတ်ရောပါရဲ့လား'

'တင်… တင်ပါ့ဘုရား ပါပါတယ်'

'နင် ပါပါတယ်သာပြောတာ မျက်လုံးက နာရီပဲ ကြည့်နေတာကော၊ ဟင်း… အချိုးမပြေရင် တစ်နာရီဖြစ်သွားမယ်နော်'

'ဟင်…'

'မဟင်နဲ့ တစ်နာရီမှ မရရင် ကြိမ်လုံးပဲ ရမယ်၊ ကြိမ်လုံးမလိုချင်ရင် နောက်နာရီဝက်ကို အသေအချာမှတ် ကဲ… အစကပြန်မှတ်'

'အဟင့်… တင်…'တင်ပါ့ဘုရား'

'ဟွန်း'

ဒါနဲ့ စိတ်ကို ပြန်စုပြီး တစ်ခါမျက်လုံးကိုမှိတ်။ အဲ… မှိတ်ပြီးမှ တစ်ခါဖွင့်ပြီး နာရီကြည့်တယ်။ ဟိုက စွေကြည့်နေတာ တွေ့တော့ ကမန်းကတန်း ပြန်မှိတ်ပြီး…

'ရှုး ရှဲ…ဝင်…ထွက်'

'ရှုး ရှဲ…ဝင်…ထွက်'

အသက်ကို ပြင်းပြင်းရှုပြီး အတင်းစိတ်က လိုက်မှတ်တယ်။ တကယ်တော့ သူ လောနေတာရယ်။ အောင်သောင်းတို့ကလည်း ခိုးချက်စားတယ်မပြောဘူးလေ။ ဒီတော့ နောက်ကျရင် ငတ်မယ်ထင်ကာ အမှန်တော့ ညဥ့်နက်မှစားရမှာ၊ ဒါကိုမသိတော့ စိတ်မောနေရှာတယ်။

'ဟင်း…ဒုက္ခ…ငါ့နှယ်… ခါတိုင်းညတွေကဆို ငါတရားထိုင်ရင် သူပြန်ပြီ အခုမှ'

'ဝင်တယ်… ရှုး… ထွက်တယ်… ရှဲ…'

'ဟော… အသံမကြားရတော့ဘူး၊ အသာဖွင့်ကြည့်လိုက်မယ်'

'ဟင်… အဟဲ'

'အင်းဟာ…'

'ဒေါင်'

အသံမကြားရလို့ မရှိတော့ဘူးထင်ပြီး မျက်လုံးဖွင့်ကြည့်တာ ဆရာ



www.burmeseclassic.com

www.burmeseclassic.com


တော်က ကြိမ်လုံးနဲ့ ထိုင်ရက်ကနေ နဖူးကိုတွယ်ထည့်လိုက်တာ ကြယ်မိစိလေး သုံးလေးခု မြင်သွားပြီး အတင်းပြန်မှတ်တယ်။ ပြန်မှတ်ရပြန်တယ်။

'ရှူး ရှဲ… ရှူး ရှဲ…'

'အမယ်ကြီး လက်သံကလည်း ပြောင်ပ'

'ရှူး… ဝင်… ရှဲ…ထွက်… ရှူးထွက်…ရှဲဝင်'

'အဲလေ… ရှူးထွက်… အဲ…ရှဲ…ဝင်…ဟယ်'

အယောင်ယောင်အမှားမှားတွေ ဖြစ်ကုန်လေရဲ့။ ခဏကြာတော့ တစ်ခါပြီးကာနီးပြီလား မျက်လုံးဖွင့်ကြည့်တယ်။

'ဟော… ပွင့်လာပြန်ပြီ'

'ကတောင်'

'အမယ်ကြီး'

'ဟဲ့… ငထော်'

'ဘုရား'

'ဘုရားနောက်ထား မျက်လုံးပြန်ဖွင့်'

ဒါနဲ့ မျက်လုံးကိုဖွင့်ကြည့်တော့ စိတ်အတော်တိုနေတဲ့ ဆရာတော်ကြီးကို တွေ့ရတယ်။

'ကဲ… ဒီညတော့ ရှိစေတော့၊ နင် ကုသိုလ်ရဖို့ကို ငါ ငရဲကြီးတယ်၊ ဒီတော့…'

'တင်ပါ'

'ဒီလောက်လူပ်လူပ်ရွရွဖြစ်တဲ့ အကောင် သွား… ရှစ်နာရီမထိုးမချင်း ထင်းခွဲ၊ လသာတာနဲ့ အတော်ပဲ ဟွန်း…'

'ဟို… နောက်နေ့မှ … မှ'

'ခုတ်… တိတ်… မျိုချ…'

'အင်… ဂု… အု…'

'နင့်ကိုခိုင်းရတာ အကုသိုလ်များတယ်၊ သွား… ငါက ဒါဆိုဒါပဲ၊ နင့်ကိုရိုက်လဲ လက်ညောင်းပြီး ငရဲကြီးတာပဲရှိမှာ၊ ဝက် ဖဲ့သား ကျွေးတာမှ


www.burmeseclassic.com

www.burmeseclassic.com



စားရင်း အင်းအင်းနဲ့ အသံထွက်ဦးမယ် နင့်ကိုတော့ ဟင်း… သွား… ရှစ်နာရီထိုးမှရပ်'

'တင်ပါ့ဘုရား… အဟင်း'

ဆရာတော်လည်း ပြောပြီး ကျက်သရေခန်းထဲဝင်သွားတော့ ဦးထော်ခမျာ ငိုမဲ့မဲ့နဲ့ အောက်ဆင်း၊ ပုဆိန်ကြီးနဲ့ လသာဘာထဲမှာ ခါးတောင်းအမြှောင်ကျိုက်ပြီး တခွမ်းခွမ်းနဲ့ ထင်းခွဲနေရလေရဲ့။

*

လထွက်ပြီဆိုတာနဲ့ ဦးတိုး အလုပ်စပြီ။ ကြက်ခြံရှေ့မှာ ခုံတန်းလျားနဲ့ စားပွဲကို နေရာချတယ်။ အဖန်အိုးနဲ့ ဆေးလိပ်ရယ်။ ပြီးတော့ လက်စွဲတော် တူမီးကြီးကို စားပွဲပေါ်တင်ပြီး ကင်းစောင့်နေလေရဲ့။

သိတဲ့အတိုင်း ကာလသားတွေ ကြက်ခိုးချက်စားရင် ဒီကြက်ခြံပဲလေ။ ကြာတော့ သည်းမခံနိုင်တော့ဘူး။ သူတို့ကသာ အပျော် အပျော်နဲ့ ကိုယ့်မတော့ ကြာရင်မွဲရချည်ရဲ့။ ဒါနဲ့ တမင်အပေါက်ဆိုးအမြင်ကတ်အောင်နေတာ။ ဒါမှ ကြက်ဥတွေ၊ ကြက်ကလေးတွေကို အလကားတောင်းတဲ့သူတွေ တွန့်သွားသလို တော်ရုံလူ ခြံနားမကပ်ရဲတော့ဘူးရယ်။ ဒါပေမဲ့…

အောင်သောင်းတို့အဖွဲ့ကိုတော့ လန့်တာရယ်။ ဒီကောင်တွေက လက်ရဲခက်ရဲ ခိုးတိုင်းလည်းရ ရတိုင်းလည်း မမိ၊ မမိတိုင်းလည်း လာလာခိုးနေကြတာရယ်။ ဒါနဲ့ အခုဆို ခြံကို အသေအချာခတ်ပြီး ကင်းပါစောင့်ရတော့တာ။

သူက အောင်သောင်းတို့အကြောင်း စဉ်းစားနေတုန်း သူတို့အဖွဲ့ကတော့ သူ့ခြံဘေး သစ်ပင်ကြီးအောက်မှာစုပြီး တီးတိုးတိုင်ပင်နေကြတာ။ လက သာတာတော့ ဟုတ်တယ်။ ရွာက သစ်ရိပ်တောင်ရိပ်တွေက များတော့ မှောင်ရိပ်က လုံတာရယ်။ အောင်သောင်းက…

'ကုလားကြီး… မင်း ပိရိပါစေနော်၊ ဒီလူကြီးအိပ်တာကို စောင့်နေရင် ငါတို့ ဒီည စားရမှာမဟုတ်ဘူး'

www.burmeseclassic.com



'အေးပါကွ၊ မင်းသာ ပိုင်နိုင်အောင်လုပ်'

'စိတ်ချ… ကဲ… ငါလစ်ပြီ၊ အဲ… နေဦး ရာကျော်နဲ့ဖိုးတင် မင်းတို့နှစ်ကောင် သေချာပုန်းနေ၊ တော်ကြာ တူမီးစာမိနေမယ်'

'ဟာ… လျှာရှည်တယ်၊ သွား လုပ်စရာရှိတာ သွားလုပ်'

ဒါနဲ့ ဦးတိုးခြံနောက်ကို အောင်သောင်းက ဟိုဒီပြေးကပ်ပြီး သွားတယ်။ ကုလားကြီးတို့ သုံးယောက်ကတော့ ငြိမ်ကုပ်နေတယ်။

ခြံနောက်လည်း ရောက်ရော ခဲလုံးအနေတော် ကောက်ပြီး ကြက်ခြံထဲ ပစ်ထည့်လိုက်တယ်။

'ကတော် ကတော်'

'ကွပ် ကွပ်'

'ပိညှပ် ပိညှပ်'

ဦးတိုး ရေနွေးခွက်ငှဲ့ပြီး သောက်မယ်ကြံရုံရှိသေးတာ ကြက်ခြံဘက်က အသံပေါင်းစုံထွက်လာတာနဲ့ မျက်လုံးပြူးပြီး အတင်းထပြေးတယ်။ အဲ… ကြက်ခြံဘေး မှောင်ရိပ်တွေထဲ ကွန်မန်ဒိုတွေလို ဟိုချောင်ကပ် သေနတ်ကို ထိုးချိန်၊ တစ်ခါပြေးကပ်လိုက် ချိန်လိုက်နဲ့ တော်တော်ကြာ တဲ့အထိ ခြံနောက်ဘက် မရောက်သေးဘူးရယ်။ ကြက်တွေကလည်း အလန့် တကြား ထအော်နေကြလေရဲ့။

ကုလားကြီးက ဖတ်ခနဲ ခြံရှေ့ပြေးကပ်တယ်။ ကုန်းကုန်းကွကွနဲ့ ခြံနောက်ထဲ ဝင်သွားတဲ့ ဦးတိုးကိုကြည့်ပြီး ပြုံးတယ်။ ဦးတိုး နောက်ဘက် ကို ရောက်သွားတာနဲ့ တန်းလျားဘေး ဖတ်ဆို ပြေးကပ်ပြီး အိတ်ကပ်ထဲ စမ်းတယ်။

'ဟာ… အရေးထဲ ဘယ်နားထားမိပါလိမ့်'

ဒါနဲ့ ဘောင်းဘီအိတ်ထဲ နှိုက်ဘယ်၊ မရှိဘူး။ ခေါင်းချွေးပါပျံလာပြီး ဟိုကလဲ ပြန်ထွက်လာရင် မလွယ်ဘူး။ ဒါနဲ့ အတင်းရှာတယ်။

'ဟာကွာ…တောက်… ဒီကောင်ကွာ အရေးထဲကျမှ ဒုက္ခရတယ် လို့'



www.burmeseclassic.com

www.burmeseclassic.com



'အေးလေ… ဟာ… လာပြီဟ မြန်လာပြီ'

မှောင်ရိပ်ထဲက နှစ်ယောက်ကလည်း ကုလားကြီးကို ကြည့်ပြီး အသည်းတွေ ယားနေပြီ။ ဦးတိုးက သေနတ်ကြီး ဟိုဒီချိန်ပြီး ကြက်ခြံကို လိုက်ပတ်နေတာ တစ်ပတ်ပြည့်ကာနီးနေပြီ။ ရှေ့ပြန်ရောက်လာရင်တော့ ကုလားကြီးဘဝ မတွေးရဲစရာတွေဖြစ်ပြီ။ ဒီအချိန်မှာမှ…

'ဩော်… ခုမှသတိရတယ်'

ပျောက်မှာစိုးလို့ ဘောင်းဘီအတွင်းအိတ်မှာ တွယ်ချိတ်နဲ့တွယ်ထားတဲ့ အထုပ်လေးကို ဖြုတ်ယူတယ်။

လက်ထဲရောက်လာတဲ့ အထုပ်လေးကို ကပျာကယာဖွင့်ပြီး သောက်လက်စ ပန်းကန်လုံးထဲ ထည့်၊ သေချာအောင် အဖန်အိုးပါ အဖုံးဖွင့်ထည့်တယ်။ အချိန်မီလေးပဲ။ သူလည်းထည့်ပြီး အမှောင်ရိပ်ထဲအဝင် ဦးတိုးလည်း ရှေ့ကို ပြန်ထွက်အလာနဲ့ သီသီလေး ကပ်လွဲသွားတယ်။

'တောက်… ကြက်မသားတွေ အားအားရှိလန့်နေကြတာပဲ ဟွန်း… အင်… စောစောက ဒီနား လူတွေ့လိုက်သလိုပဲ'

တန်းလျားမှာ ပြန်ထိုင်ပြီး ခြံရှေ့ကို သဲသဲမဲမဲ ကြည့်နေတယ်။ ရေနွေးကိုတော့ မသောက်သေးဘူး။ ဆေးလိပ်ကြီး မီးညှိကာ ဖွာပြီး မျက်လုံးက ရှေ့ကိုပဲ ကြည့်နေတာရယ်။ ဒါနဲ့ပဲ…။

*

ကြည့်… တစ်ယောက်တည်း လမ်းသလားပြီး နာရီတကြည့်ကြည့်နဲ့ ဖြန်းဖြန်းထနေတယ်။ ဣန္ဒြေမရ ဖြစ်နေတာပြောပါတယ်။ ခုနစ်နာရီတောင် မခွဲတတ်သေး။ ချိန်းထားတာက ကိုးနာရီ။ တကယ်တော့ ရှစ်နာရီလောက်ဆို နေ့ဘက် ပင်ပန်းတာနဲ့ ရွာလုံးကျွတ်အိပ်ကုန်ပြီ။ လောနေတာ ပြောပါတယ်။

'ကြီးမြ… အိပ်သေးဘူးလား၊ အိပ်တော့လေ'

'ဟယ်…ဒီကောင်မလေးတော့ မအိပ်ချင်သေးပါဘူးဆိုမှ အတင်းအိပ်ခိုင်းနေတယ်၊ ညည်းအိပ်ချင် အိပ်တော့ တကာစာ ပြီးတော်'



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းဖူးဖက်ဆေးလိပ်ကြီး ထိုင်ဖွာနေရာကနေ မာန်လိုက်တယ်။ ဒါနဲ့ ဟိုဟာလေးလည်း ဇက်ပုသွားတယ်။

ပြောမယ့်သာပြောတာ ကြီးမြလက်ပေါ်တင် ကြီးလာတော့ ဘာပဲဖြစ်ဖြစ် ကြောက်တာရယ်။ ခွေမျိုးနီးစပ်ကလည်းတော်တော့ ငြိမ်သွားတယ်။ ဒါပေမဲ့ ခဏပဲ။ တော်တော်ကြာ တစ်ခါ လှုပ်လှုပ်ရွရွနဲ့ ဖင်ကုတ်ခေါင်းကုတ် ဖြစ်လာပြန်တာပဲ။ ဒါနဲ့...

'ဟဲ့... မိဂျူး... ညည်း ဘာဖြစ်နေသတုံး၊ ကြည့်ရတာ မိုက်ပဲမှာနေသလို၊ ရင်ပဲအောင့်နေသလိုနဲ့၊ ညည်းကြည့်ပြီး ငါပါ မူးလာပြီ ဟင်း...'

'အဟဲ... ကြီးမြကလဲ ဘာမှမဖြစ်ပါဘူး'

'ဟွန်း... ကောင်မနော်၊ ရှုတ်ရှုတ်လုပ်မယ် မကြံနဲ့ ညည်းအမေနဲ့ကို ပြန်တိုင်မှာ'

'ဟာ... ကြီးမြကလဲ ဘာလုပ်နေလို့လဲ'

'အံမယ်... လုပ်ရဲလုပ်ကြည့်ပါလား ဟွန်း... တွေ့သွားမှာပေါ့၊ ညည်းအမေတုန်းက ငါ ထိန်းလာတာ ညည်းထက်တောင် ဆိုးသေးတာ'

'ရှင်'

'မရှင်နဲ့ ညည်းအဖေနဲ့ ကြိုက်တုန်းက ဆယ့်ရှစ်နှစ်တောင် မပြည့်တတ်သေးဘူး၊ အံမယ်... ဒါတောင် ငါအထိန်းကောင်းလို့ ဒီလောက်နေတာ'

'ဟင်'

'မဟင်နဲ့၊ ညည်းအမေက အသက်တောင်မပြည့်သေးဘူး ဖြန်းဖြန်းထနေတာ၊ အံမယ်... တစ်ရက်ကလေး ရှာထဲသွားတာ ငါလည်းမပါရော ညည်းအဖေနဲ့ ကြိုက်ပါရောလား'

'ဟာ'

'မဟာနဲ့... ကြိုက်ပြီး ညဘက်ဆို ချိန်းတွေ့ကာနီး စောစောက ညည်းဖြစ်သလို ဂွကြွေမရ ဖြစ်နေတာ၊ အံမယ်... ဒါနဲ့ သနားလို့ ခဏလေး ပါဆိုလို့ ပေးတွေ့လိုက်တာ တစ်ခါတည်း ပါသွားပါရောလား'



www.burmeseclassic.com

www.burmeseclassic.com



'ရှက်'

'မရှုန်နဲ့ … အခု ညည်းကိုတော့ တစ်ညလုံးမအိပ်ဘဲ စောင့်ရမယ်၊ မသေရှားတော့ဘူး၊ ပြီးတော့ … တခြားရွာသားယောကျ်ားနဲ့ရရင် ငါတို့ရွာ ပြာဖြစ်ပြီ၊ ဟွန်း … ဒီည ညည်းမှုပျက်နေတာ အိပ်ကို အိပ်လို့မဖြစ်တော့ဘူး'

'ဟာ … ကြီးမြကလဲလို့ အဟင့် …'

'ငါ့ကို လာမချွဲနဲ့ တစ်ခါပဲရမယ်၊ ဒီတစ်ခါတော့ နိုးပဲ၊ ကဲ … လက်ဖက်သုပ်ပြီး စားလိုက်ဦးမယ်၊ ဒါမှ မအိပ်ချင်မှာ'

'အဟင့်'

ပြောလည်းပြော မီးဖိုချောင်ထဲ ဝင်သွားတော့တာ၊ ဟိုဟာလေးလည်း ငိုမဲ့မဲ့ ကျန်ခဲ့လေရဲ့။ မှတ်ပေါ့ လင်နောက်လိုက်မယ့်အရေး ပျာယာခတ်နေမှ တော့ ရိပ်မိပြီပေါ့၊ ဒါနဲ့ပဲ …။

*

'အင်းဟာ'

'ခွမ်း'

'ကဲ'

'ဒုတ် … ခွမ်း'

ဦးထော်တစ်ယောက် တင်းတင်းနဲ့ ဖြတ်ထားတဲ့ တုံးပိုင်းတွေကို ပုဆိန်နဲ့ တခွမ်းခွမ်း ခွဲနေလေရဲ့။ အလုပ်သာလုပ်တာ စိတ်က ရွာထဲ ရောက်နေတာရယ်။

'တောက် … ငါ့ဖို့မှ ကျန်ပါဦးမလား ဟင်း … ဟယ် … စောပါ သေးတယ်၊ အင်းဟာ …'

'ဒုတ် … ခွမ်း'

အတော်လေးကြာတော့ ကျောင်းပေါ်ကနေ ခြေသံကြားရပြီး ဆရာ တော်ကြီးက တံခါးပေါက်ကနေ …

'ကဲ … ဖိုးထော် ရပြီ တော်တော့၊ နောက်တစ်ခါဆို ဒီထက်ဆိုး မယ်၊ ရှစ်နာရီထိုးပြီ အိပ်တော့'



www.burmeseclassic.com

www.burmeseclassic.com



'တင်ပါ့ဘုရား'

ပြောလည်းပြော တံခါးပါ ပိတ်သွားတယ်။ ဆရာတော် ကျိန်းတော့မယ် ထင်ပါရဲ့။ ဒါနဲ့ ပုဆိန်ကြီးချပြီး အင်္ကျီနဲ့ ချွေးသုတ်ကာ ခဏငြိမ်နေလိုက်တယ်။ ချွေးတွေထွက်တာနဲ့ ရေချိုးတယ်။ ပြီးမှ အေးတာနဲ့ ဘောင်းဘီရှည်၊ အင်္ကျီလက်ရှည်တွေဝတ်ပြီး စောင်ကြီးခြုံကာ အိပ်ယာထဲလှဲပြီး…

'သြော်… သူတစ်ပါးအသားလေးစားဖို့ကို ငါ့မှာ ဒုက္ခတရားကြီးပါဘိ၊ သြော်… ဆရာတော်ကြီးပြောတာ တယ်မှန်ပဲ၊ လူဆိုတာ စိတ်နောက်လိုက်ရင် ပျက်တော့တာ'

'အဖြစ်အပျက်တရားတွေ ပေါ်လာပါပကော၊ မသွားတော့ပါဘူးလား၊ စားချင်တယ်ဆိုတာ စိတ်ပဲ၊ ဒီစိတ်ကို နိုင်ထားရင် ဘာစား…စား…'

'ဦ…'

'အင်'

တစ်ယောက်တည်း တရားသဘော ဆင်ခြင်နေတုန်း အလုပ်လုပ်လိုက်ရတော့ ဗိုက်က အော်သံမြည်လာတယ်။ ဒါပေမဲ့ မျက်လုံးကို မှိတ်ပြီး…

'ဆာတယ်ဆိုတာလည်း စိတ်ပဲ၊ ကဲ… မသွားတော့ပါဘူး'

'ဦ… ဦ…'

'တောက်… ဗိုက်ကလဲ ဆာပါ့၊ အင်း… မသွားတာပဲ ကောင်းပါတယ်'

ပြောပြီး အိပ်ယာထဲ လှဲလိုက်တယ်။ တစ်ခါ ဗိုက်ဆာတာနဲ့ ထထိုင်ပြန်တယ်။ တစ်ခါ မသွားတော့ပါဘူးဆို ပြန်အိပ်တယ်။ တစ်ခါ ပြန်ထတယ်။ ဒါနဲ့ပဲ ဦးထော်လည်း အိပ်ထလေ့ကျင့်ခန်း လုပ်နေတာလား မှတ်ရတယ်။ အဲ… နောက်ဆုံးတော့ ဘာလုပ်လို့ လုပ်ရမှန်းမသိတဲ့ သူ့စိတ်ကို သူနိုင်သွားလေရဲ့။

'ဟာ… သွားတာပဲကောင်းတယ်၊ နောက်ဘဝ ဘာဖြစ်ဖြစ် အခုစားရဖို့ အရေးကြီးတာ၊ လာထား'



www.burmeseclassic.com

www.burmeseclassic.com



ပြောလည်းပြော ဇရပ်ပေါ်ကနေ ရွာဘက်ကို ဖနောင့်နဲ့တင်ပါး တစ်သားတည်းကျအောင် ပြေးသွားတော့တာ ကဲ ကောင်းရော။

ဒီအချိန်မှာ အောင်သောင်း၊ ရာကျော်နဲ့ ဖိုးတင်တို့က ခြံဘေးမှာ အလုပ်ရှုပ်နေတော့တာ။ ကုလားကြီးပြန်လာလို့မရဘူး ဖြစ်နေတာရယ်။ ဟိုက ဆေးလိပ်ကြီးဖွာပြီး ပုန်းနေတဲ့သစ်ပင်ဘက် မျက်ခြည်မပြတ်ကြည့်နေတယ်။ ကုလားကြီးလည်း ချွေးပျံနေပြီပေါ့။ ဟုတ်တယ်လေ ပြောရတာ မဟုတ်။ ဖြတ်ပြေးမှတွေ့ပြီး ပစ်လိုက်လို့ ကြက်သားမစားရဘဲ ကြက်ကားကားနေမှာ။

'အောင်သောင်းရ… ကုလားကြီးပိတ်မိနေပြီ ဘယ်လိုလုပ်မတုံး'

'အေး… ဦးတိုးကြီးကလဲ ရေနွေးကြမ်းမသောက်သေးဘူး၊ တော်ကြာမိနေမှ ဂိနေမယ်'

'ဟား… နေပါဦးကွ၊ ငါ ကြံပါဦးမယ်'

သုံးယောက်သား ခဏငြိမ်သွားကြတယ်။ အောင်သောင်းက…

'မထူးပါဘူးကွာ၊ ငါ ခဲနဲ့ အနောက်ကနေ သွားပြန်ပစ်မယ်'

'ဒီတစ်ခါ လာပါဦးမလား'

'… မလာမချင်း ပစ်မယ်၊ ကဲ… ငါလစ်ပြီ'

ဒါနဲ့ အောင်သောင်းက ခြံအနောက်ကို တစ်ခါပြန်ပြေးကပ်တယ်။

ဦးတိုးက ဒီသစ်ပင်ကို မသင်္ကာဖြစ်နေတာ ကြာပြီ။ ဒါနဲ့ ထပြီး သွားကြည့်မယ် ဆုံးဖြတ်ပြီး သေနတ်ကြီးကို ပစ်ဖို့အသင့် ချိန်ကာ တစ်လှမ်းချင်း အသာလေး ဖွနင်းပြီးသွားတယ်။ အံမယ်… ဘာသံမှကို မထွက်တာ။ အပင်က လူကြီးသုံးဖက်စာလောက်ရှိတော့ ဖြည်းဖြည်းချင်း ပတ်ရှာတယ်။ ကုလားကြီးလည်း မျက်လုံးပါပြူး၊ ချွေးပါပျံပြီး မမြင်အောင် သစ်ပင်ကို လိုက်ပတ်ရတော့တာ။

လူကမရောက်သေးဘူး၊ သေနတ်ပြောင်းက ရှေ့ကနေ ထွက်နေတော့ ပုန်းရတာ လွယ်တာပေါ့။ သုံးပတ်လောက် ပတ်ပြီးတဲ့အခါ ရှေ့မှာဘာမှ မတွေ့တော့ နောက်လှည့်ပြီးချိန်မယ်လည်း လုပ်ရော…



www.burmeseclassic.com

www.burmeseclassic.com


'ကတော် ကတော်'

'ကွပ် ကွပ်'

'ပိညှပ် ပိညှပ်'

'ဟိုက်'

ကြက်ခြံဘက်က ကြက်တွေရဲ့ ငယ်သံပါအောင် အော်တဲ့အသံကို ကြားပြီး နောက်မလှည့်နိုင်တော့ဘဲ တစ်ချိုးတည်း ကြက်ခြံဘက် လစ်တော့တာ။

'အံမယ်လေး တော်ပါသေးရဲ့၊ ပြေးမှ'

ကုလားကြီးလည်း ပြေးရတော့တာ၊ ကံကောင်းလို့ နောက်သာ လှည့်ချိန်လိုက်လို့ကတော့ မျက်နှာနဲ့ သေနတ်ပြောင်းက· ကွက်တိရယ်။ ဒါနဲ့ ခွက်ခွက်လန်အောင် ပြေးရလေရဲ့။

'အံမယ်ကြီး ကံကောင်းလို့ မသေ၊ သံချောင်းတို့အဖေ'

'တော်သေးတာပေါ့ ကုလားကြီးရာ သေတော့မလို့'

'ဟုတ်ပ··· တကတည်း မပျောက်အောင်လို့ အသေအချာဖည့်ထားတဲ့နေရာကိုမှ မေ့ရတယ်လို့ တောက်···'

အမောင်ထဲ ကုလားကြီးကို တိုးတိုးကျိတ်ကျိတ်ဝိုင်းပြီး ဩဘာပေးနေကြတာရယ်။ ဟုတ်နေတော့ ငြိမ်နေရတော့တာ။ ခဏကြာတော့ အောင်သောင်းရောက်လာတာနဲ့ လေးယောက်သား ငြိမ်ပြီး အချိန်အခါကို စောင့်ရတော့တယ်။

ကြက်တွေ အော်သံကြားတာနဲ့ ဦးတိုးက သေနတ်ဒင် ပခုံးထောက် မျက်စိနဲ့ချိန်သီး တစ်ပြေးတည်းထားပြီး ဖတ်ဆို ခြံဘေးပြေးကပ်တယ်။ တစ်ခါ ညာကိုယိမ်းပြီး နောက်လှည့်ချိန်၊ တစ်ခါ ရှေ့ပြန်လှည့်ချိန်၊ တစ်ခါ ရှေ့တိုး၊ တစ်ခါ ဘေးချိန်၊ နောက်ချိန်၊ တောင်ချိန်မြောက်ချိန်နဲ့ကြည့်ရင်း ကုလားကြီးတို့အုပ်စု မသောက်ဘဲ တစ်လုံးဖိုးစာလောက်မူးနေပြီရယ်။

အဲ··· ဦးတိုးကတော့ ဓာနဲ့ဆိုတော့ ပြီးတော့··· အကျင့်ကလည်း ရနေတော့ ဘာမှမဖြစ်။ ဒါနဲ့ တစ်ပတ်ပတ်ပြီး တစ်ခါသေချာအောင်

www.burmeseclassic.com



နောက်တစ်ပတ် ပြန်ပတ်တယ်။ ပြီးမှ သေနတ်ကြီး တွဲလောင်းချကိုင်ပြီး…

'အံမယ်… ကြက်မသားတွေ ကြက်တွေလို့ မပြောရဘူး လန့်တတ်လိုက်တာ တောက်…. ခါတိုင်း ဒီလိုမဟုတ်ပါဘူး'

'သြော်… တယ်မော်ပါလား၊ အင်းဟာ…'

'ဂလုလု… အု…ဖွီ…ရေနွေးကလည်း အေးနေပြီ၊ ဒီည ဘာတွေဖြစ်နေမှန်းကိုမသိဘူး'

တစ်ယောက်တည်း ပြောလည်းပြော ရေနွေးခွက်ကောက်မော့လိုက်တာ အေးတော့ နည်းနည်းပြန်ထွေးထုတ်တယ်။ ပြီးမှ အကျအနထိုင်ပြီး အိုးထဲကနေ ထပ်ငှဲ့ပြီး သောက်လိုက်တယ်။

'ဟူး… ခေါင်းကိုကြည်သွားတာပဲ'

'သြော်… ငါ့နှယ်… အောင်သောင်းတို့က ဒီအချိန်ဆို ကွေးနေပြီ ငါ့မှာသာ ဥစ္စာခြောက်နေရတာ၊ ဒါကြောင့်မို့လို့ ဆရာတော်ကြီးက ပြောတာ စိတ်နောက်လိုက်ရင် လူမိုက်တဲ့၊ ဝါး… အံမယ်… အိပ်တောင်အိပ်ချင်လာပြီ'

လူကသာ တွေးနေတာ မျက်လုံးက ပေကလယ်ပေကလယ်ဖြစ်လာပြီ။ စောစောက ကုလားကြီးက အိပ်ဆေးတွေ ထည့်သွားတာကိုး။ မသေချာမှာစိုးလို့ အကုန်ထည့်သွားတော့ အခု တန်ခိုးက ပြပြီလေ။

'အင်း… ဆရာတော်ကြီးဆိုလို့ ဟိုကပ္ပိယဦးထော်ဆိုတဲ့လူနဲ့ မျက်နှာကြောကို မတည့်တာရယ်၊ အေးလေ မတည့်ဆို ငါက ဘယ်သူနဲ့တည့်လို့တုံး၊ ဝါး… အဟင်း… ကပ္ပိယတဲ့ ရုပ်ကိုက သျှောင်ထုံးနဲ့ နှုတ်ခမ်းမွေးနဲ့ မသိရင် သူတော်ကောင်းကြီးပေါ့၊ သိရင်တော့ အံမယ်… ပြောတော့ သတ်သတ်လွတ်တဲ့၊ ဟိုတစ်ခါ ငါ ဆွမ်းသွားပို့တော့ ကြောင်အိမ်ထဲမှာ ဝက်သားဟင်းတွေ တွေ့ခဲ့တယ်၊ တန်တော့… ကြောင်သူတော်ကြီးထင်ပါ့ ဝါး… အင်း… ခဏလောက်တော့ မှေးလိုက်ဦးမှတ်တယ်'

အတွေးတောင် မဆုံးသေးဘူး။ ခုံပေါ်မေးတင်လိုက်တာ တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



တည်း အိပ်ပျော်သွားပါလေရော။ ဒါနဲ့ ချောင်းနေတဲ့ အောင်သောင်းတို့က အိပ်လား မအိပ်လား သေချာအောင် ခဲနဲ့ကောက်ပြီး ပစ်တယ်။

'ကဲ... သေချာအောင် အင်းဟာ...'

'ဒေါင်'

'ခူး ခလော'

တန်းလျားကို သွားမှန်တာတောင် တုတ်တုတ်မလှုပ်ဘူးရယ်။ ဒါနဲ့ အောင်သောင်းတို့ ဝမ်းသွားကြတယ်။

'ဟကောင်တွေ သေချာပြီ လာကြ'

'အဟား... အခုတော့ ဘာတတ်နိုင်သေးတုံး ဦးတိုးကြီးရဲ့'

'ဟုတ်ပါ့ဗျား'

ဒါနဲ့ပဲ ကြက်မ ငါးကောင်ပါသွားတော့တာ။ ကြက်လည်းရရော အောင်သောင်းတို့ တစ်ချိုးတည်း အိမ်ပြန်ပြေးလေရဲ့။

*

'ဝါး...အံမယ်... မအိပ်ချင်အောင် လက်ဖက်သုပ်စားကာမှ တကယ်အိပ်ချင်လာတာရယ် အဲ...'

ပြောလည်းပြော တူမဖြစ်သူကို ကြည့်လိုက်တော့ နှုတ်ခမ်းကြီးစူပြီး ထောင့်လေးမှာ ငြိမ်ကုပ်နေတာ။ ဖြစ်နေတာ ပြောပါတယ်။ ဒါနဲ့...

'ဟဲ့... ညည်းက ဘာဖြစ်နေတာလဲ၊ ဟွန်း... ကောင်မနော်... ပြောတဲ့ကြားထဲက တစ်ခုခုဖြစ်လို့ကတော့ မလွယ်ဘူး'

'သမီးက ဘာလုပ်နေလို့လဲလို့'

'အံမယ်... ဘယ်သူ့အားကိုးနဲ့ ငါ့ကို ပြန်အော်နေတာတုံး၊ ဟွန်း... နာမယ်'

'ဟွန်း... သူပဲ'

ဒါနဲ့ မာန်တဲ့သူက မာန်၊ ကောက်တဲ့သူက ကောက်နဲ့ ဆယောက်တည်းနဲ့ စကားများနေကြတာရယ်။ မျက်လုံးကလည်း စင်းသာတာနဲ့ လင်း



www.burmeseclassic.com

www.burmeseclassic.com



ထလျှောက်နေလိုက်တယ်။ ဟိုဟာလေးကလည်း နာရီကိုကြည့်ပြီး ရင်ခုန်နေပြီ။ ခုန်ဆို ကိုးနာရီထိုးကာနီးပြီကိုး။

စည်သူ့မှာလဲ တစ်ဒုက္ခ။ အောင်သင်းက မအိပ်သေးဘူးရယ်။ မီးဖိုဘေးထိုင် ရေနွေးကြမ်းသောက်ပြီး ထုံးစံအတိုင်း တူမီးပွတ်နေတာရယ်။ အချိန်က နီးလာပြီဆိုတော့ မနေနိုင်တော့ဘဲ စကားကြောင်းရတော့တာ။

'ဦးလေး မအိပ်သေးဘူးလား'

'ငါ့ဟာငါ အိပ်ချင်မှ အိပ်မပေါ့၊ မင်းအကြောင်းလား'

'အဟဲ... အိပ်ရေးပျက်မှာစိုးလို့ပါ'

'ဟွန်း... ငါမသိဘူးများ မှတ်နေလား၊ မင်း မနက်ပြန်မှာဆိုတော့ ဒီည ချိန်းထားတယ်မလား၊ မရဘူးကွ ဟား ဟား... ငါလည်း ငယ်ရာက ကြီးလာတာပါကွ'

'ဟာဗျာ'

ဒါနဲ့ ညစ်သွားလေရဲ့။ ဟုတ်တယ်လေ။ အနှောင့်အယှက်တွေက များပါဘိနဲ့။ ဘယ်လိုထွက်ရင် ကောင်းမလဲ စဉ်းစားနေရတော့တာ။ ဒီအတိုင်းဆို အောင်သင်းက တစ်ညလုံး ထိုင်စောင့်နေမယ်ထင်ရတာ။

'ကဲဗျာ ဒီလောက်တောင်ဖြစ်လှ ဝင်အိပ်တော့မယ် နေ... အဲ့သမှာ ဟွန်း...'

'ဝုန်း'

'နေဦးမှာ ဟား ဟား'

ဒါနဲ့ အခန်းထဲဝင် တံခါးကို ဆောင့်ပိတ်လိုက်တယ်။ အထဲကနေ ချက်ချပြီး ဘယ်လိုထွက်ရင် ကောင်းမလဲ ပြတင်းပေါက်နားသွားပြီး စဉ်းစားနေတာရယ်။

'အင်း... သူ့ကို လှဲပြီး ထွက်ရင်ရော၊ ဟာ ဒါလည်းမဖြစ်သေးပါဘူး၊ သူက သေနတ်နဲ့ အင်း...မဖြစ်သေးပါဘူး၊ ကြံစမ်း...ကြံစမ်း...'

ရင်ထဲ ပူလာတာရယ်။ ခေါင်းထဲလည်း ပူလာပြီ။ ဘယ်လိုမှ စဉ်းစားလို့မရဘူးရယ်။ ဒီအချိန်မှာပဲ လေကဝှေ့ပြီး ပြတင်းပေါက်ကနေ ဝင်လာတယ်။ ဒီတော့မှ အလန့်တကြား...



www.burmeseclassic.com

www.burmeseclassic.com



'ဟာ… ပြတင်းပေါက်ကြီး ဘေးထားပြီး ဘယ်ကထွက်ရမလဲ စဉ်းစားနေတာ ကြည့်စမ်း… ထူကိုထူတာ၊ အံမယ်…အဟုတ်'

ဒါနဲ့ အထဲကနေ စောင်တွေကို အသံမြည်အောင်ခါ၊ ခြင်ထောင်တွေကို အသံမြည်အောင် လုပ်တယ်။ ပြီးမှ အောင်သင်းကြားအောင် ညည်းသံနဲ့…

'ဟင်း… အိပ်တာပဲ ကောင်းပါတယ် ဝါး…'

ပြောလည်းပြောပြီး ခဏငြိမ်နေလိုက်တယ်။ ပြီးမှ အသံမမြည်အောင် ကျောပိုးအိတ်ကိုယူ၊ ခြေကိုဖော့နင်းပြီး ပြတင်းပေါက်ကို ကျော်တယ်။ အိမ်ကမြင့်တော့ တစ်ခါတည်း ခုန်မချရဲသေးဘူး။ ဒါနဲ့ အိမ်ခါးပန်းမှာ တန်းလန်းကြီးခိုပြီးမှ တစ်ဆင့်ပြန်ခုန်ချရတယ်။

'ဘုတ်'

BURMESE CLASSIC

အသံ မဆိုသလောက် ထွက်သွားတော့ ရင်တထိတ်ထိတ်နဲ့ ခဏစောင့်ကြည့်ပြီးမှ ရွာထဲဘက်ကို သုတ်ခြေတင်တော့တယ်။

'ဟင်'

'ဖတ်'

ရွာထဲကို အုယားဖားယား ပြေးဝင်လာတဲ့လူတစ်ယောက်ကိုတွေ့တာနဲ့ သစ်ပင်ဘေး ဖတ်ခနဲ ပြေးကပ်ပြီး ကြည့်လိုက်တော့ သျှောင်ထုံးရယ်၊ နှုတ်ခမ်းမွေးရယ်ကလွဲလို့ သေသေချာချာ မတွေ့ရဘူးရယ်။ ဒါနဲ့ ကျော်သွားတဲ့အထိစောင့်ပြီး အရှေ့ဘက်ပိုင်းကို ပြေးလာခဲ့တယ်။

●



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၇)

BURMESE CLASSIC

အောင်သောင်းတို့ အခုဆို ကြက်တွေ ကိုင်ကုန်ပြီ။ အမွေးကို အပြောင်နုတ်၊ ကြွတ်ကြွတ်အိတ်ထဲထည့်ပြီး မြေကြီးတူး မြှုပ်ပစ်တယ်။ ပြီးမှ အသံ သိပ်မထွက်အောင် အတုံးကြီးကြီးတွေတုံးပြီး ချက်တယ်။ ထမင်းအိုးကိုလည်း မီးဖိုနှစ်ခုခွဲပြီး တစ်လက်စတည်း တည်တယ်။

'အယ်… ကုလားကြီး… ဟိုဟာတွေသွားယူတော့လေ'

'အေးလေ… သွား… ရာကျော်ပါ လိုက်သွား'

အခုမှ သတိရပြီး အောင်သောင်းနဲ့ ဖိုးတင်က ပြောတော့ မသွားချင်ရှာပါဘူး။ နှစ်ယောက်သား အိမ်ပေါ်က ဆင်းသွားတာများ လှစ်ခနဲပဲ။

'ဟင်… သိပ်မသွားချင်ရှာပါဘူး'

'ဟုတ်ပ… ကုလားကြီးက ဒါမျိုးဆို သွက်ပြီးသား ဩော်… ဒါနဲ့ ကပ္ပိယကြီးလည်း မရောက်သေးပါလားကွ'

'မလာတော့လည်း အကုန်သက်သာတာပေါ့ဟ'

'အဟဲ… ဒါလည်းဟုတ်တာပဲ'

နှစ်ယောက်သား စကားတပြောပြောနဲ့ လုပ်လိုက်ကြတာ မကြာပါဘူး။ ဟင်းအိုးက အနံ့ထွက်လာသလို ထမင်းအိုးလည်း ငှဲ့ပြီးပြီ။ ဒီအချိန်မှာပဲ အိမ်အောက်ကနေ အသံတိုးတိုးနဲ့…



www.burmeseclassic.com

www.burmeseclassic.com



'အောင်သောင်းရေ… အောင်သောင်း'

'ဝေ… ဘယ်သူလဲဟ'

'ငါပါဟ… ဦးထော်'

'ဩ… တက်ခဲ့လေ'

လှေကားကနေ တက်လာသံကြားရပြီး တံခါးကို ဖွင့်ပေးလိုက်တော့ ချွေးအစွဲသားနဲ့ ကပ္ပိယကြီးကို တွေ့ရတယ်။

ချွေးတွေကို သုတ်လိုက်ပြီး…

'ကုန်ပလားကွ'

'ဟာ… ဘယ်ကလာ အခုမှစတုန်း'

'အမယ်လေး… တော်သေးတာပေါ့'

BURMESE CLASSIC

ခဏကြာတော့ ကုလားကြီးနဲ့ရာကျော် ပုလင်းငါးလုံးနဲ့ ပြန်ရောက်လာတယ်။ ဒါနဲ့ ဝိုင်းစဖို့ လုပ်တယ်။ ကြက်သားနဲ့ ထမင်းကလည်း ကျက်ပြီဆိုတော့ အောင်သောင်းက ပန်းကန်ထဲကို ထည့်လာပြီး ငါးယောက် ဝိုင်းထိုင်ကာ အလယ်မှာ ချတယ်။ ကာလသားချက်လေ။ ဘယ်လိုပဲချက် ချက် အရည်ရယ်၊ အစပ်ရယ်၊ ပြီးတော့ ခိုးချက်စားတာဆိုတော့ ကာလသား ချက်ပဲပေါ့။

'ဟာ… မင်းတို့ဟာကလည်း ကြည့်ပါဦး ထောင်ပံ၊ ခြေထောက်၊ ခေါင်း၊ လည်ချောင်း ဟာ… အရိုးတွေချည်းပဲ'

'ကပ္ပိယကြီးကတော့ အ ပါ့ဗျာ'

'ဟင်… ဘာလို့လဲ'

'အမြည်းဆိုတာ အရိုးပဲကောင်းတာ ဒါမှ အမြည်းခံတာဗျ၊ တော်တော်နဲ့ မကုန်ဘူးလေ'

'ဪ… ဟုတ်လား၊ သိပါဘူးကွာ'

ဒါနဲ့ ဦးထော်လည်း သူများတွေသောက်တာကိုကြည့်ပြီး သွားရည် တမြားမြားနဲ့ ငေးနေလေရဲ့။ ဒါနဲ့ လေးယောက်သား အချင်းချင်း ချက်စပ်ပြီး ချောက်ချဖို့ ပြင်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ကပ္ပိယကြီး မချမ်းဘူးလား လာပါ··· တစ်ခွက်လောက် သောက်ကြည့်ပါလား'

'ဟာ··· နေပါကွာ··· ဂလု··· ဘုရားမကြိုက်ဘူးဟ'

အောင်သောင်းကို ပြန်ပြောတယ်။ မသိရင် တကယ်ပဲ မသောက်ချင်သလို။ တံတွေးကို အတင်းမျိုချပြီး ကြက်တောင်ပံတစ်ခုကိုယူပြီး တကျွတ်ကျွတ်ဝါးနေလေရဲ့။ ဒါနဲ့ ကုလားကြီးက···

'အေ့··· အသောင်းအရက် ဒီတစ်ခါ ရေရောဖို့ မေ့သွားတယ်ထင်ပ၊ တယ်ကောင်းကွာ၊ အနံ့ကိုက မွှေးနေတာပဲ'

'ဂလု'

'ကပ္ပိယကြီး သောက်ကြည့်ပါလား အား··· တယ်ကောင်းဗျာ'

'ဟင့်အင်း··· ဘုရားမကြိုက်ဘူး··· ဂလု··· အု···'

မွှေးပြီးတော့ အနံ့က ယဉ်တော့ မနေနိုင်မထိုင်နိုင်ကို ဖြစ်လို့။ ဒီကြားထဲ ကုလားကြီးက ဆွယ်တော့ ငြင်းသေးတာ။ ဒါပေမဲ့ အသံက ပျော့လာပြီ။

'ဟာ··· အင်း··· ရင်ထဲကို ရှင်းသွားတာပဲ၊ မင်းပြောတာ ဟုတ်တယ်ကွ ကုလားကြီးရ၊ အသောင်းအရက် ဒီတစ်ခါ စစ်တယ် အင်းဟာ···'

'ဂလု'

'အေ့··· တယ်ကောင်း··· ကပ္ပိယကြီး လုပ်ပါဗျ၊ တစ်ခါတလေဘာဖြစ်လဲ၊ ကြက်မကြီး···အဲလေ··· ကျန်းမာရေးအရ အံမယ်··· ပြောသာပြောတာ အရက်ဆိုတာလည်း ဆေးဖက်ဝင်တဲ့အထဲ ပါတာရယ်'

'ဟင့်အင်း··· ဂလု··· ဘုရားမှမကြိုက်တာ'

ရာကျော်က ထပ်ဆွယ်တော့ ငြင်းတယ်။ အသံကတော့ တော်တော်ပျော့လာပြီ။ လေချဉ်တွေလည်း တက်ချင်လာပြီ။ ဖိုးတင်ကပါ···

'ကပ္ပိယကြီးရာ လူမှန်ရင် အမှားနဲ့မကင်းပါဘူးဗျ၊ အမှားကင်းရင်လည်း လူမဟုတ်တော့ဘူး၊ ပြီးတော့ ကပ္ပိယကြီးက အာသဝါကုန်နေတဲ့ရဟန်းမှ မဟုတ်တာ၊ ဘုရားက ခွင့်လွှတ်လောက်ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



'အန် . . .'

'ဟုတ်တယ်လေ . . . စိတ်ဆိုတာ ချုပ်ထားရင် မကောင်းဘူးဗျ၊ လုပ်ချင်ရင် လုပ်မှ၊ ချုပ်ထားပြီး အပြင်မှာမလုပ်ပေမယ့် စိတ်ထဲလိုက်လုပ်နေရင် အပြစ်ဖြစ်တာချင်း အတူတူပဲ၊ ဒါကြောင့် မနောကံဆိုတာ ဖြစ်လာတာပေါ့'

'ဟွာ'

ကဲ . . . ကြည့် . . . ဘယ်လောက်ဆိုးလဲဆိုတာ။ အရက်သမားက ဘုန်းကြီးကျောင်းသားပြန်ပြီး တရားပြနေတာရယ်။ ကပ္ပိယကြီးလည်း အရက်ပုလင်းကို ကြည့်လိုက်၊ တံတွေးကို မျိုချလိုက်နဲ့ စိတ်ပါလာပြီ။ ဒါပေမဲ့ . . .

'အင်း . . . ဘုရားမကြိုက်ဘူးကွ . . . ဂလု . . . မဖြစ်သေးပါဘူး'

'ကဲ . . . ထားပါတော့၊ မသောက်ရင်လည်း အတင်းမတိုက်ဘူး၊ ရေခဲကြီးမယ်၊ ကဲ . . . တို့ပဲ . . .'

'အဲ . . . နေဦး'

ဒါနဲ့ အောင်သောင်းက မှင်သေသေနဲ့ ဝင်ပြောတော့ ကပ္ပိယကြီးက လက်ကာပြပြီး အရက်ပုလင်းထဲက အရက်ကို ခွက်ထဲထည့်ပြီး သေသေချာချာကြည့်တယ်။ ပြီးမှ ပြောတယ်။

'တကယ်တော့ သေရည်သေရက်ဆိုတာ ဘုရားမကြိုက်ဘူး၊ ရှောင်သင့်တယ်'

'ဟင် . . .'

'ဘုရားမကြိုက်တာ ငါက ဘာမှမလုပ်ဘူးကွ၊ ဒါပေသိ . . . ငါကြိုက်တာလေးပဲ ငါလုပ်လိုက်တော့မယ် . . . အင်းဟာ . . . ဂလု'

'ဟင် . . .'

ပြောလည်းပြော သောက်လည်းသောက်လိုက်တော့တာနဲ့ အကုန်အံ့သြကုန်တာရယ်။ အောင်သောင်းက လက်မထောင်ပြီး . . .

'ဒါမှပေါ့ဗျ၊ ကဲ . . . အရီးနဲ့သောက်ပြီးမှ အသားနဲ့ ထမင်းဝွယ်ကြတာပေါ့နော'



www.burmeseclassic.com

www.burmeseclassic.com



'အေ့… ကောင်းပါလေ့ကွာ'

ဒါနဲ့ သောက်လိုက်စားလိုက်နဲ့ ကပွဲယကြီးလည်း သူကြိုက်တာ သူသောက်ပြီးသကာလ မှောက်သွားတော့တာ။ နောက်ဆုံး ပုလင်းတစ်လုံးပဲ ထောင်ပြီး ကျန်ခဲ့တယ်။ လူတွေကတော့…

*

'ရှေ့ကအိမ် ထင်တယ် သွားချောင်းဦးမှ'

စမ်းတဝါးဝါးနဲ့ အရှေ့ပိုင်းကို ရောက်လာတယ်။ ဟိုချောင်ကပ်၊ ဒီချောင်ကပ်နဲ့။ အိမ်ပုံစံရယ်၊ ပြီးတော့ ခြံရှေ့မှာ မာလကာပင်ကြီးရယ် တွေ့တာနဲ့ ခြံထဲကိုဝင် မီးကလင်းနေသေးတော့ အိမ်အောက်ပြေးကပ်ပြီး ငြိမ်ပြီးနားထောင်နေတော့ အပေါ်က ခြေသံတရှပ်ရှပ်နဲ့ သွားနေတဲ့အသံ။ နောက်ပြီး…

'ဟဲ့ကောင်မလေး… အိပ်တော့လေ'

'အိပ်ချင်ဘူး'

စူစူအောင့်အောင့် ပြန်ပြောလိုက်တဲ့အသံကို ကြားရတော့ ပြုံးသွားတယ်။ ဟုတ်တယ်လေ။ ဒါ ကိုယ့်ဟာလေးအသံဆိုတာ သိနေတာရယ်။ သူလည်း ကိုယ့်လိုပဲ ကျပ်နေပြီထင်ပါ့။ ဒါနဲ့ အဒေါ်ကြီးအသံ ပြန်ထွက်လာတယ်။

'သွားပါ ဂျူးဂျူးရယ်… အိပ်တော့နော်… အိပ်ရေးပျက်မယ်'

'အိပ်ပါဘူးဆို၊ အိပ်ချင်ရင် ကိုယ့်ဘာသာ အိပ်ပေါ့ ဟွန်း…'

'အံမယ်… ညည်းကများ တွေ့မယ် ပြန်လာမှ တိုင်ကိုပြောရမယ်'

'တိုင် တိုင် ဟွန်း…'

'ခုန်း… ခုန်း'

'ဟဲ့… ဒါကဘယ်တုံး'

'အပေါ့သွားမလို့'

'နေဦး ငါအပေါ်က ကြည့်နေမယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟွန်း...'

ကောက်ပြီး တဒုန်းဒုန်း ခြေဆောင့်ပြီး နောက်ဖေးလှေကားဘက် ဆင်းလှာသံ ကြားရတော့ ဝမ်းသာပြီး နောက်ဖေးအိမ်သာဘက် ပြေးကပ် တယ်။

'ဟဲ့... အဝေးကြီး မသွားနဲ့'

'အိမ်သာထဲတင် ဘာမှန်းကိုမသိဘူး ဟွန်း...'

ဒါနဲ့ အိမ်သာဘေး ပြေးကပ်တယ်။ သူကြီးတော်က လှေကားရင်း ရိုင်စောင့်နေတယ်။ အပင်အရိပ်ကလည်း ကောင်းဆိုတော့ သဲသဲကွဲကွဲ မြင်ရဘူး၊ ဟိုဟာလေးက ခါးပတ်ကိုချွတ်ရင်း အိမ်သာပေါ်တက်၊ အိမ်သာ တံခါးကိုပိတ်ပြီး နောက်လှည့်ကြည့်တော့ ရုတ်တရက်မှောင်ရိပ်ထဲက ဆက်တစ်ဖက်ထွက်လာပြီး ပါးစပ်ကို ပိတ်လိုက်လို့ လန့်သွားတော့တယ်။

'အသံမထွက်နဲ့... ကိုပါ'

'ဟင်... ကို... ဘယ်လိုလုပ် အိမ်သာထဲရောက်'

'ဘာတွေညာတွေ အသာထား၊ ဘယ်လိုလုပ်မလဲ'

'ဟိုမှာ ပွင့်နေတဲ့ပြတင်းပေါက် တွေ့လား'

'အင်း'

'အဲ့ဒါ ဂျူးအခန်း၊ ခဏနေမှလာခဲ့၊ အင်း... ဟဲ... အခုတော့ အောင့်နိုင်တော့ဘူး... အီး...'

'ဟင်... ဘယ်လိုလုပ်... လုပ်'

'အဲ... ရတော့ဘူး ဆင်းမယ်... ဖယ်'

'အယ်'

ဒါနဲ့ အတင်းဆင်းပြေးပြီးသကာလ ခြံထောင့်က ဝါးရုံပင်တွေကြား ထဲ အသည်းအသန်ပြေးဝင်သွားပါလေရော။ မျက်နှာကလည်း မဲ့လို့ရယ်။ ဒါနဲ့ ...

'ဟဲ့... မသာမလေး ဘယ်ပြေးတာလဲ၊ ပြန်လာခဲ့၊ ဟဲ့... လာဆို တာလေ'



www.burmeseclassic.com

www.burmeseclassic.com



သူကြီးတော်ကြီးလည်း အတင်းပြေးလိုက်သွားတော့တာ။ အမှောင်ထဲ အသံကြိတ်ကြိတ် ကြိတ်ကြိတ် ကြားရပြီး သူကြီးတော်ကြီး ပြန်ထွက်လာ တယ်။ အဲ… ခဏကြာမှ ဟိုဟာလေးက ခါးပတ်ကိုပြန်တပ်ရင်း နောက် ကနေ ကော့ပက်ကော့ပက်နဲ့ လိုက်လာတာရယ်။

အံမယ် စောစောက ပြေးဝင်သွားတဲ့ပုံစံနဲ့ ဘာမှကို မဆိုင်တ လှတပတလေးလျှောက်ပြီး အဒေါ်နောက်ကနေ ကုပ်ဖေးဖေးလေး လိုက် သွားလေရဲ့။ တတ်တာ ပြောပါတယ်။ မသိရင်ပေ့လေ သိလို့ကတော့…

ဒါနဲ့ အိမ်သာပေါ်ကနေ ဆင်းပြေးရတယ်။ တစ်ခါ ဖတ်ခနဲ အိမ် တိုင်ပြေးကပ်တယ်။ အပေါ်က ဟိုဟာလေးက…

'ကဲ… စောင့်… အဲ့သမှာ ဟွန်း… အိပ်တော့မယ်'

'ဝုန်း'

'အမယ်လေး… ဖြည်းဖြည်းပိတ်ပါဟဲ့… တကတည်းတော်၊ အဲ ကိုက သူ့အမေအချိုး၊ အံမယ် တစ်ပုံစံတည်းရယ်'

ဒါနဲ့ အပြင်မှာထိုင်စောင့်နေလေရဲ့။ ဟိုကတော့ အကြံနဲ့ဆိုတော့ အထဲရောက်တာနဲ့ ပြတင်းပေါက်ကနေ အောက်ငုံ့ကြည့်တယ်။ ခြေဖ လက်ဟန်နဲ့ အိမ်ပေါ်ကိုတက်ခိုင်းတယ်။ ဒါနဲ့ တိုင်ကိုဖက်တက်တာ မရဘူး။ အိမ်ကမြင့်တော့ လျှောကျတယ်။ တစ်ခါ ထပ်တက်၊ တစ်ခါ လျှောကျနဲ့ မသိရင် လျှောတိုင်တက်တာ ကျင့်နေတာလား မှတ်ရတာရယ်

ဒါနဲ့ မျက်နှာက လင်းတမှိုင် မှိုင်ပြီး မှောက်ထိုင် ထိုင်နေတော့ တာ။ အဲ… ဟိုဟာလေးက ခဏစဉ်းစားတယ်။ မကြာပါဘူး ထွက်နေ ခေါင်းလေး ပြန်ဝင်သွားပြီး လျှောခနဲ စောင်တစ်ထည်ကျလာတယ်။ ဒါ မမီဘူး။ ဒါနဲ့ တစ်ခါအထဲပြန်ဝင်ပြီး စောင်နှစ်ထည်ကို ချည်ပြီးဆက်လိုက် မီတယ်။

ဝမ်းသာအားရနဲ့ စောင်ကိုနိုင်ပြီး ဆွဲတက်တယ်။ အပေါ်ကလည်း ဆွဲတင်တယ်။ စောင်က ခိုင်တာရယ်၊ ချည်ထားတာကလည်း ကောင်း ဒါမျိုးကျ စိတ်ချရတယ်။ တအီးအီး တအအဲနဲ့ ကြိတ်ပြီးဆွဲ၊ တစ်ယော



www.burmeseclassic.com

www.burmeseclassic.com



လည်း အတင်းကုပ်ကုပ်တက်တယ်။ ဒါနဲ့ ပြတင်းအောင်ကို ဆွဲခိုမိတော့ အားရဝမ်းသာနဲ့ ခုန်တက်လိုက်တာ…

'ခုန်း'

'အီး'

'ဟဲ့… ဘာဖြစ်တာလဲ အထဲက'

'အဲ… ဟိုဟာ… ကြီးမြကလည်း တံခါးပိတ်တာ'

'ဩော်… အေး… ပြတင်းတံခါးပိတ်အိပ်နော်'

'ပိတ်နေပါပြီဆို'

'တယ်… ဒီဟာမလေးတော့၊ အေးပါ… ဒင်းအမေပြန်လာမှ တိုင်ကိုတိုင်ရမယ် ဟွန်း…'

'တိုင်လေ… တိုင်ပေါ့'

အောက်ကို ခွေးကျကျတဲ့ စည်သူ့ကို ဆွဲထူရင်း ရန်ပြန်ထောင်နေ တာလေ။ ဒါနဲ့ နှစ်ယောက်သား တိုးတိုးတိုးတိုးနဲ့ ပြတင်းပေါက်ဘေးမှာ ထိုင်ပြီး တိုင်ပင်နေကြတယ်။

'ချစ် အပြင်ကို အခုချက်ချင်းထွက်ဖို့ မလွယ်ဘူး၊ ရွာထဲမှာ လူတွေ အိပ်ကြသေးဘူးရယ်'

'ဟုတ်တယ်ကိုရဲ၊ ဒီညကျမှ၊ ဒါဆို… တော်တော်ကြာ လူတွေ အိပ်ကုန်မှ ထွက်ကြမယ်၊ အခုတော့…'

'အဟဲ… ဟဲ… အခုတော့ ဘာဖြစ်လဲ၊ အဟင်း… ဒီဘက်တိုးပါ ဦးကွ အဟီး…'

'ဟွန်းနော်… ကြိုက်ဘူး… ကပ်နဲ့'

'အဟဲ…ဟဲ…'

'ဟယ်… ကပ်နဲ့ဆို… ဟာ…'

တဟဲဟဲ တဟီးဟီးနဲ့ မျက်နှာချင်း ကပ်သွားလေရဲ့။ အပြင်က ကြီးတော်ကြီးကတော့ တံခါးကြီးမှီ ပြောင်းဖက်ကြီးဖွာပြီး ငိုက်လို့

*



www.burmeseclassic.com

www.burmeseclassic.com



လမင်းကြီးက ဝိုင်းနေအောင် သာနေတယ်။ လရောင်ရဲ့ အေးမြခြင်း နှင်းတွေရဲ့အေးမြခြင်းနဲ့အတူ ရွာလေးဟာ လရောင်အောက်မှာ တိတ်ဆိတ် အေးချမ်းနေတာရယ်။ တဖြည်းဖြည်းနဲ့ ညဥ့်ဟာ နက်သထက် နက်လာ တယ်။ အောင်သောင်းတို့အဖွဲ့လည်း ကျိုးကောင်းတုန်း။ ဦးတိုးလည်း အိပ်ကောင်းတုန်း။ အောင်သင်းလည်း ငိုက်ရင်းစောင့်ကောင်းတုန်း။ ကြီးမြ လည်း တံခါးကြီးမှီပြီး အိပ်လို့။ အဲ… စည်သူတို့နှစ်ယောက်ကတော့ လူချင်းပူးပြီး စကားတွေ ပြောမဆုံးအောင် ရှိနေကြတာရယ်။

ဒီအချိန်မှာပဲ ရွာနားကို မဲမဲ မဲမဲနဲ့ လူအယောက်နှစ်ဆယ်ကျော် သေနတ်တွေကိုင်ပြီး ကပ်လာတယ်။ ပေတိုးမျက်နှာက တကယ့်တိုက်ပွဲဝင် တော့မယ့်ဟန်။ ရုပ်တည်နဲ့ မျက်နှာကြီးကို တင်းလို့ရယ်။ ရှေ့ဆုံးကနေသွား ရင်း ရုတ်တရက် လက်နှစ်ဖက်ကိုကာပြီး ရပ်ခိုင်းလိုက်တော့…

'ဟာ… တိုက်ပဟ'

'ခွပ် ခွပ် ခွပ်'

'အားလား'

'အီး… ဟီး… သေပါပြီဟ'

တစ်ယောက်နဲ့တစ်ယောက် ကပ်ရင်းနဲ့ စီတန်းပြီး လိုက်လျှောက်လာ တာ ရုတ်တရက်ကြီး ရပ်လိုက်တော့ ပေတိုးကို မင်းမောင်က ဝင်တိုက်လိုက် လို့ ခွေးကျ ကျတယ်။ မင်းမောင်က လူကောင်ကြီးတော့ နောက်ကငိုက်ပြီး လိုက်လာတဲ့လူတွေက ဝင်တိုက်မိပြီး….

အဆင့်ဆင့် နောက်စိနဲ့ နဖူးတွေ ဆောင့်မိကြတော့တာ။ ဒါနဲ့ အသံ ပေါင်းကို စုံအောင် ထွက်တော့တယ်။ အကုန်လုံး နောက်စိနဲ့ နဖူးကို ဖြိုင်ပွတ်နေကြလေရဲ့။ နောက်ဆုံးကလူကတော့ နဖူးပဲနာသွားတာ။ သူ အသက်သာဆုံးပဲ။ ပေတိုးလည်း တင်းသွားတော့တာ။

'ဟ… ဟေ့ကောင်တွေ… ငါလက်ပြတာ မမြင်ကြဘူးလား၊ တောက်… ငါလုပ်လိုက်ရင် သေကုန်တော့မယ် ဟွန်း…'

'အီး… ကျွတ် ကျွတ် နာလိုက်တာ'



www.burmeseclassic.com

www.burmeseclassic.com



မယားပါသားတွေလို ယောက်လိုက်ပြီး ရင်ဘတ်ကို ပွတ်နေလေရဲ့။ ဟုတ်တယ်လေ။ နောက်ပစ်တိုက်လိုက်တာ ရှေ့မှောက်လျားထိုး လဲတာကိုး။ ကံကောင်းလို့ သွားပါ မကျွတ်တယ်။ ဒါနဲ့ ပေတိုးက...

'မင်းတို့ကောင်တွေ နှစ်ယောက်တစ်တွဲ တွဲပြီး ရွာကိုပတ်ပြီး ဝိုင်းထား၊ မင်းမောင်က ငါနဲ့ လိုက်ခဲ့၊ ရွာထဲက အသံကြားရင်*ဘာသောညာသော ညာမနေနဲ့၊ အကုန်ပစ်... ကြားလား'

'ဟုတ်ကဲ့'

'အေး... ငါ ကြမ်းမှရတော့မယ်၊ ကျားမှန်းသိအောင် အမြီးလှန်ပြ အဲလေ... ခေါင်းထောင်ပြရသေးတာပေါ့၊ ဟွန်း... ကဲ... သွားကြ... သြော်... နေဦး အရေးဟဲ့အကြောင်းဟဲ့ဆို ရွာထဲ ပြေးလာခဲ့ကြဦး၊ ဒီဝင်ပေါက်ကိုတော့ မပိတ်နဲ့ ကြားလား'

'ဟုတ်ကဲ့'

'ဟာ... ပြောရဦးမယ်၊ ပစ်ဟယ်ခတ်ဟယ်ဆို သေသေချာချာ ကြည့်ဦး၊ လူမှားနေဦးမယ်၊ ကဲ... သွားကြတော့'

ဒါနဲ့ပဲ နှစ်ယောက်တစ်တွဲစီ တွဲပြီး ဖြစ်သလို ဝိုင်းလိုက်ကြတယ်။ ဟုတ်တယ်လေ၊ ရွာက စည်းရိုးခတ်ထားတော့ ဓော်ရဲ့အပြင်ရောက်ဖို့ မလွယ်ဘူးရယ်။ ပြီးတော့ ရွာသားတွေက ငကြောက်တွေ။ သေနတ်တစ်ချက်လောက် ဖောက်လိုက်တာနဲ့ ငြိမ်သွားကြတာရယ်။ ပေတိုးနဲ့ မင်းမောင်ကတော့ ရွာထဲဝင်လာခဲ့တယ်။ မင်းမောင်က...

'ဆရာ... အသောင်းဆီ ဝင်ဦးမလား'

'အေး... ဝင်တာပေါ့၊ အေးတယ်ကွ'

'အဟဲ့... ကောင်းပါ့ဗျာ၊ ဒီအစီအစဉ်အကောင်းဆုံး'

*

အသောင်း ငိုက်စင်းစင်းဖြစ်နေပြီ။ ငိုက်တာက အိပ်ချင်လို့ စင်းတာက မြည်းထားလို့။ အရက်ချက်တယ်ဆိုတာ ညဘက်မှ ...ပြီးအဆောင်ခြေ

www.burmeseclassic.com



တာရယ်။ အေးဆေးတစ်ပေါင်း ချက်လိုက်၊ မြည်းလိုက်၊ တစ်ခါမြေတွင်းထဲပြေးထည့်ပြီး ဖုက်လိုက်နဲ့။

အခုတစ်လော အလုပ်လုပ်ရတာ စိတ်ချမ်းသာနေတယ်။ ဟုတ်တော့လည်းဟုတ်တယ်။ ကျားရော၊ နဂါးရော ငြိမ်နေကြတာလေ။ လာမသိမ်းတာ ကြာနေပြီ။ အခုဆို ချက်လိုက်၊ ရောင်းလိုက်၊ ချက်လိုက်၊ သောက်လိုက်နဲ့ ဟုတ်နေတာ။

အခုလည်း နောက်တစ်ပေါင်း ထပ်ပေါင်းတာကို သောက်ရင်းစောင့်နေတာရယ်။ တစ်ယောက်တည်းဆိုတော့ စကားပြောဖော်က မရှိ၊ မရှိတော့ မပြောရ၊ မပြောရတော့ ဖိသောက်၊ ဖိသောက်တော့ ပိုဝင်၊ ပိုဝင်တော့ အခု ပိုမူးပြီပေါ့။ ဒါနဲ့ တစ်ယောက်တည်း စကားပြောနေလေရဲ့။

'အဟား… ကောင်းလိုက်တဲ့အရက်၊ အံမယ်… အခုတလော ငါ ကံဇာတာ တက်လာတယ်ထင်ပါ့၊ ရောင်းလို့ကောင်း၊ သောက်လို့ကောင်း အေ့ဟေ…'

'ဟို… ကျားကြီးနဲ့ နဂါးကြီးဆိုတဲ့ မယားတရှုးနှစ်ကောင် မလာတာနဲ့ ပိုတောင်ကံကောင်းနေတာ၊ တော်သေးတာပေါ့၊ သူတို့မယားတရှုးနေကြတာကိုက ငါ့အတွက် ကောင်းဖို့ ဖြစ်နေတယ်'

တစ်ယောက်တည်း ဘယ်သူမှမရှိတော့ တံခါးပေါက်ကို ကျောပေးပြီး ယောက်ျားကြီးတန်မဲ့ အတင်းချနေတာလေ။ တစ်ခါ ရှေ့ချထားတဲ့ မတ်ခွက်ကြီးထဲက အရက်တွေကို တစ်ကျိုက်မော့ပြီး…

'အူး… အီး… တယ်ကောင်း… ထွီ…တစ်ခါတည်းနတ်ပြည်ရောက်သွားတဲ့အတိုင်းပဲ… အေ့…'

ပြီးမှ ဘေးနားမှာရှိတဲ့ပန်းကန်ထဲက ပဲကြီးလှော်ကို တစ်စေ့ငင်းကောက်ဝါးပြီး မျက်နှာက မာလာတယ်။ သိတဲ့အတိုင်း မူးလာတာနဲ့ ရင်ထဲက မကျေနပ်တာတွေ အန်ကျလာတယ်။ ဒါက အမူးသမားတွေရဲ့ ထုံးစံလေ။ အခုလည်း…

www.burmeseclassic.com

www.burmeseclassic.com


'တောက်… ဘာမဟုတ်တဲ့ ခွေးပစ်တဲ့တုတ်လောက်ရှိတဲ့အကောင်ရဲ့ အနိုင်ကျင့်တာကို ခံနေရတာ ခံပြင်းလိုက်သကွာ၊ အင်းလေ… သူက လက်နက်နဲ့ အာဏာရှိတာကိုး၊ ထွီ… လူပါးကိုဝပြီး တစ်ကိုယ်ကောင်းကို ဆန့်တာ'

'အိ'

နောက်မှာ တိတ်တဆိတ်ရောက်နေတဲ့ ပေတိုးတို့ နှစ်ယောက်ကို မမြင်ဘူးရယ်။ မမြင်ဆို မှူးနေတာလေ။ ဟိုကလည်း မျက်နှာကြီးနီပြီး ငြိမ်နားထောင်နေတာ၊ စိတ်ကတော့ အတော်တိုနေပြီ။

'ပြောတော့ ဘာလေးညာလေးနဲ့ ငါ့ဆီက လာလာသိမ်းပြီး သူပဲ မျိုတာရယ်၊ အံမယ်… တစ်ဖြုန့်စ်ဖြုန့်နဲ့ အားနာပါးနာ ပိုက်ဆံလည်း တစ်ခါမှ မပေးဘူး၊ ဟွန်း… ဒီလိုမှန်းသိ ဆေးခတ်လိုက်ပါတယ်'

'ဟင်း… ငါနော်'

နောက်က ပေတိုးလည်း လက်သီးလက်မောင်းတန်းပြီး ဒေါသအတော်ထွက်နေပြီ။ ဒါပေမဲ့ ငြိမ်နေသေးတာ။

'အေးလေ… ရုပ်ခံကိုက ဓားပြရုပ်ဆိုတော့ သေနတ်မမြင်ဘဲ မှင်စာလိုလို သဘက်လိုလို သူ့ရုပ်ကိုမြင်တာနဲ့ ကြောက်နေတာ အဟုတ်၊ ဥပမိ ရုပ်ကောင်းတာ ပြောပါတယ်၊ ဟင်း… အံမယ် သူ့အကြောင်းပြောရတာ အာညောင်းတယ် ဟွန်း… တော်ပြီ… အင်းဟာ…'

'ဂလု'

'ကောင်းမှကောင်း၊ နတ်ပြည်ခြောက်ထပ်ရဲ့ အပေါ်ဆုံးကို ရောက်နေလားမှတ်ရ'

မပြောတော့ပါဘူးသာ ပြောတာ ပြောစရာက ကုန်နေပြီ။ ရာစရာ ဘာမှကိုမရှိတော့တာ။ ပြောလည်းပြော ရှေ့ကခွက်ထဲက အရက်ကို အပြောင်ရှင်းပြီး ကောင်းကြောင်းပြောနေတုန်း…

'နတ်ပြည်ကို တကယ်ရောက်ချင်တာလား'

'အဟဲ… ဒါပေါ့… ဟင့်…'



www.burmeseclassic.com

www.burmeseclassic.com



'ပို့ပေးဦးမှာ… သေဖို့သာပြင်ထား ဟွန်း…'

နားထင်ကို သေနတ်နဲ့ထောက်ပြီး မေးတာ။ ဟိုကယောင်ကန်းကန်းနဲ့ ပြောပြီး မော့ကြည့်လိုက်တော့ ပထွေးမြင်တဲ့ မယားပါသားလို တုန်တက်သွားတော့တာ။ ဟိုက စိတ်ပါဆိုးပြီး တကယ်ပစ်မယ်လုပ်နေလို့ မင်းမောင်က အတင်းဆွဲပြီး…

'ဆရာ မှားမယ်နော်'

'နေစမ်း မင်းမောင်၊ ဒီကောင် ငါ့ကို ဒီလောက်ချစ်နေတာ သတ်ကို သတ်ရမယ်'

'အဟင့်… နောက်တာပါဆို'

'ဘာ'

'ဆရာမှားမယ်နော်… လူကိုတော့ သတ်ချင်တာထား ပညာလေ'

'ဘာကွ… ဘာပညာလဲ'

'ဆရာစိတ်လျှော့ တော်ကြာ ကျွန်တော်တို့တစ်တွေ အရက်ကောင်းမသောက်ရဘဲနေမှာ'

'ဟွင်… ဟုတ်သား'

'အဟီး… ဟုတ်တယ်၊ သတ်နဲ့နော်၊ အခုလည်း သောက်ချင်သလောက် ယူသွား… အဟဲ'

'ဟွန်း… ခုမှ'

ဒါနဲ့ ပေတိုးလည်း သေနတ်ခါးပြန်ထိုးလိုက်ကာ စိတ်လျှော့လိုက်တယ်။ ဟုတ်တယ်လေ။ အသောင်းသေတာက အရေးမကြီးဘူး၊ အရက်ငတ်နေမှာ။ ဒါနဲ့ အသောင်း အိပ်ရာပေါ် တက်ထိုင်ပြီး ရုပ်တည်နဲ့…

'ကဲ… ငါတို့နှစ်ယောက်အတွက်… ဩော… အမြည်းပါချသိတယ်နော် ဟင်း…'

'ဟုတ်… ဟုတ်ကဲ့ပါ'

'ဟွန်း… ဟုတ်ကဲ့မလုပ်နဲ့၊ မင်းအချိုး ပြင်နော်၊ မပြင်လို့ကတော့ အသေမလုပ်ဘူး၊ ခြေထောက်တစ်ချောင်းလောက် ချိုးပစ်လိုက်ရင်…'

www.burmeseclassic.com



'အံမယ်လေး… ကြောက်ပါပြီ… လုပ်ပါနဲ့'

'အဟွန်း… ကြောက်သလား၊ ကြောက်ရင် ဆင်ခြင် ဒါပဲ၊ ဟော… ချက်ထား နောက်နေ့ကျ လာသိမ်းဦးမှာ'

'အဟင့်… တကယ်'

အသောင်းမျက်နှာက ခွေးအိုကြီး အစာနင်သလိုဖြစ်သွားလေရဲ့။ မတတ်နိုင်ဘူးရယ်။ ကြောက်တာကိုး။ ဒါနဲ့ အရက်တစ်လုံးနဲ့ ပဲကြီးလှော်တွေ ချပေးလိုက်ရတော့တယ်။ မျက်နှာကိုလည်း ပြုံးထားရသေးတာ၊ စိတ်ထဲမတော့…

'သေနာ… မျိုး အဲ့သမှာ ဆို့… အဲ့သမှာ အနိဖတ်ဆို့သေ…ဟင်း'

ဟိုနှစ်ယောက်ကတော့ အေးကလည်း အေး၊ အရက်ကလည်း ကောင်းဆိုတော့ ခေါင်းတောင်မဖော်ကြဘူးရယ်။ ကြိုက်တာလေ။ ဒါနဲ့ ခဏချင်းပဲ တစ်လုံးက ဟက်တက်စင်အောင် ပြောင်သွားပါရောလား။

●



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၈)

ဒီအချိန်မှာပဲ အပြင်ကနေ ဟောက်သံထွက်လာတော့ နှစ်ယောက်သား တွတ်တီးတွတ်တာ ပြောနေတာ ရပ်ပြီး…

'ချစ်… သွားကြမယ်၊ အပြင်မှာ ကြီးတော်ကြီး အိပ်သွားပြီ'

'နေဦး… ဒီမှာအထုပ်တွေ အပိုးတွေ'

ပြောလည်းပြော ခရီးဆောင်အိပ်ကြီး နှစ်လုံးရယ်၊ ကျောပိုးအိတ်လေး တစ်လုံးကို တွေ့တော့ စည်သူ စိတ်ပျက်သွားလေရဲ့။

'ဟာကွာ… နှစ်စုံလောက်ဆို ရပါပြီဆို'

'ဟာ… ကိုကလဲ ထားခဲ့ရမှာ နှမြောတယ်လို့'

'ချစ်ကလဲကွာ လို့မှာပါတယ် နော်… ဟို အိတ်လေးထဲကို အလှပြင်တဲ့ဟာလေးတွေရယ်၊ အဝတ်အစားနှစ်စုံရယ် ထည့်ခဲ့နော်'

'ဟွန်း… သူပဲ'

ဒါနဲ့ပဲ နှုတ်ခမ်းစူပြီး ဆောင့်ဆောင့်အောင့်အောင့်နဲ့ ထည့်စရာရှိတာ ထည့်တော့တာ။ ဖြစ်နေတာ ပြောပါတယ်။ စည်သူကတော့ စပ်ဖြဲဖြဲနဲ့ပေါ့။ ဟိုကတော့ သူ့ပစ္စည်းလေးတွေကို နှမြောတသနဲ့ ကြည့်ပြီး နှုတ်ခမ်းစူကာ ဖြတင်းပေါက်ကို ခုန်ကျော်လိုက်တယ်။

'အဟဲ… ဖြည်းဖြည်းဆင်းနော်၊ မကြောက်နဲ့'

www.burmeseclassic.com

www.burmeseclassic.com



ပြောလည်းပြော စောင်စကိုပေးပြီး ဖြည်းဖြည်းချင်း လျှောချပေးတယ်။ ဒါနဲ့ အောက်ကိုရောက်သွားတော့ စောင်ကိုပြန်ဆွဲတင် ပြတင်းပေါက်ကို ခွကျော်ပြီး အိမ်ခါးပန်းကိုခိုပြီး ခုန်ချလိုက်တယ်။

ပြီးမှ နှစ်ယောက်သား ဟိုချောင်ကပ် ဒီချောင်ကပ်နဲ့ အမှောင်ထဲ ပြေးဝင်သွားတော့တာ။ ရွာလယ်လောက်ရောက်တော့ ရွာပြင်ထွက်ပြီး ပတ်ပြေးမယ်ကြံပြီး အပြင်ကိုထွက်ဖို့ ရွာစည်းရိုးနားကပ်သွားတော့ သေနတ်ကိုင် လူနှစ်ယောက် ထိုင်နေတာကိုတွေ့တာနဲ့ နီးရာသစ်ပင်ပြေးကပ်လိုက်ရတယ်။

'ဟာ... ဘယ်သူတွေတုံးဟ... ဘာလာလုပ်နေကြတာလဲ မသိဘူးနော်'

'ကို... ဘာတွေလဲတော့မသိဘူး၊ လာ...အပေါက်တွေအများကြီး ဒီကမရရင် ဟိုဘက်'

'လာ... ဘယ်ဘက်တုံး... တန်းတန်းပဲ ပြေးရမလား'

'အင်း'

ပြောလည်းပြော နှစ်ယောက်သား နောက်ကြောင်းပြန်ခေါက်ပြီး ဆန့်ကျင်ဘက်ကို ပြန်ပြေးတယ်။ ခြံစည်းရိုး ကာထားပေမယ့် သူ့နေရာနဲ့သူ ထွက်ပြီးသွားလို့ရအောင် တံခါးပေါက်တွေတော့ ရှိတာရယ်၊ ဒါကြောင့် နောက်တစ်ပေါက်ဆီ ပြေးတုန်း ,မီးခိုးတလူလူနဲ့ တဲလေးသေးနားကိုရောက်တော့ လူသံကြားလို့ အသာကပ်ပြီး ချောင်းကြည့်မိကြတယ်။

'ဟင်... ကျားကြီးပေတိုးပါလား'

'ဟာ... ဘယ်လိုကနေ ဩော်... သိပြီ အရက်လာသောက်တာ ထင်တယ်'

'ရှူး... တိတ်တိတ်နေ'

ဒါနဲ့ တိတ်တိတ်လေး သစ်ပင်ဘေးကပ်ပြီး မှောင်ရိပ်ထဲကနေ ကြည့်နေတယ်။ အဲ... မူးလာပြီဆိုတော့ စကားသံက အကျယ်ကြီးကြားနေရတော့တာ။

'ဆရာ... အေ့...သွားကြမယ်လေ၊ ဆရာကောင်မလေးဆီ... ဒီအချိန်ဆို အပူပင်မရှိ အိပ်နေလောက်ပြီ'



www.burmeseclassic.com

www.burmeseclassic.com



'ဟား… သွားတာပေါ့ကွာ၊ အေ့… သူကလေးကြောင့် ငါ… ငါ့ အသက်ရှင်နေတာကွ'

ပြောပြီး မနည်းထရတယ်။ ဆရာတပည့်နှစ်ယောက် တစ်ယောက်နဲ့ တစ်ယောက် ထိန်းပြီး သိုင်းကွက်နင်းထွက်လာတယ်။ ပေတိုးက…

'ဩော… အေ့… မေ့တော့မလို့…အသောင်း ငါစိတ်ကောင်းဝင် သွားပြီ၊ မနက်ဖြန် လာမသိမ်းတော့ဘူး'

'ဟာ… ဝမ်းသာလိုက်တာ ဆရာကျွန်းရယ်'

'နေဦး… ဝမ်းမသာနဲ့ဦး'

'အင်'

'မနက်ဖြန် မသိမ်းတော့ဘူး အေ့… သန်ဘက်ခါမှ သိမ်းမယ်၊ အဟဲ… သွားပြီ'

'ဟွန်း… ဘာမှမထူးဘူး'

ဒါနဲ့ ဆရာတပည့်နှစ်ယောက် ရွာအရှေ့ပိုင်းကို သွားလေရဲ့။ အသောင်းကတော့ မျက်နှာကြီးမဲ့ပြီး နောက်ကနေ မကြားအောင် ကြိမ်းနေ တော့တယ်။

'မသာ… အဲ့သမှာ မြွေပွေးကြီး ထွန်တုံးလောက်ကြီး ကိုက်ပါစေ၊ ဟွန်း… မေတ္တာကို မရှိတာ… အံမယ် ရုပ်ကိုက ကျက်သရေတုံးတာ ရယ်၊ တုံးဆို ခုတ်လို့ကို မရတာ… ဟွန်း…'

ဒါနဲ့ပဲ ပြောပြီး တဲထဲပြန်ဝင်သွားတော့တာ။ အမှောင်ရိပ်ထဲက နှစ် ယောက်ကတော့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး အမှောင်ရိပ်ခို ကာ ရွာထဲကထွက်ဖို့ အပေါက်ရှာကြပြန်တယ်။

နှစ်ယောက်သား ဟိုပြေးဒီပြေးနဲ့ မောနေပြီ။ လူတွေက ရွာတစ်ပတ် လည်ဝိုင်းထားတော့ ခွေးတိုးပေါက်ကနေ ထွက်လို့တောင် မရဘူးရယ်။ နှစ်ယောက်သား ရင်ခုန်ပြီး ထမင်းကလည်း ကောင်းကောင်းမစားကြရတော့ ဆာနေပြီလေ။

'ထွက်ပေါက်တွေ အကုန်ပိတ်ကုန်ပြီ ကို… ဘယ်လိုလုပ်ကြမလဲ၊ နောက်ဆုံးကျန်တဲ့တစ်ပေါက်ကလည်း ဦးလေးအောင်သင်းနဲ့ နီးတယ်'

www.burmeseclassic.com



'မပူပါနဲ့ကွာ အပြင်ထွက်လို့ရအောင် အထဲမှာပဲ လှည့်ပတ်ပြေးပြီး အခွင့်အရေးစောင့်ရမယ်၊ စိတ်မပူနဲ့နော်'

'အခုလောလောဆယ် ဗိုက်ဆာတယ်လို့'

'ဟုတ်တယ်၊ ကိုလည်း ဆာတယ်၊ လာမထူးပါဘူး၊ ခိုးမယ့်အတူတူ တွေ့ကရာအိမ် တက်ခိုးစားကြမယ်'

'ကောင်းတယ်'

ဒါနဲ့ပဲ နှစ်ယောက်သား ပြေးရင်းလွှားရင်း ကံကောင်းချင်တော့ နောက်ဖေးပေါက်ကြီး ပွင့်ပြီး အထဲမှာ မီးလင်းနေတဲ့ အိမ်တစ်လုံးတွေ့တာနဲ့ လက်ဆွဲပြီး အသာတက် အိုးတွေလှန်ကြည့်တော့...

'ဟာ... ကြက်သားဟင်းအိုးကြီးဟ'

'ဟယ်... ဒီမှာလည်း ထမင်းအိုးကြီးတော့'

'အဟီး... စားရချည်သေးရဲ့၊ အယ်... နေဦး... သွားကြည့်လိုက်ဦးမယ်'

ဒါနဲ့ အိမ်ရှေ့ခန်း ကြည့်လိုက်တော့ ပုလင်းလေးလုံးနဲ့ လူငါးယောက်က ပိုးလိုးပက်လက်မှောက်နေပြီ။ ပုလင်းတစ်လုံးကတော့ တစ်ဝက်မရှိတရှိ ကျန်သေးတာနဲ့ ယူခဲ့တယ်။

'ဟယ်... ကိုကြီးအောင်သောင်းတို့ပါလား၊ မှောက်နေပြီကိုး၊ အင်... ဒါကြီးက ဘာလုပ်မလို့တုံး'

'အဟဲ... အေးတယ်လေကွာ၊ နည်းနည်းစီသောက်ရအောင်'

'ဟာ... သောက်ပါဘူး၊ နံကန်နဲ့'

'လာပါကွာ... ကဲ... ဒီလိုလုပ်၊ သူတို့ဖို့လည်း ကျန်အောင်... ဟာ...ကြာတယ် အကုန် မ,တာပဲ ကောင်းတယ် လာ'

ကြက်သားအိုးကိုယူ၊ ထမင်းကိုတော့ ကုန်နိုင်သလောက်ပဲ လေ့ကြီး နဲ့ ခွဲပြီးယူကာ နှစ်ယောက်သား ချောင်ကောင်းတဲ့ဘက် ပြေးလာခဲ့ကြတယ်။ ဖြစ်ချင်တော့ ဦးတိုးကြက်ခြံဘေးနားက ချောင်ထဲ ပြန်ရောက်လာတယ်။

ကံကောင်းတာက ဦးတိုးက တစ်ရေးနိုးပြီး အိမ်ပေါ်ပြန်တက်သွား



www.burmeseclassic.com

www.burmeseclassic.com



တာ။ အဲ… ဒါပေမဲ့ အကြာကြီးတော့ မဟုတ်ဘူး။ ဆေးလိပ်တက်ယူတာ။ ဖြစ်ချင်တော့ အိပ်ဆေးတန်ခိုးက မပြယ်သေးတော့ အပေါ်မှာ ခဏဆိုပြီး လှဲလိုက်တာ ပြန်ကျိုးသွားပြန်ရော။

လကလည်း နည်းနည်းစောင်းသွားတော့ သစ်ပင်ရိပ်က တန်းလျားတွေပေါ် ကျနေတယ်။ ဒါနဲ့ နှစ်ယောက်သား ဟင်းအိုးကြီးချပြီး တစ်ယောက်က စလောင်းဖုံးနဲ့ တစ်ယောက်က ဇလုံနဲ့ အသားကုန်စားကြတော့တာ။ စည်သူကတော့ တွေ့တဲ့ပုလင်းထဲက အချမ်းပြေဆိုပြီး နည်းနည်းသောက်လိုက်တာ ပိုစားကောင်းသွားတာပေါ့။

နှစ်ယောက်သား အားရပါးရ စားလိုက်တာတောင် တော်တော်ကျန်သေးတာ။ ဒါနဲ့ ဇလုံကို ရေနွေးအိုးထဲက ရေနွေးနဲ့ ဆေးပြီး ပေါင်နဲ့ ရင်ဘတ်သားလေး ငါးခု ထည့်ယူတယ်။ ကျန်တဲ့ဟင်းအိုးကိုတော့ ဒီအတိုင်းထားခဲ့လိုက်တယ်။

'ကဲ… အခုလောလောဆယ် ဘယ်ကိုသွားခိုရင် ကောင်းမလဲ'

'အင်း… သိပြီ… အဟီး… စာသင်ကျောင်းကိုသွားကြမယ်၊ အဲဒီမှာလို့ ဘယ်သူမှ ထင်မှာမဟုတ်ဘူး'

'လာ… ဒါဆိုလည်း လစ်မယ်'

'ဟယ်… ဒါတွေက ဘာလုပ်ဖို့ ယူမှာတုံး'

'ချစ်ကလဲ… ဒီမှာ ဒါရှိသေးတယ်လေ'

'ဟွန်း…တွေ့လား… အခုကတည်းက ဓာတ်ပြနေတာ အရက်သမား'

'လာပါကွာ… အေးလို့ပါ၊ ကောက်တာ ဟိုရောက်မှကောက်'

'ဟွန်း'

ဒါနဲ့ နှစ်ယောက်သား အမှောင်ထဲ ပြန်ဝင်ပြေးသွားတော့တာ။

ဦးတိုး ဒယီးဒယိုင်နဲ့ လှေကားက ဆင်းလာတုန်း တန်းလျားမှာ မည်းမည်း မည်းမည်းနဲ့တွေ့တော့ သေချာအောင် မျက်လုံးကို မှိတ်၊ ပြန်လည်းဖွင့်ကြည့်လိုက်ရော ဘာမှကို မတွေ့တော့တာ။ မတွေ့ဆို ဟိုက ပြေးပြီကိုး။



www.burmeseclassic.com

www.burmeseclassic.com



'ဟာ... ငါမူးနေလို့ ဖြစ်ရဲ့ပါလိမ့်မယ်၊ အင်း... အသက်ကကြီးတော့ ဟင်... ဘာတွေပါလိမ့်'

ဒါနဲ့ အနီးနားရောက်အောင်လာပြီး ကြည့်လိုက်တော့ ကြက်သားဟင်း အိုးကြီးနဲ့ ပုံနေတဲ့အရိုးတွေ တွေ့ကော့ မျက်လုံးပါပြူးပြီး အိပ်ချင်တာပါ ပျောက်သွားတော့တာ။

*

'အံမယ်လေး အေးလိုက်တာ၊ အံမယ်...ငါကသာ စိတ်မချတာ ဒါကတော့ သိုးနေလောက်ပြီ၊ ကျွတ်... ကျွတ်... အိပ်ရာထဲသွားအိပ်မှ၊ ဟွန်း... မသာမလေး ဒုက္ခကိုပေးတယ်'

ဒေါ်မြတစ်ယောက်တည်း ဗျစ်တောက်တောက်နဲ့ပြောပြီး တစ်ရေးနိုးမှ အိပ်ရာထဲ သွားပြန်အိပ်လေရဲ့။ ဒီအချိန်မှာပဲ ပေတိုးတို့နှစ်ယောက် အိမ်အောက်ရောက်လာတယ်။

ကွက်ချောင်း ချောင်းပြီး နှစ်ယောက်သား တိုးတိုးတိုးတိုးနဲ့ ဆင်ကြံကြံနေကြတာ။ မူးကလည်း မူးနေတော့ အိမ်အောက်တန်းလျားမှာ ထိုင်ပြီး အသံနားထောင်နေတာ ဘာသံမှ မကြား။ ပြီးတော့ ကားတွေ၊ ဆိုင်ကယ် တွေလည်း မရှိတာတွေ့တော့ မျက်နှာဝင်းသွားတယ်။

'မင်းမောင် သေချာပြီကွ၊ လူကြီးတွေမရှိလောက်ဘူး'

'အင်း... ဟုတ်လောက်တယ်၊ ဒါဆို ဒီမှာတင် ပွဲပြတ်ပြီ ဟီးဟီး'

'ရှူး တိုးတိုး... ကြားသွားမယ်၊ ကဲ... မင်းလိုက်ကြည့်စမ်း တံခါးပေါက်တွေကို'

မင်းမောင် အိပ်ချင်မူးတူးနဲ့ လိုက်ကြည့်တော့ အိမ်ဘေးက ပြတင်းပေါက်တစ်ချပ်ပဲ ဖွင့်ထားတာ တွေ့တယ်။ အိမ်အနောက်ကိုတော့ သွားတော့ ဘူးလေ။ တိုက်တိုက်ဆိုင်ဆိုင် ဒေါ်မြဝင်အိပ်တဲ့အခန်း ဖြစ်နေတော့။

ဒါကိုတော့ သိဘူးရယ်။ ပေတိုးတစ်ယောက် တိုင်ဖက်ပြီး အတင်း တက်တယ်။ မူးကလည်း မူး၊ မြင့်ကလည်း မြင့်တော့ မလယ်လောက်

www.burmeseclassic.com



ရောက်တာနဲ့ ခွေးကျ ကျတယ်။ အဲ··· ဒါပေမဲ့ သိတယ်မလား၊ စိတ်က သန့်နေတော့ နာရကောင်းမှန်း သိဘူးရယ်။

တက်လိုက် ပြုတ်ကျလိုက်၊ တက်လိုက် လျှောကျလိုက်နဲ့ နောက်ဆုံး မင်းမောင်က ဇက်ပေါ်ခွထိုင်ခိုင်းပြီး မတ်တပ်ရပ်လိုက်မှ အိမ်ခါးပန်းမီတယ်။ ဒါနဲ့ အားတက်သွားပြီး ပြတင်းပေါက်ကနေ အတင်းကုပ်ဖွဲတက်တယ်။ မင်းမောင်ကတော့ သူ့တာဝန်ကျေပြီဆိုပြီး တန်းလျားမှာ အိပ်တော့တာ။ မိုးနေပြီလေ။

'ဟင်'

'ခေါ်··· ခွေး'

'ဂလု အု'

အပေါ်ရောက်တာနဲ့ မျက်လုံးပါပြူးပြီး အမူးပါပြေသွားသလို ဖြစ်သွားတယ်။ ကြည့်··· သူ့ဘက်ကို ကျောပေးပြီး စောင်ကို ခေါင်းမြီးခြုံ ကွေးကွေးလေးအိပ်နေတာကို ကြည့်ပြီး တံတွေးကို အတင်းမျိုချတယ်။ ဟိုကတော့ အိပ်ကောင်းတုန်း။

ဘာလုပ်လို့ လုပ်ရမှန်းလည်း မသိတော့ဘူး။ ဒါနဲ့ စားပွဲခုံပေါ် သေနတ်ကိုချပြီး ထိုင်ခုံမှာထိုင်ပြီး သေသေချာချာကို ကြည့်တယ်။ ကြည့်ရင်းနဲ့ နာခေါင်းကြီးပွ၊ မျက်စိကြီးနီလာပြီး နောက်ကနေ အသာဝင်ပြီး အိပ်ရာထဲ ဝင်လှဲလိုက်တော့တာ။

ဟိုနှစ်ယောက်ကတော့ စာသင်ကျောင်းလေးထဲက ချောင်လေးထဲမှာ ကုပ်နေကြတယ်။ အေးကလည်း အေးတော့ စည်သူတစ်ယောက် အရက်လေးသောက်လိုက်၊ ကြက်သားလေးမြည်းလိုက်နဲ့ ဟုတ်လို့။ အရက်လည်း ကုန်ရော မူးလာပါလေရော။ ဒါနဲ့ နှစ်ယောက်သား ခဏလှဲလိုက်တာ မောမောနဲ့ အိပ်ပျော်သွားကြတယ်။

အေးသောင်း အိပ်ရာက နိုးလာတယ်။ ဘေးဘီကို ဝေ့ကြည့်လိုက်တော့ တစ်ယောက်မှ မနိုးကြသေးဘူးရယ်။ ဒါနဲ့···

'ဟကောင်တွေ ထကြပါဟ··· ဘယ်အချိန်တွေ ရှိနေပြီလဲ မသိဘူး'



www.burmeseclassic.com

www.burmeseclassic.com



'အင်း... အဲ...အဟုတ်...အတော်ကောင်းတဲ့ အရက်'

'အဲ... ဟုတ်ပ...ကဲ... ဗိုက်လည်းဆာပြီ စားကြမယ်'

အကုန် ကုန်းရုန်းထပြီး မီးဖိုချောင်ထဲ ဝင်ကြတော့တယ်။ ပန်းကန်ရေးတွေ ကိုင်ပြီး ထမင်းကို့ယ်စီထည့်ကာ ဟိုဒီရှာကြတယ်။

'အောင်သောင်း... ဟင်းအိုးဘယ်နားထားလဲ'

'အယ်... ဒီနားမှာ ထားတာပါ၊ အခုမရှိတော့ဘူးဟ'

'ဟာ... ဟော့ကောင် မနှောက်နဲ့နော် ဟင်း'

ကပ္ပိယကြီးက ရုပ်တည်နဲ့ ယောက်လိုက်တော့ အောင်သောင်းလည်း မျက်နှာငယ်လေးနဲ့ အတင်းဖြဲရပြီး ဟိုဒီရှာတယ်။ ကုလားကြီးတို့လည်း နည်းနည်းတော့ တင်းလာပြီ။

'ဟာ... သွားပါပြီဗျာ၊ အိုးလိုက် မ,သွားတာပဲ၊ ကုန်ပါပြီဗျ'

'ဟွန့်... နည်းတောင်နည်းသေးတယ်၊ တော်သေးတာပေါ့၊ လူပါ မ,မသွားလို့'

'လာကွာ... ဟို ကျန်တဲ့အမြည်းထဲက အရည်လေးနဲ့ ဆမ်းပြီး အရိုးတွေနဲ့ပဲ စားကြတာပေါ့ အဟင့်...'

ဒါနဲ့ပဲ ငါးယောက်သား ဟင်းကျန်လေးနဲ့ပဲ စားရတော့တာ။ ဟုတ်တယ်လေ။ နောက်တစ်ခါ သောက်ချင်ဦး။ စိတ်ရှုပ်နှာနဲ့ အရိုးကိုမဲပြီး ကိုက်နေကြတယ်။ ဘာမှကို မပြောနိုင်ကြတော့တာရယ်။ ကပ္ပိယကြီးက စားနေတဲ့ လည်ချောင်းရိုးလေးကို ကြည့်ပြီး...

'အင်း...အရိုးတို့ အသားတို့ဆိုလည်း စိတ်ကပဲ ဖြစ်တာ၊ အင်း... ဒါကြောင့်မလို့ ဆရာတော်ကြီးကပြောတာ လူ့အကြိုက် နတ်မလိုက်တဲ့ ဩော်... ဒုက္ခ ဒုက္ခ'

'ဟွန့်...အရေးထဲ သူကတစ်မျိုး၊ တောက်... ငါတို့မှာတော့ သက်စွန့်ဆံဖျား ခိုးလိုက်ရတာ တောက်... အခုတော့ သူခိုးလက်က သူဝှက် လုသွားတာ ခံပြင်းလိုက်သကွာ'

'ဒိုင်း ဒိုင်း'



www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့… သောက်ခွေး… ဟာ … ပြေးဟ'

'ဘာဖြစ်တာလဲ မသိဘူး၊ အံမယ်လေး ကျောင်းပြန်ပြေးမှ'

စားလို့တောင် မပြီးသေးဘူး သေနတ်သံတွေကြားတာနဲ့ ကပ္ပိယကြီးလည်း ဆင်းပြေးပါလေရော။ ဒါနဲ့ ယောင်တောင်တောင်နဲ့ အကုန်လိုက်ဆင်းပြေးကြလေရဲ့။

*

'ဟား ဟား စားရက်ကြံကြံလို့ မုတ်ဆိတ် မုန့်လာကပ် အဲလေ… ကြက်သားအိုး လာကပ်တာ ဟား ဟား'

ဦးတိုး အိပ်ချင်ပါပြေပြီး သဘောအကျကြီး ကျနေလေရဲ့။ ဟုတ်တော့လည်း ဟုတ်တယ်။ တန်းလျားပေါ်မှာ ကြက်သားဟင်းအိုးကြီးမှ ဟီးလို့။

'ဟား ဟား… သူတော်ကောင်း နတ်ကောင်းမတာ ထင်ပါ့၊ ဘာပဲဖြစ်ဖြစ် ဆာနေတာနဲ့ အတော်ပဲ၊ တီးမဟ'

'ပလပ်'

'အင်း… ချိုဆိမ့်နေတာပဲ၊ ဟား ဟား ကိုယ့်ပစ္စည်းမပါဘဲ အလကားစားရရင် အကုန်ကောင်းတာရယ်'

သဘောအကျကြီးကျပြီး အားရပါးရ စားလေတော့တာ။ ဟုတ်တယ်လေ။ ကြက်သာမွှေးတာ တစ်ခါမှ ချက်မစားဘူးရယ်။ မစားဆိုနမြောတာလေ။ ဘေးလူတွေက ပြောတော့လဲ ကြက်မွှေးတာ စားဖို့မဟုတ်ဘူးတဲ့၊ ရောင်းဖို့တဲ့။ ပြောသေးတာ ပိုးမွေးသလို မွေးထားတော့ မသတ်ရက် မစားရက်တာပါတဲ့။ အဲ… အခု အလကားရတာဆိုပြီး နင်းကန်စားနေတာ။ တကယ်လို့… သူ့ကြက်တွေဆိုတာသာ သိလို့ကတော့…။

'ကောင်းလိုက်တာ… ပလပ်… အု… အစ်'

'အမငိုး နင်တောင်နင်တယ်'

'ဒိုင်း ဒိုင်း'



www.burmeseclassic.com

www.burmeseclassic.com



'အံမယ်ကြီး… ဘာလဲဟ'

'ဒိုင်း ဒိုင်း'

'ဟား ဟား နဂါးဝေမိုးတဲ့ကွ၊ မှဲဆိုးမ မဖြစ်ချင်ရင် အကုန်ငြိမ်နေကြ၊ သေချင်တဲ့ကောင် ထွက်ခဲ့စမ်း'

'ဒိုင်း ဒိုင်း'

'အံမယ်ကြီး… ပြေးပြီ'

အသံကြားတာနဲ့တင် ယောင်တောင်ပေါင်တောင်နဲ့ ဟင်းအိုးကြီး။ ကူမီးကြီးလွယ်ပြီး ပြေးမိပြေးရာ ရွာလယ်လမ်းအတိုင်း ဝင်ပြေးတော့တာ။ သတ္တိကောင်းတာပြောပါတယ်။

*

ပေတိုးက အသာဝင်လှဲရင်း ဘာလုပ်လို့ လုပ်ရမှန်း မသိ။ အဲ… ဆိုလည်း ထိရဲဘူးရယ်။ လူက ချွေးပျံပြီး အမူးပါပြေလာတယ်။ ဒါနဲ့ ထိုင်တယ်၊ တစ်ခါ ဟိုဒီလမ်းသလားတယ်၊ ကြဲ့မှ ကြဲ့ဖူးပဲ။

'ခေါ်… ခလူး'

'အင်း… ရုပ်လေးသာလှတာ အအိပ်ကလည်း ဆိုးပါ့၊ အိပ်လိုက်တာ ဟောက်သံအကျယ်ကြီးတောင် ထွက်တယ်'

'အင်း… ဒါလည်း ငါ့အတွက် ကောင်းတာပဲ အဟီး…'

အသာလေးထိုင်ပြီး ခါးကို မထိရဲ ထိရဲနဲ့ ဖြည်းဖြည်းလေးထိတယ်။ ဆိုကထပြီး…

'ဟီးဟီး… ကုလားကြီးတော့… အံမယ်ကြီးရဲ့ ယားတယ်တော့ နော်'

'ဟင်'

'ခေါ်… ခလူး'

'အယ်… ပြန်အိပ်သွားတယ်ဟ'

မှောင်ကလဲ မှောင်၊ ပြီးတော့ ကိုယ်လုံးကိုယ်ပေါက်ကြီးကလည်း



www.burmeseclassic.com

www.burmeseclassic.com



မကွာ၊ မျက်နှာလည်း မမြင်ရဆိုတော့ ဆရာမလေးပဲ သင်နေတာ။ ဟိုက ထလာတော့ ကြောက်ပြီး ခုတင်အောက် ဝင်ပုန်းတယ်။ ဒါပေမဲ့ ထယောင်ပြီး ပြန်အိပ်သွားလို့ ခုတင်အောက်ကနေ ပြန်ထပြီး တစ်ခါ မထိရ ထိရဲ့နဲ့ ဖိအိပ်ထားတဲ့ စောင်ကို 'မ' လှန်တယ်။ အဲ... သူက မျက်နှာကိုတော့ မကြည့်တော့ဘူး။ ဂရုလည်း မစိုက်တော့။ သူသိချင်တာက...

'ခစ်ခစ်... ယားပါတယ်ဆို လုပ်နဲ့ဟာ... သွား...'

'အိ'

'ဒေါင်'

'အားလား သေပါပြီ'

'ခေါ... ခလော'

သူထိတာနဲ့ ထယောင်တော့တာနဲ့ အတင်း ခုတင်အောက်ဝင်ပုန်းတာ နံဖူးနဲ့ ခုတင်ဘောင်နဲ့ ထိပြီးသကာလ ကြယ်တွေလတွေ မြင်သွားလေရဲ့။ ကြယ်တံခွန်တစ်ခုပါ ရှိုးခနဲဖြတ်ပြေးတာ တွေ့လိုက်သေးတာ။ ဟိုကတော့ ယောင်ပြီးပြန်အိပ်သွားပြီ။

'ဟွန်း... တွေ့ပြီပေါ့ကွာ'

အင်္ကျီကိုချွတ်တယ်၊ ခါးပတ်ကိုချွတ်ပြီး စောင်ကို အတင်းဆွဲလှန်တယ်။ အဲဒီအချိန်မှာပဲ...

'ဒိုင်း ဒိုင်း'

'ဟား ဟား ဝေမိုးနဂါး... နဂါးဝေမိုးတဲ့ကွ... အကုန်မုဆိုးမတွေ ဖြစ်ကုန်မယ်'

'ဒိုင်း ဒိုင်း'

'ဟာ'

ဒါနဲ့ အတင်း အင်္ကျီပြန်ဝတ်ပြီး ခါးပတ်ပြန်ပတ်၊ သေနတ်ပြန်ယူနဲ့ အလုပ်ကို ရှုပ်နေတော့တာ။ ဟိုကတော့ မနိုးဘူးရယ်။ ပြတင်းပေါက်ကိုခွပြီး ခုန်ချမယ်ကြံပြန်တော့ မြင့်လွန်းလို့ ခုန်မချရဲဘူး၊ ဒါနဲ့...

'မင်းမောင်... ဟော့ကောင် မင်းမောင်'

www.burmeseclassic.com

www.burmeseclassic.com



'အင်း… အင်း… ခူး…ခလော'

'ဟာ… တောက်… ဒင်းက သေနေတာကိုး၊ တွေ့မယ် ဟာ… ကျုပ်မှာ'

'ဖုန်း'

'တေပါပြီဗျ'

နှီးမရတာနဲ့ ဒေါက်ကန်ပြီး ဆဲမလို့ ပြင်ရုံရှိသေးတယ် အောက်ကိုချော်ပြီး ခွေးကျုကျုပြီးသကာလ ခွေးအော် အော်ရတော့တာ။ မင်းမောင်ကတော့ အိပ်ကောင်းတုန်း။ ဒါနဲ့ နာသွားတဲ့ခါးကို ပွတ်ပြီး တန်းလျားကြီးကိုပါ ဆောင့်ကန်ချလိုက်တယ်။

'ဩော… ဒင်းက…အင်းဟာ'

'ဖုန်း… ဂလုန်း'

'ဟင်… အင်… ဘာလဲဟ'

ဟိုဘက်ကို ခွေးကျုကျုပြီး ယောင်တောင်ပေါင်တောင်နဲ့ ပြူးပြဲထပြီး ပေကလယ်ပေကလယ်နဲ့ ကြည့်တယ်။ ပေတိုးကို မြင်သွားတော့မှ သွားကြီးဖြဲပြီး…

'အဟဲ… ဆရာ ဘယ့်နှယ်နေလဲ၊ အဲလေ… အခြေအနေ ဘယ်လိုလဲ'

'ငါလုပ်လိုက်ရ သေတော့မယ်၊ မဘယ့်နှယ်မှ မဘယ့်နှယ်ရသေးဘူးဟ'

'ဟာ… ညှံ့ပါ့ဆရာသမားရယ်'

မျက်နှာကြီး ရှုံ့မဲ့ပြီးပြောတော့ ဟိုက မယားပါသားကို ပထွေးကြည့်သလိုကြည့်ပြီး…

'ညှံ့တာက မင်းကွ၊ အခု ရွာထဲကို ဝေမိုးရောက်နေပြီကွ'

'ဗျာ… ဘာ… ဘယ်လို'

'ဟွန်း… မင်းပထွေး ရွာထဲရောက်နေပြီ၊ သူလဲ ဆရာမကို လာမတာ နေမယ်၊ သွား… ဟိုကောင်တွေကို သွားခေါ်၊ ငါ့ဟာလေးတော့ မပေးနိုင်ဘူး၊ သူသေ ငါရှင် တိုက်ရမယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟော… ဟိုမှာ လာကုန်ပြီ'

ပြောနေတုန်းမှာပဲ အသံတွေကြားပြီး အိပ်ချင်မူးတူးနဲ့ ပေတိုးလူလေးငါးယောက် ပြေးလာတယ်။

'ဆရာကျားကြီး ဘာတွေဖြစ်နေတာလဲဟင်'

'ဟာ… ဘာမှမမေးနဲ့၊ ဝေမိုးတို့ရောက်လာပြီ၊ ကိုယ့်လူနဲ့ ရွာသားတွေကလွဲပြီး အကုန်ပစ်'

'ဟုတ်ကဲ့ ဆရာ'

'လာ… ငါနဲ့ ခြံရှေ့ကနေ သွားစောင့်မယ်'

ပြောလည်းပြော ခြံရှေ့က သစ်ပင်ကြီးတွေနောက် ဝင်ပုန်းပြီးစောင့်နေတော့တာ။

*

'ဒိုင်း ဒိုင်း'

'ဟား ဟား နဂါးဝေမိုးတဲ့ကွ၊ မဆိုင်သူတွေ ဖယ်နေကြနော်'

ကြည့်… လုပ်ပုံ။ သူများတွေအိပ်ကောင်းတဲ့အချိန်ရောက်မှ လူစုလူဝေးနဲ့ သေနတ်တွေပစ်ပြီး အတင်းဝင်လာကြတော့တာ။ သူကတော့ ပေတိုးလိုမဟုတ် ကြမ်းဆိုမှ ကြမ်းပဲ။

'ဆရာ… ချမ်းတယ်၊ အသောင်းဆီ သွားမလား'

'ဟာ… ငါ့ဟာလေး ထွက်ပြေးသွားမှာပေါ့ဟ'

'ဆရာကလည်း ကြောက်ပြီး အိမ်ထဲကတောင် ထွက်ရဲမှာမဟုတ်ဘူး'

'ဟာကွာ… မင်း အသောင်းဆီသွား၊ ငါနဲ့ လူဆယ်ယောက်လိုက်ခဲ့ကြ'

'ဒါလည်းကောင်းတာပဲ၊ ကဲ… ငါနဲ့ ကျန်တဲ့လူ လိုက်ခဲ့'

ဒါနဲ့ ဒေဝက အသောင်းတို့အိမ်ဘက်ရောက်လာတော့ အသောင်းက မူးပြီး အိပ်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



'အသောင်း ထစမ်း…ပော့ကောင်'

'အင်… ဟာ… ဘယ်သူလဲကွ၊ ဒီမှာအိပ်နေတာ မသိဘူးလားကွ ဟေ'

'ဟာ… ငါလုပ်လိုက်ရ သေတော့မှာပဲ၊ ထစမ်းကွာ'

'ထဘူးဟာ… အိပ်နေပါတယ်ဆိုမှ'

'ဟာ… အင်းဟာ'

'ဖုန်း'

'တေပါပြီဗျ'

ဒါနဲ့ ခုတင်ပေါ်ကနေ ကန်ချလိုက်မှ ဘေးကိုကြီးကြည့်ကြောင်ကြည့် ကြည့်ပြီး…

'ဟင်… ဒေဝ'

'ဟဲဟဲ… ကြောက်သွားသလား မမြဝင်း… အဲလေ… အသောင်း ရဲ့၊ မကြောက်ပါနဲ့ ဟင်း ဟင်း'

'ဘာလဲ… အရက်လား၊ ရမယ် ခဏလေး'

ပြောလည်းပြော တဲနောက်ပြေးဝင်သွားပြီး တော်တော်နဲ့ ပြန်ထွက် မလာဘူး။ ဘယ်ထွက်လာမလဲ တဲနောက်မှာ ပုလင်းတစ်လုံးထဆွဲပြီး အမှောင်ထဲ ပြေးဝင်သွားတော့တာ။ ဟုတ်တယ်လေ ဒါမှပဲ မဟုတ်ရင် အကန်ခံ အရိုက်ခံရရုံ့ အရက်လည်း တိုက်ရဦးမယ်။ အခုတော့ ပြီးပြီ၊ အရက်တွေကို ဖွက်ထားတာ၊ လူကလည်း ပြေးပြီဆိုတော့ ကိစ္စကို ပြတ် ရော။

နောက်ဆုံး ထွက်မလာလို့ တဲနောက်သွားကြည့်တော့ အသောင်း မပြောနဲ့ ဘာမှကို မရှိတာ။ ဒါနဲ့ ဒေဝလည်း တင်းသွားပြီး…

'လိုက်… ဒင်းကိုမိမှ အသေထုသတ်ရမယ် လိုက်…'

'ဘယ်ကိုလိုက်ရမလဲဟင်'

'အယ်… ဟုတ်ပ၊ လူခွဲလိုက်ကြ'

ပြောလည်းပြော ဒေဝနဲ့ လူလေးယောက်လောက်က ဇက်ဆွဲတည့် ပြေးပြီး ကျန်တဲ့လူတွေက နေရာအနှံ့ခွဲပြီး လိုက်ကြလေရဲ့။



www.burmeseclassic.com

www.burmeseclassic.com



'တွေ့ရင် အသေမသတ်နဲ့ဦးနော်၊ ငါတို့ အရက်ငတ်နေမယ် ကြား
လား၊ အံမယ်… ခွေးသား ဘယ်သူ့အားကိုးနဲ့ ဘယ်ကိုပြေးသွားတာလဲ
မသိဘူး'

'ဒိုင်း ဒိုင်း'

'ဟာ… ဆော်ပဟ'

'ဒိုင်း… ရှီး… ဒိုင်း… ရှီး'

'ဟဲ့…သောက်ခွေး'

သစ်ပင်တွေနောက်ကနေ သူတို့ဆီ ပစ်လိုက်တာ။ အနားကနေ
ကျည်ဆံတွေ တရှီးရှီးဖြတ်သွားတာနဲ့ ကြောက်ပြီး အတင်းဝပ်နေကြလေရဲ့။
သတ္တိကောင်းတာ ပြောပါတယ်။ သစ်ပင်နောက်မှာ မည်းမည်း မည်းမည်းနဲ့
နှစ်ယောက်က အပိုင်စောင့်ပစ်နေတာရယ်။

●



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၉)

'ဒိုင်း… ရှီး'

'ဒိုင်း… ရှီး'

'ဟိုက် ဆော်ပဟ'

ဝေမိုးတို့အဖွဲ့ ခြံနားကပ်ရုံပဲရှိသေးတာ အနားကျည်ဆံတွေ တရှီးရှီး ဖြတ်သွားတာနဲ့ တွေ့ကရာအတင်းဝင်ပုန်းရတော့တာ။ ပြီးမှ ရမ်းသမ်းပြီး ပြန်ပစ်တယ်။ စိတ်ထဲမလဲ ဘယ်ကအဖွဲ့လဲ တွေးနေတာရယ်။ ပြီးမှ…

'ဘယ်ကောင်လဲကွ၊ နဂါးကြီးဆိုတာ မသိဘူးလား၊ အင်းဟာ…'

'ဒိုင်း ဒိုင်း'

'အေး… သိတာပေါ့ကွာ၊ နဂါးမဟုတ်တဲ့ ရေမြွေဝေမိုးရာ'

'ဒိုင်း ဒိုင်း'

'ဟာ… ခွေးပစ်တုတ်ပေတိုး၊ ဟော့ကောင်… သေချင်လို့လား၊ ဖယ်… ရှေ့ကနေ'

'အံမာ… မဖယ်ဘူးကွ၊ ဘာလို့ဖယ်ရမှာလဲ၊ အိမ်ထဲကပစ္စည်း ငါ့ပစ္စည်းကွ၊ အဲလေ… ဆရာမလေးက ငါ့အတွက်ကွ'

'ဘာကွ… မတန်မရာ ဟိုလက်နဲ့ ဟိုဟာ အဲလေ… ရွှေခွက်နှုတ် တယ်ပေါ့… ဟွန်း'

'ဘာဖြစ်လဲကွာ ငါ့ဟာငါ နူနူဝဲဝဲ မင်းသာအရှောင်သား'



www.burmeseclassic.com

www.burmeseclassic.com



တစ်ဘက်နဲ့တစ်ဘက် သေနတ်နဲ့ ပစ်လိုက်၊ စကားနဲ့ ခွပ်လိုက်နဲ့ အနားတစ်ဝိုက် ဆူညံနေလေရဲ့။ ဒီတော့မှ ဒေါ်မြလည်း လန့်နိုးပြီး ပြတင်းပေါက်တံခါးပါပိတ်၊ ချောင်ထဲ ကုပ်နေလေရဲ့။

ရွာထဲမှာလဲ သေနတ်သံတွေ နေရာတိုင်းကြားနေရတော့တာ။ တစ်ဖွဲ့နဲ့တစ်ဖွဲ့ ဘာရယ်ညာရယ်တော့မဟုတ်၊ ပစ်မယ့်သာ ပစ်နေတာ ထိတာလည်းမဟုတ်၊ ရွာသူရွာသားတွေကတော့ တံခါးတွေအလုံပိတ်ပြီး ငြိမ်ကုပ်နေကြလေရဲ့။

'ဒိုင်း ဒိုင်း'

'အင်း… အဲ'

'ဟာ'

စာသင်ကျောင်းထဲ နှစ်ယောက်သား အိပ်ပျော်နေတာ အသံတွေဆူညံနေတာနဲ့ နိုးလာတယ်။ ဟိုဟာလေးက စည်သူ့ခါးလာဖက်တယ်။ သတ္တိက အဲ့သလိုကောင်းတာ။

'ကို… ဘာတွေဖြစ်နေပြီလဲဟင်'

'အဲ… ကိုလည်း မင်းနဲ့အတူအိပ်နေတာလေ ချစ်ရဲ့၊ ဘယ်လိုသိမတုံး၊ လာ… ပြေးကြမယ်'

'ဘယ်ကိုလဲ'

'မထူးပါဘူး၊ ဦးလေးအောင်သင်းအိမ်ပြန်ပြီး ကိုယ့်အခန်းထဲ ခဏပုန်းကြမယ်၊ အပြင်မှာ စိတ်မချရဘူး'

'ဖြစ်ပါ့မလား'

'လာပါကွာ'

ပြောလည်းပြော နှစ်ယောက်သား ရွာထိပ်ဘက်ပြေးသွားကြတော့တာ။ ရွာလယ်လမ်းကိုခြားပြီး နှစ်ဖွဲ့ ဟိုဘက်ဒီဘက်မကြည့်ဘဲ သစ်ပင်ကျောခိုင်းထိုင်ပြီး ပစ်နေကြတာရယ်။ ဒီကြားထဲကိုမှ သူတို့နှစ်ယောက်ရောက်သွားတော့တာ။

'ဒိုင်း ဒိုင်း'



www.burmeseclassic.com

www.burmeseclassic.com



'ရှီး ရှီး ရှီး'

'ဟဲ့… အမယ်လေး ကံကောင်းလို့'

ကျည်ဆံတွေ စည်သူတို့နှစ်ယောက်အနား ဘေးကပ်ကျပြီး ရှေ့သွားလို့မရတော့ဘူး။ ဒါနဲ့ နှစ်ယောက်သား ဝပ်နေကြရတာ။

'ဒိုင်း ဒိုင်း ဒိုင်း'

'ဖျောက် ဖောက် ဖျောက်'

'မဖြစ်ဘူး နောက်ကြောင်းပြန်ပြေး'

နှစ်ဘက်ပစ်နေတဲ့ ပစ်မှတ်က သူတို့ဝပ်နေကဲ့နေရာ ဖြစ်နေတယ်။ ဒါနဲ့ နှစ်ယောက်သား အသည်းအသန်လိမ့်ပြီးတစ်မျိုး၊ ခုန်ပြီးတစ်ခါ ပြေးရလေရဲ့။ ဒါနဲ့ တစ်ခါ ရွာလယ်ထဲရောက်လာတော့လည်း ဘာမှမထူးဘူး။ တဒိုင်းဒိုင်း ဟိုကပစ်လိုက်၊ ဒီကပစ်လိုက်နဲ့ ကျည်ဆံတွေ ပလူပျံပြီး အနားတဖွဲဖွဲ ကျနေတော့တာ။ ပြေးရင်းလွှားရင်း တစ်ခါ အောင်သောင်းတို့အိမ်နား ပြန်ရောက်လာတာနဲ့ အိမ်ပေါ်အတင်းပြေးတက်ပြီး တံခါးပေါက်ကို ပြန်ပိတ်ကာ ငြိမ်နေလိုက်ကြတယ်။ အောင်သောင်းတို့အုပ်စုလည်း အိမ်ထဲမှာ တစ်ယောက်မှ မရှိကြတော့ဘူး။ ဒါနဲ့ သူတို့နှစ်ယောက်တည်းသာ မျက်ပြူးလေးတွေကိုယ်စီနဲ့ ထိုင်နေကြတာ။ ဟိုဟာလေးကတော့ အနားကကို မခွာတော့ဘူး။ ကြောက်တတ်လိုက်တာမှ တုန်လို့ရယ်။ ဒါကိုပဲ အရေးထဲမှာ စည်သူဆိုတဲ့ကောင်က ကျေနပ်နေသေးတာ။

*

'ဒိုင်း ဒိုင်း'

'ဖောက် ဖျောက် ဖောက်'

'အား… ဟား… ကြောက်ပါပြီဗျို့'

ကပ္ပိယကြီးက ရှေ့ကနေအော်ပြီးပြေးတော့ နောက်က အောင်သောင်းတို့လေးယောက်လည်း အတင်းပြေးလိုက်ကြတယ်။ နေရာတိုင်းပစ်နေကြတော့ ဘယ်ပြေးပြေး မလွတ်ဘူးရယ်။ ဒါနဲ့ မျက်စိကိုစုံမှိတ်ပြီး ခွတ်ပြေးတယ်။ ကျည်ဆံတွေ တဖွဲဖွဲကျတာကို အတင်းဖြတ်ပြေးတာရယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဒိုင်း ရှိုး'

'အမေရေ'

ဦးတိုးလည်း အတင်းမျက်လုံးစုံမှိတ်ပြီး ဟင်းအိုးကြီး မပြီးပြေးပါလေရော။ ရွာလယ်နားရောက်တော့ အောင်သောင်းတို့အဖွဲ့နဲ့ သွားဆုံတယ်။

'ဟင်··· ငါ့အိုးကြီး'

'ဒိုင်း ရှိုး'

'ဟာ··· ဘာလုပ်နေတာလဲ ပြေးပါဟာ'

'ဒိုင်း ဒိုင်း'

'အံမယ်ကြီး ပြေးပြီ'

အရေးထဲ အောင်သောင်းက ဦးတိုးလက်ထဲက အိုးကို ဝင်လုသေးတာ။ ပြီးမှ ဦးတိုးမှန်းသိပြီး မျက်လုံးပြူးသွားတယ်။ ဟိုကလည်း အတင်းပြန်ဆွဲထားတာရယ် မကြာပါဘူး ကပ္ပိယကြီးက သတိပေးမှ အကုန်ပြေးကြတယ်။

'ဒိုင်း ဒိုင်း'

'ဟာ··· ငါ့ကိုစောင့်ကြပါဦးဟ'

'ဟာ··· အသောင်း လာ··· လာ'

ဒါနဲ့ပဲ အကုန်စုပြီး ပြေးကြတာ နောက်ဆုံး စာသင်ကျောင်းပေါ် သွားစုမိကြတယ်။ ဒီနားက အပစ်အခတ်သိပ်မရှိဘူးရယ်။ အကုန်စုပြီး ချောင်လေးမှာ ကပ်နေကြတယ်။ အသောင်းက···

'အံမယ်လေး··· မယားတရှူးနှစ်ယောက်တော့ ဆော်နေကြပြီ'

'သူတို့ဆော်တာ အရေးမကြီးဘူး၊ ဟင်··· ဦးတိုး··· ခင်ဗျား ကျုပ်ဟင်းအိုးကို ခိုးတယ်ပေါ့လေ'

'ဟာ··· မဟုတ်ရပါဘူးကွာ၊ ငါ့ခြံထဲမှာတွေ့လို့ပါ၊ နည်းနည်းပဲ စားရပါသေးတယ်၊ ပြေးလာရတာ အံမယ်လေး အခုမှပဲ ဟူး··· မောလိုက်တာ'

'ကဲ··· ဒါဆို ဝိုင်းပြီးစားကြတာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ဟာ… ဒါလောက်ပြေးနေရတာတောင် စားဦးမှာ ဟုတ်လား'

'သူတို့ဘာသာ မယားတရှုးပြီး ပစ်နေကြတာ ငါတို့နဲ့မဆိုင်ဘူး၊ ဒီမှာ တစ်လုံးပါသေးတယ်၊ တစ်ယောက်နည်းနည်းတော့ ရမယ်'

'အဟဲ… ကောင်းပါလေ့၊ အဲ… ဘုရားမကြိုက်ဘူး၊ သို့ပေသိ ငါကြိုက်တော့ ဒီလို ဂလု… အု…အား… ကောင်းမှ ကောင်း'

'ဟွန်း… သူပဲ အမျိုးမျိုး'

ကပ္ပိယကြီးက စသောက်ပြီး ကြက်သားဟင်းအိုးနားကပ်တော့ အောင်သောင်းတို့လည်း အမြင်ကတ်သွားကြတယ်။ ဟုတ်တယ်လေ သူပဲ မကောင်းပြောပြီး သူပဲ အရင်သောက်တာရယ်။

ဦးတိုးက ကြည့်ပြီး လန့်သွားတယ်။ ပြောတော့ ကပ္ပိယတဲ့၊ သတ်သတ်လွတ်တဲ့ ဒါနဲ့…

'ဦးထော်… ခင်ဗျားပြောတော့ ဘုန်းကြီးစကားနားထောင်တယ်ဆို'

'အင်းလေ… ပလပ် ပလပ်'

'သတ်သတ်လွတ်စားတာဆို'

'ဟုတ်ပါ့… ကောင်းမှကောင်း ကြက်သားလေးက… အဟဲ…'

'ဒါဆို… အခု'

'ဟာ… ဒါက ဒီလိုရှိတယ်၊ သတ်သတ်လွတ်က ဆရာတော်ကြီး စားတာလေ၊ ကျုပ်ကတော့ အဟဲ… ဆရာတော်ကြီး ကွယ်ရာမှာဆို စားချင်ရာစားလို့ရတယ်… တကယ်'

'ဟွာ'

'ကျုပ်လည်း သတ်သတ်လွတ်စားတာပဲ၊ သို့ပေသိ အမြဲတမ်းတော့ ဘယ်ဟုတ်မလဲ၊ အာဟာရပြည့်အောင်လို့ ဗီတာမင်ကြွယ်ဝတဲ့အသားလေး တွေလည်း တစ်ခါတလေ စားပေးရတာပေါ့'

ဒါနဲ့ ဘာမှကိုမပြောတော့ဘူး။ လူခုနစ်ယောက် စားလိုက်တာ ကြက်သားအိုးလည်း ပြောင်ပြီ။ နောက်ဆုံး ဟင်းခပ်ဇွန်းကြီးနဲ့ အရည်ပါ တစ်စက်မကျန် သောက်ပစ်လိုက်တော့တာ။ ဦးတိုးက ဗိုက်ကိုပွတ်ရင်း…



www.burmeseclassic.com

www.burmeseclassic.com



'အား… ကောင်းလိုက်တာ အီဆိမ့်သွားတာပဲ…အေ့'

'အေးဗျာ… အောင်သောင်းတို့လက်ရာကတော့ ရှယ်ပဲ'

'အဟဲ'

အသောင်းကပါ ဝင်မြှောက်တော့ အောင်သောင်းလည်း သဘောကျသွားလေရဲ့။ ရာကျော်တို့ကတော့ ဘာမှကို မပြောရဲဘူး။ မပြောရဲဆို ဦးတိုးဆီက ကြက်ကို ခိုးထားတာလေ။ ကပ္ပိယကြီးက…

'အင်း… ကောင်းတယ်ဆိုတာလည်း စိတ်ပဲ၊ မကောင်းဘူးဆိုတာလည်း စိတ်ပဲ တကယ်တော့…'

'တော်ပါတော့ ကပ္ပိယကြီးရာ၊ စားစရာမရှိတော့မှ တရားလာချနေတယ် ဟွန်း…'

'အဟီး'

ဦးတိုးက ပစ်ဟောက်လိုက်မှ ကပ္ပိယကြီး ရှက်ရယ် ရယ်ပြီး ငြိမ်သွားလေရဲ့။ ဦးတိုးလည်း အခုမှ စဉ်းစားမိပြီး မျက်နှာပျက်သွားတယ်။ အဲ… သူ့မျက်နှာကို အမြဲတမ်း အရိပ်အကဲကြည့်နေတဲ့ အောင်သောင်းတို့ကတော့ ပြေးဖို့ပြင်နေပြီ။ ဟုတ်တယ်လေ တူမီးက လွယ်လျက်ကြီး။

'အဲ… နေပါဦးကွ အောင်သောင်းရဲ့ မင့်မှာ ကြက် ဒါလောက်များများ အိုကွာ… တစ်ကောင်တစ်မြီးမှ မရှိဘဲ ဘယ်ကကြက်နဲ့ ချက်တာတုံး'

'အင်… အဟဲ… ဟို… ဟို'

'ဟာ… အောင်သောင်းဆိုတဲ့ကောင် မေ့တတ်လိုက်တာ၊ ဝယ်ချက်တာလေ'

'ဟုတ်တယ်… ဟုတ်တယ်၊ ကုလားကြီးပြောသလိုပဲ'

ယောင်နနနဲ့ ဘာပြောလို့ပြောရမှန်းမသိ ဖြစ်နေတုန်း ကုလားကြီးက ဝင်ဖောတယ်။ ဒါပေမဲ့ ဦးတိုးက ရိပ်မိသွားပြီလေ။ ကပ္ပိယကြီးနဲ့ အသောင်းတို့လည်း သဘောပေါက်လာပြီဆိုတော့ ပြေးဖို့ ပြင်နေပြီ။

'ဩော်… ဝယ်တာပေါ့လေ၊ ဒီရွာမှာ ငါပဲ ကြက်ခြံနဲ့ အရောင်းအဝယ်လုပ်နေတာ၊ ဘယ်သူ့ဆီက ဝယ်သတုံး'

www.burmeseclassic.com



'အဲ… ဟို… အဲဒီကိစ္စက…'

'အေး… ငါ့ကြက်ခိုးတဲ့ကောင်… ဒင်းကတောင် ငါ့ကို သူခိုးပြန်ပြော်သေးတာ၊ သေပြီမှတ်ခွေးသား… တေိုးတဲ့ကွ၊ တစ်တိုးတည်းရှိတယ်'

'ပြေးကြဟေ့'

ပြောလည်းပြော မျက်နှာကြီးနီပြီး လွယ်ထားတဲ့ သေနတ်ကို ဖြုတ်နေတုန်း အကုန်ပြေးပါလေရောလား။ ဦးတိုးက သောက်သောက်လဲ ဒေါသထွက်ပြီး…

'ဟေ့ကောင်တွေ ရပ်ကွနော်… အေး… ပြေးထား… ငါလာပြီကွ'

'ဒိုင်း'

'အံမယ်လေး… ပစ်တယ်ဟ ပြေး'

ရွာထဲက ဓားပြတွေက နောက်၊ အခုဦးတိုးကို ကြောက်ပြီး ရွာထဲပတ်ပြေးနေရလေရဲ့။ ဟိုနှစ်ဖွဲ့ကလည်း ပစ်သံ တစ်ခါတလေမှပဲ ကြားရတော့တယ်။ ဒါနဲ့ နီးရာလူကြောက်ပြီး ပတ်ပြေးရတော့ဘာ။

*

'ဟေ့ကောင် ပေတိုး… ငါတို့အချင်းချင်း အပ်စ်အခတ် ခဏရပ်ကွ၊ ဒီအတိုင်းဆို ငါတို့နှစ်ယောက်လုံး ဆရာမလေးနဲ့ မညားဘဲ ကျည်ဆံနဲ့ကားသွားလိမ့်မယ်'

'ဟား ဟား သေမှာ၊ မင်းပဲသေမှာ၊ ဘာလဲ ကြောက်သွားပလားကွ၊ ကြောက်ရင် အညံ့ခံ'

'ဘာကွ'

'ဟုတ်တယ်လေ၊ ငါက အသာရထားတဲ့ကောင်ကွ၊ အခုလေးတင် ဆရာမလေးအခန်းထဲကနေ ပြန်ဆင်းလာတာကွ၊ ဟား ဟား မင်းကျွန်ဖြစ်ပြီ'

'ဘာကွ… ငါက မင်းပြောတိုင်း ယုံရမှာလား၊ ကြည်ကြည်ဖြူဖြူ ဆရာမလေးက မင်းလိုကောင်မျိုးကို လက်ခံမတဲ့လား'



www.burmeseclassic.com

www.burmeseclassic.com



'ဟား ဟား… ငါက အနုနည်းနဲ့မရ အကြမ်းနည်းနဲ့၊ ဘာရမလဲ တစ်ခါတည်းနဲ့…'

'ဟာ… အင်းဟာ'

'ဒိုင်း ဒိုင်း'

'ဩော… မင်းက ဆော်တယ်ပေါ့… ကဲ…'

'ဒိုင်း…ဒိုင်း'

နှစ်ယောက်သား စားမာန်ခုတ်ရင်း တစ်ခါပြန်ပစ်ကြတော့ ရွာထဲ ပြန်ပြီး ဆူညံသွားတော့တာ။ ပယ်လမ်းခြားပြီး ပစ်နေတဲ့ အဖွဲ့တွေက ခဏငြိမ်နေကြတယ်။ ခဏနေမှ လစ်ပြီထင်ပြီး ပေတိုးအဖွဲ့ကလူတွေက ထပြီးပြေးထွက်တယ်။ ဝေမိုးလူတွေကလည်း လစ်ပြီထင်ပြီး ပြေးအထွက် လမ်းလယ်ခေါင်မှာ မျက်နှာချင်းဆိုင် တွေ့ကြတော့တာ။ ခဏကြောင်နေပြီးမှ သေနတ်တွေနဲ့ ပြိုင်တူချိန်ထားကြတယ်။

'ဟေ့ကောင်တွေ… ငါတို့အရင်ဦးတာနော်၊ မင်းတို့ သေနတ်ချ လိုက်'

'အံမာ… ဘာလို့ချရမတုံး'

'ပစ်မှာနော်…ဟင်း'

'ဟာ… ငါတို့လည်း ပြန်ပစ်မှာပေါ့'

'အဲ… နေကြပါဦးဟ၊ အခုလိုတော့ပစ်မှတော့ အကုန်သေကုန်မှာ ပေါ့'

'အင်… ဟုတ်သား'

ဒါနဲ့ ပစ်လည်းမပစ်၊ ပြေးလည်းမပြေးဘဲ အတော်ကြာကြာ လမ်း လယ်ကောင် တစ်ဘက်နဲ့တစ်ဘက် ချိန်လျက်ကြီးတွေ ရပ်နေကြတာရယ် အတော်ကြာမှ…

'ဟာ… ငါ လက်အံသေလာပြီ၊ ကဲ ပြော… မင်းတို့က ကိုယ့်နေ ရာကိုယ် မနေဘဲ ဘာလို့ထလာတာတုံး'

'ဟာ… ကြာတော့ပျင်းလာတာ၊ ဒါနဲ့ မင်းတို့ကရော'



www.burmeseclassic.com

www.burmeseclassic.com



'အေး… ငါတို့လည်း ပျင်းလာလို့၊ ဒါဆို ဒီလိုလုပ်၊ မင်းတို့နေရာ ငါတို့သွားပြီး ငါတို့နေရာ မင်းတို့သွားကြ၊ အယ်… မပစ်ရဘူးနော်၊ ငါက ပစ်ဆိုမှပစ်'

'အေး… ဒါလည်းကောင်းတယ်၊ တော်ကြာ ဆရာတွေရောက်လာလို့မှ မပစ်ရကောင်းလား ပြောနေဦးမယ်၊ ကဲ… မင်းတို့အရင်သွားပြီးမှ ငါတို့သွားမယ်'

'အေး ကောင်းတယ်၊ ဟကောင်… မပစ်ရဘူးနော်'

'စိတ်ချ'

'ကဲ… လာကြ မြန်မြန်'

ဟိုဘက်အဖွဲ့ ဒီဘက်အဖွဲ့ နေရာချင်းချိန်းပြီး ခဏကြာတော့…

'ပစ်'

'ဒိုင်း… ဒိုင်း'

'ဟဲ့… သောက်ရမ်းပစ်ရလားဟ သူတောင်းစားရ၊ အမလေး… ကံကောင်းလို့'

'ဟာ… မင်းပဲပစ်ဆို'

'ပစ်ဆိုတိုင်း ပစ်ရလားဟ၊ ဒီမှာထိတော့မလို့၊ အံမယ်လေး ကံကောင်းလို့ ခြေထောက်သေး ကပ်ကျတယ်'

'အဟဲ… ဆောရီး၊ ငါလည်း ရမ်းသမ်းပစ်လိုက်တာ အဲလို လက်ကတည့်တာ'

'ဟွန်း… အင်းဟာ'

'ဒိုင်း… ဒိုင်း… ဒိုင်း'

'ဒိုင်း… ဒိုင်း'

ရွာထဲ နေရာပေါင်းစုံက အသံပေါင်းကို စုံနေအောင် ထွက်နေတာ ပေတိုးက အသားကုန်တင်းနေတာ။ ဝေမိုးလည်း ဒီအတိုင်းပဲ။ သူတို့နဲ့ ယောက်ကသာ အသည်းအသန်ပစ်နေတာ။ ရွာထဲက ကျန်တဲ့တပည့်တွေက အပစ်အခတ်ရပ်ပြီး အချင်းချင်းညှိကာ အိပ်တဲ့သူ အိပ်၊ စကားပြောတဲ့သူ ပြောနဲ့ ဖြစ်ချင်တိုင်းကို ဖြစ်လို့။



www.burmeseclassic.com

www.burmeseclassic.com



'ဝေမိုး… မင်းတက်လာခဲ့လေကွာ၊ အဟား… ကြောက်နေပြီလား'

'အံမာ…မင်းလာခဲ့ပါလား'

'ဟာ… ဘာစလို့လာရမှာလဲ၊ မင်းလာခဲ့'

'လာဘူးဟာ… မင်းလာ… ဟာ… ကြာပါတယ် ကဲ'

'ဒိုင်း… ဒိုင်း'

'အံမာ… မင်းကများ အင်းဟာ'

'ဒိုင်း… ဒိုင်း'

ပစ်သာပစ်နေတာ မပစ်ချင်ကြတော့ဘူး။ ဒီအချိန်မှာပဲ သူတို့ရှိတဲ့ဘက်ကို လမ်းအတိုင်း လူခြောက်ယောက် အူယားဖားယား ပြေးလာကြတယ်။ ဒါနဲ့ အံ့သြကုန်တာရယ်။ အဖွဲ့နှစ်ဖွဲ့ ပစ်နေတဲ့အထဲ အတင်းပြေးဝင်လာပြီး…

'အံမယ်လေး ကယ်ကြပါ… ကယ်ပါ… ကယ်ပါ'

'ဟာ… ဘာတွေလဲဟာ'

'ကယ်ကြပါဦးဗျ၊ နောက်ကနေ လိုက်သတ်နေလို့'

ဒါနဲ့ပဲ အဖွဲ့နှစ်ဖွဲ့ ပစ်တာခတ်တာတွေကိုရပ်ပြီး မောကြီးပန်းကြီးနဲ့ ပြေးလာတဲ့လူတွေနား သွားကြတယ်။ ပေတိုးက ကိုယ့်ကိုကိုယ် လက်ညှိုးထိုးပြပြီး…

'ကျားကြီးပေတိုး… ပေတိုးကျားကြီးတဲ့ကွ၊ မင်းတို့က ငါ့ကို မကြောက်ဘူးလား'

'ကြောက်ပါဘူး၊ အခုလောလောဆယ် နောက်ကလိုက်သတ်နေတဲ့လူကိုပဲ ကြောက်တာ'

'ဗျာ'

ဒါနဲ့ ပေတိုးတို့တတွေ အံ့သြကုန်တာရယ်။ ဝေမိုးကလည်း ရှေ့တိုးပြီး ရင်ဘတ်ကော့ပြကာ…

'နဂါးကြီးဝေမိုးဆိုတာ ငါပဲကွ၊ မကြောက်ဘူးလား ဝါး ဟားဟား'



www.burmeseclassic.com

www.burmeseclassic.com



'ဖြုံခြောက်တယ်။ ဒါပေမဲ့…

'ကြောက်ပါဘူး ဆရာရယ်၊ နောက်ကလူကိုပဲ ဖမ်းပေးပါနော်… အဟင့်'

'ဟာ'

'ဟုတ်ပါတယ်ဗျာ… သူသတ်လို့ သေရပါလိမ့်မယ်၊ ကယ်ပါဗျာ'

ပေတိုးနဲ့ ဝေမိုးလည်း ဗိုလ်သာလုပ်နေတာ ကြောက်တာရယ်။ အခု လည်း တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ နောက်က ဘယ်သူများ လိုက်လာပါလိမ့်လို့တွေးပြီး မျက်နှာငယ်လေးတွေနဲ့ ကြည့်နေကြတာရယ်။ မကြာပါဘူး လူတစ်ယောက်ပြေးလာတာ တွေ့ရတယ်။

'သတ်မယ်… ငါ့ကြက်ခိုးစားတဲ့ ကောင်တွေ၊ သေပြီမှတ်'

'ဟာ… လိုက်လာပြီ လုပ်ပါဦး အီး…'

ပြောလည်းပြော အောင်သောင်းတို့တစ်တွေက ဝေမိုးနဲ့ ပေတိုးနောက် အတင်းဝင်ပုန်းတယ်။ ဟိုနှစ်ယောက်က ရုပ်တည်တွေနဲ့ ကြောင်ပြီးရပ်နေ တာ။

'ဒိုင်း'

'ဟ… သောက်ခွေး'

'ဆော်ပဟ'

ဒါနဲ့ နှစ်ယောက်သားဝပ်ပြီး တစ်ခါ အောင်သောင်းတို့နဲ့ ကွယ်နေ တယ်။ တစ်ခါ အောင်သောင်းတို့ကလည်း သူတို့နောက် ပြန်ကွယ်နေလိုက် နဲ့ ကလေးတွေ ဆော့နေသလို မှတ်ရတာ။ ဦးတိုးကလည်း သေနတ်ချိန်သီး နဲ့ မျက်စိ တစ်ပြေးတည်းချိန်ပြီး ဟိုဒီလိုက်ချိန်နေတာရယ်။ ဒီအချိန်မှာပဲ ခင်းမောင်နဲ့ ဒေဝက ဘေးတစ်ဘက်တစ်ချက်ကနေ ဦးတိုးကို သေနတ်နဲ့ ဒိုင်းချိန်ပြီး…'

'မလှုပ်နဲ့ ပစ်ထည့်လိုက်ရမလား၊ သေနတ်ချလိုက်'

'ဘာလို့ချရမှာလဲ၊ ငါ့ကြက်ခိုးစားတဲ့ကောင်တွေ သတ်ရမှ ကျေနပ် မယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟာ… ကြာပါတယ်ကွာ…ကဲ'

'လွှတ်… လွှတ်'

ဒါနဲ့ နှစ်ယောက်သားဝိုင်းဖမ်းပြီး သေနတ်ကိုလုကာ ချုပ်ထားလိုက်ကြတယ်။ ဒီတော့မှ တူတူပုန်းတမ်းဆော့နေတဲ့ ဝေမိုးနဲ့ ပေတိုးက တဟင်းဟင်းရယ်ပြီး ပေတိုးက ရုပ်တည်နဲ့…

'ဟင်း… ဟင်း ခင်ဗျားက တယ်မိုက်ပါလား ဟား ဟား… ကျုပ်ရှိတာတောင် ရမ်းကားရဲတယ်ပေါ့လေ'

'ဟုတ်ပါ့… အတော်မိုက်လုံးကြီးတာပဲ ဟွင်းဟွင်း… နဂါးကြီး ဝေမိုးဆိုတာ မသိရှာသလား… ဟွန်း'

'ဟာ… သူတို့က ငါ့ကြက်တွေ ခိုးစားထားတာ၊ မင်းတို့ဘာသာဘာကောင်တွေပဲ ဖြစ်ဖြစ် မကြောက်ဘူး၊ သတ်မယ်… ခင်းတို့ကို သတ်ရမယ် လွှတ် လွှတ်'

'အိ'

ဒါနဲ့ နှစ်ယောက်သား မျက်နှာပျက်ပြီး ဘာပြောလို့ပြောရမှန်းမသိတော့ဘူးရယ်။ ဦးတိုးလည်း စိတ်က အသားကုန်တိုနေတော့ အတင်းရုန်းတယ်။ နောက်ဆုံး ပေတိုးက မထူးဇာတ်ခင်းပြီး သေနတ်နဲ့ နဖူးတေ့ကာ…

'ကဲ… မကြောက်တဲ့လူ သေဖို့သာပြင်ထား ဟွန်း…'

ဒီတော့မှ ဦးတိုး မျက်လုံးပြူးကာ…

'အယ်… ကြောက်တာပေါ့လို့၊ အဟီး… အဟွင်း… အလကားစတာ'

'ဟွန်း'

သေနတ်ကိုလည်း မြင်ရော ဒေါသတွေ ကြက်ပျောက်ငှက်ပျောက်ပျောက်ပြီး ပထွေးမြင်တဲ့ မယားပါသားလို သေလုံပျော့သွားလေရဲ့။ ပေတိုးက မျက်နှာကို မာလိုက်ကာ…

'ကဲ… ဘာသောညာသော နားမလည်ဘူး၊ အကုန်လုံးဟိုသစ်ပင်မှာ ကြိုးနဲ့တုပ်ထား'



www.burmeseclassic.com

www.burmeseclassic.com



'ဗျာ'

'ဟာ'

အကုန်လုံး အခုမှ ကြောက်ရကောင်းမှန်း သိတာရယ်။ စောစောက ဆောင့် ကယ်ပါယူပါ တစာစာနဲ့၊ အခု ဖမ်းမယ်လို့ပြောရော တုန်တက်သွားကြတာရယ်။ ကပ္ပိယကြီးက…

'မလုပ်ပါနဲ့ကွာ၊ ငါက သူတော်ကောင်းပါကွဲ့ အဟင့်…'

'အံမယ်… သူက'

'အေးလေ… ဟုတ်ပါ့'

'ဟာ… သူတော်ကောင်းတာရော၊ မကောင်းတာရော အကုန်ဖမ်း'

အောင်သောင်းတို့လည်း မဲ့ရွဲ့ကုန်တယ်။ ဟုတ်တယ်လေ။ ဘယ်နှားမှာ သူတော်ကောင်းလို့တုန်း။ သောက်တဲ့စားတဲ့နေရာမှာလား။ ဒါနဲ့ သစ်ပင်မှာတန်းစီပြီး ကြိုးနဲ့တုပ်ထားကြတယ်။ သစ်ပင်ကကြီးတော့ လူခုနစ်ယောက်ကို ဆံ့တာရယ်။ ဒါနဲ့ပဲ ထိုင်လျက်သားလေးတွေနဲ့ ငိုင်နေကြလေရဲ့။

အိမ်ရဲ့မလှမ်းမကမ်းမှာ စည်သူနဲ့ သူကောင်မလေးကတော့ အမှောင်ထဲကနေပုန်းပြီး ကြည့်နေကြတာရယ်။ အကုန်လုံးကို ကြားနေမြင်နေရတာ။ သူတို့မလဲ ရွာပြင်ထွက်လို့ မရတာနဲ့ ရွာထဲတင် ဟိုအိမ်ပုတ်ပြေး ဒီအိမ်ပတ်ပြေးနဲ့ ခြေကိုရှုပ်နေတော့တာ။

●



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၀)

'ကဲ... ဝေမိုး... တို့ကိစ္စ ဘယ်လိုလုပ်ကြမတုံး'

'ဟာ... အလွယ်လေး ဆရာမလေးကို ခေါ်လိုက်မယ်၊ ပြီးမှ ဘယ်သူ့နောက် လိုက်မှာလဲမေးရမယ်၊ သဘောတူလား'

'ဘာကွ... မတူဘူးကွ၊ ဟော့ကောင်... အိမ်ပေါ်က ပစ္စည်း၊ အဲလေ... ဆရာမလေးက ငါ့အတွက်ကွ'

'ကဲပါကွာ... ပေတိုးရာ သူ့ကိုသာခေါ်လိုက်ပါ၊ သူ့သဘောအတိုင်းပဲ၊ အေး... ဘယ်သူ့နောက်မှ မလိုက်ဘူး ဆိုရင်ရော'

'အဲဒါက နောက်မှကွာ... ကဲ... ခေါ်ကွာ'

ဒါနဲ့ နှစ်ယောက်သား အော်တိုအပစ်အခတ် ရပ်ပြီး ငြိမ်းချမ်းရေးယူကာ အိမ်ပေါ်ကို လှမ်းခေါ်တယ်။

'ဆရာမ... ဆရာမလေး... ခဏဆင်းခဲ့ပါဦး'

'ဆင်းခဲ့ပါ ဆရာမရယ်... ကျုပ်တို့ တက်လာမှာနော် အဟဲ...'

အမှောင်ထဲက ဆရာမဂျူးဂျူးကတော့ လေသံတွေကြားပြီး ကြက်သီး ပါ ထလာတာရယ်။ ဒါနဲ့ စည်သူ့ခါးကို ဖက်လိုက်ပြီး...

'အံမယ်လေး... ကြောက်စရာကြီး၊ ကြက်သီးတောင် ထတယ်'

'ဟွန့်... ဒါမျိုးကျ ကြောက်တတ်ပါ့'



www.burmeseclassic.com

www.burmeseclassic.com



'အံမယ်… လိုက်သွားလိုက်ရမလား ဟွန်း…'

'အဟဲ… ဂလိုတော့ လုပ်ပါနဲ့ကွာ၊ ငါ့ဟာလေးကို ဒီလိုလူတွေ နောက် ထည့်စရာလား'

'ဟွန်း'

အိမ်ပေါ်က ဘာသံမှကို မကြားရတာ။ ပေတိုးက ခေါ်ရင်း တဖြည်းဖြည်း မာန်ပါလာပြီ။ ဝေမိုးလည်း အသံဝင်လာပြီ။

'ကဲ… မဆင်းရင်တော့ ဖြစ်တဲ့နည်းနဲ့ တက်လာပြီ၊ ဟင်း… ဟင်း ဖြစ်သလိုလုပ်ပစ်လိုက်မှာနော်'

'ဟုတ်တယ်နော်… နှစ်ယောက်အချိုးကျခွဲပြီးတော့… ဟင်း ဟင်း'

ကြည့်… လေသံတွေကိုက မာန်ပါလာပြီ။ ဒါနဲ့ တံခါးဖွင့်သံ ကြားရပြီး တုန်တုန်ချည့်ချည့်နဲ့ စောင်ကြီးခြုံထားတဲ့ အမျိုးသမီးတစ်ယောက် ဆင်းလာတယ်။

'ဟင်း… ဒီလိုလုပ်ပါ'

'ဟုတ်ပါ့… ဟွန်း'

မလှမ်းမကမ်းမှာ မခို့တရို့လေး ရပ်နေတယ်။ ဒါနဲ့ နှစ်ယောက်သား သဘောအကျကြီး ကျနေလေရဲ့။

'ဟင်း… ဟင်း… သိပ်ကြောက်သွားလား မမြဝင်းရဲ့… ဗိုလ်အောင်ဒင် ဘောင်းဘီချွတ်တာ ရေချိုးဖို့ပါ… ဟား ဟား ဟား'

'ဟာ… အရေးထဲ မင်းက လာနောက်နေသေးတယ်၊ မလုပ်ပါနဲ့ကွာ၊ သူ့ခမျာ ကြောက်တာမှ တုန်လို့၊ ကဲ… မေးကွာ'

'ကဲ… ဆရာမလေး… ကျုပ်တို့နှစ်ယောက်ထဲက ဘယ်သူ့နောက် လိုက်မှာလဲ… ပြော'

'အို'

'အဟဲ… ရှက်မနေပါနဲ့ ဆရာမရယ်၊ ပြောပါ… အဲ…'

'ဟင့်အင်း… လိုက်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ဘာ'

'မလိုက်ဘူး… ဟုတ်စ… မလိုက်ရင် ရွာကိုမီးရှို့ပစ်မယ်'

'ဟုတ်တယ်… ရှို့ပစ်မယ်'

'ဟယ်… တကယ်'

'တကယ်ပေါ့'

'ဒါဆိုလည်း လိုက်ရမှာပေါ့… အဟင့်…'

'ဒီလိုလုပ်ပါ၊ ကဲ… ပြော… ဘယ်သူ့နောက် လိုက်မှာလဲ'

'တကယ်ခေါ်မှာလား'

'တကယ်ပါ… ဂလု… တကယ်ခေါ်မှာ'

နှစ်ယောက်သား လိုက်မယ်လဲဆိုရော တံတွေးတွေအတင်းမျိုချပြီး ပြုံးပြုံးပြနေကြလေရဲ့။ ဟုတ်တယ်လေ။ လိုက်မယ်သာပြောတာ ဘယ်သူ့နောက်ကို လိုက်မလဲ မသိဘူးလေ။

'ကဲ… ဘယ်သူ့နောက် လိုက်မှာလဲ'

'ဟင်း…'

စောင် ခေါင်းမြီးခြုံထားတော့ မျက်နှာကိုတော့ တွေ့ရဘူးရယ်။ ဒါပေမဲ့ မျက်လုံးနေရာကနေပြီး နှစ်ယောက်စလုံးကို အပြန်အလှန် အကြိမ်နှစ်ဆယ်လောက် ဟိုဘက်ကြည့်လိုက်၊ တစ်ခါ ဒီဘက်ကြည့်လိုက်နဲ့ နှစ်ယောက်သားမျက်လုံးလေးတွေ ပေကလယ် ပေကလယ်နဲ့ မျက်နှာလေးတွေကလည်း အငယ်သား။

'ကဲ… ဒါဖြင့် နှစ်ယောက်စလုံးနောက် လိုက်မယ်'

'ဟာ…'

'ဟုတ်တယ်လေ… မဟာနဲ့ တစ်ယောက်နဲ့တစ်ယောက် အဝေမှမတည့်တာ၊ ဟိုတစ်ယောက်နောက် လိုက်သွားရင် ကျန်တဲ့လူက ပြဿနာရှာဦးမှာ'

'ဟင်… ဟုတ်သား'



www.burmeseclassic.com

www.burmeseclassic.com

အသံက အတော်ကိုခွဲပြီး နွဲ့နေတာရယ်။ ဒါနဲ့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ဝေမိုးက…

'ဟကောင်… ဘယ်လိုလုပ်မလဲ'

'သိဘူးလေကွာ'

ဒါနဲ့ နှစ်ယောက်သား ခေါင်းစုံကုတ်ပြီး စဉ်းစားနေတယ်။ တပည့်တွေကတော့ ထိုင်ငိုက်နေကြတယ်။ ဖမ်းထားတဲ့လူတွေကလည်း ရန်ဖြစ်တဲ့သူဖြစ်၊ ငိုက်တဲ့သူ ငိုက်နဲ့။

မင်းမောင်၊ ဒေဝ စတဲ့ လူတွေနဲ့အတူ လူအတော်များများ သူ့လူကိုယ့်လူ ခွဲမနေကြတော့ဘူး။ ရောထွေးပြီး ထိုင်နေကြတာရယ်။ ကြံရာမရတဲ့အဆုံး နှစ်ယောက်သား လမ်းသလားနေကြတာ တစ်ယောက်က လက်နှစ်ဘက်နောက်ပစ်ပြီး အံမယ် ဆရာကြီးပုံစံနဲ့၊ နောက်တစ်ယောက်ကတော့ လက်နှစ်ဘက်ကို ပိုက်ပြီးတော့ နဂိုကတည်းကမှ အိပ်ငိုက်နေပါတယ်ဆိုမှ သူတို့နှစ်ယောက် တစ်ယောက်က အသွားလျှောက်ရင် တစ်ယောက်က အပြန်လျှောက်၊ တစ်ယောက်က အပြန်လျှောက်ရင် တစ်ယောက်က အသွားလျှောက်တယ်။ ဒါနဲ့ ကြည့်ပြီး မူးလာတော့တာ။

'ဒေဝ… တို့ဆရာနှစ်ယောက်ကတော့ ဖယောက်ယက်ကိုခတ်လို့'

'ဟုတ်ပ… ငါသာဆို ရှောင်ပေးလိုက်တယ်၊ ဒါလောက်ပေါတာကို၊ အေးလေ… နှစ်ယောက်စလုံးက ဒါမှဒါ ဖြစ်နေတာကိုး'

'ဟုတ်ပ'

နှစ်ယောက်သား ထိုင်ပြီး ပေါ်တင်အတင်းတုပ်နေတာ။ ဒါပေမဲ့ မကြားအောင် ပြောရတာ။ ဟိုကလည်း စိတ်မရှည်တဲ့ လေသံနဲ့…

'ဗျဲ… ဘယ်သူအလျှော့ပေးမှာလဲ၊ စဉ်းစားလို့မရရင် တက်အိပ်လိုက်ဦးမယ်၊ အိပ်ရေးပျက်တယ် ဟွန်း…'

'အယ်'

ပြောလည်းပြော နွဲ့တဲ့နွဲ့တဲ့နဲ့ အိမ်ပေါ်ပြန်တက်သွားပါလေရော ပါးစပ်အဟောင်းသားလေးတွေနဲ့ ကျန်ခဲ့ကြတော့တာ။

www.burmeseclassic.com



'ဟင်း'

'ဟူး'

နှစ်ယောက်သား နောက်ပိုင်းကိုကြည့်ပြီး သက်ပြင်းတွေ ချနေကြလေရဲ့။ ဟိုကလည်း ခါခါ… ခါခါနဲ့ တက်သွားတာလေ။

*

'ကဲ… ဝေမိုး မင်းနဲ့ငါ သေနတ်ယှဉ်ပစ်မယ်'

'ဟာ… သေကုန်မှာပေါ့ဟ'

'ဘာလဲ… မင်းက ကြောက်တယ်ပေါ့'

'ဘာကွ… သေမှာတော့ လူတိုင်းကြောက်တာပဲ'

'အင်း… ဒါလည်း ဟုတ်တာပဲ၊ ငါပြောတာက ဗွီဒီယိုတွေထဲကလို ကျောချင်းကပ်၊ တစ်နှစ်သုံး… ဒိုင်း… ဒါကိုပြောတာ မဟုတ်ဘူးဟ'

'ဟင်… သူ့ပဲအမျိုးမျိုး၊ ယှဉ်ပစ်မယ်ဆို'

'ဟာ… မင်းကိုပြောရတာ မိချောင်းကို အရသာခံခိုင်းသလို ဘာမှန်းမသိ၊ နားလည်းပူ၊ လျှာလည်းရှည်ပ့ါ ဟွန်း…'

ပြောလည်းပြော ကွတ ကွတနဲ့သွားပြီး မလှမ်းမကမ်းက ပုလင်းတစ်လုံးကို ကောက်ကာ သစ်ငုတ်တိုပေါ် တင်တယ်။ ပြီးမှ တစ်ခါ ခြေလှမ်းဆယ်လှမ်း လှမ်းပြီး ရောက်တဲ့နေရာမှာ စည်းတားကာ…

'ကဲ… ဒီပုလင်းကိုထိတဲ့ကောင် အိမ်ပေါ်တက်လိုက်သွား၊ ကဲ… တစ်ခါတည်း ကိစ္စပြတ်ရော၊ မထိတဲ့ကောင်က သဘောထားကြီးစွာနေခဲ့'

'ဟာ… တကယ်'

'တကယ်ပေါ့ဟ'

'နှစ်ယောက်လုံး မထိရင်ရော'

'ဟာ…မထိမချင်းပစ်ကွာ'

'အင်း… ကောင်းသားပဲ၊ ကဲ… မင်းအရင်ပစ်'



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ ပေတိုးက ခြေထောက်ကိုကားပြီး ခြောက်လုံးပြူးနဲ့ အသေအချာ ချိန်တယ်။ အဲ… စိတ်ဝင်တစားနဲ့ ငိုက်နေတဲ့သူတွေပါ အကုန်ပြူးပြဲကုန်တယ်။ စည်သူတို့နှစ်ယောက်ကပါ စိတ်ဝင်စားနေကြတာ။

'ကို… အဟီ ရယ်ရတယ်သိလား၊ ထိတဲ့လူက ခေါင်းကြီးမြဲနဲ့ ရမှာ၊ မထိတဲ့လူကတော့ ကံကောင်းတယ် ခစ်… ခစ်… ခစ်'

'အဟီး… ဟုတ်ပါ့၊ ရှူးလည်း ရှူးပါ့'

နှစ်ယောက်သား အမှောင်ထဲမှာ သူများအတင်းချပြီး သဘောတွေ ကျနေကြတာရယ်။

'ဒိုင်း'

'ဟာ… လွဲပဟ'

'ဟား ဟား… ဘယ့်နှယ်ရှိစ၊ ပြောတော့ ယုံနေတဲ့ငှက်တောင် ထိတာဆို ဟား ဟား'

'တောက်… ကပ်လွဲသွားတာကွာ'

'ဟား… ဟား… ဟား'

ဒါနဲ့ အကုန်ဝိုင်းရယ်ကြပါလေရော။ ပေတိုးကတော့ တောက်တခေါက်ခေါက်နဲ့ ကြိတ်မနိုင် ခဲမရကို ဖြစ်လို့။ ဝေမိုးက ဟာဟင်းဟင်းရယ်ကာ အသာစီးရသွားတော့ ဆရာကြီးပုံစံနဲ့…

'ကြည့်ထားကွ ပေတိုးရ ပစ်တယ်ဆိုတာ ဒီလိုမှန်အောင် ပစ်ရတယ်'

'ဟွန်း… ထိဦးမှာ'

'ကဲ… ဒိုင်း'

'ဟာ… လွဲပဟ'

'ဟား… ဟား… ပြောတော့ ဒီလိုပစ်ရတာဆို၊ အဟုတ်ဟ… ငါကမှ ကပ်လွဲလေး၊ သူက အဝေးကြီး ဟား ဟား ဝေးဆို ရှာပုံဘက်များ နဲ့ ဒီဘက်ဖျား'

'ဟုက်ပါ့… ဟား ဟား ဟား'

www.burmeseclassic.com



'တောက်… ငါနော် ဟင်း'

ဝိုင်းလှောင်ကြတော့တာ။ ဒါနဲ့ ဝေမိုးလည်း တင်းသွားလေရဲ့။ ဟုတ်တယ်လေ သူပဲ ထိအောင်ပစ်နိုင်သလိုလိုနဲ့ ပေတိုးက…

'ကဲ… ငါ့အလှည့်'

'ပစ်ပေါ့'

'ကဲ… ဒိုင်း'

'ဟာ… လွဲပဟ'

'ဟား… ဟား'

'ကဲ… ငါ့အလှည့်'

'တောက်… နည်းနည်းလေးကွာ'

'ဟား ဟား ဒီတစ်ခါတော့ ထိပြီကွ'

'ထိဦးမှာ… ဖွန်း'

'ကဲ… ဒိုင်း'

'ဟာ လွဲပြန်ပဟ'

'ဟား… ဟား ငါ့အလှည့်'

'ကဲ… ဒိုင်း'

'ဟာ… မထိဘူး'

'ငါ့အလှည့်'

'ဒိုင်း… ဟာ လွဲတုန်း'

'ငါ့အလှည့်… ဒိုင်း'

'ငါ့အလှည့်… ဒိုင်း'

'ဟာ… ထိဘူးဟ'

'ကဲ… ဒိုင်း'

'ကဲ… ဒိုင်း'

ပစ်နေတာဖြင့် ကြာလှပြီ။ ထိဖို့မပြောနဲ့ ၊နားတောင် မသွားဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ပဲ ထိတဲ့အချိန်ထိ ပစ်နေကြလေရဲ့။ အတော်ကြာတဲ့အထိ ဘယ်သူမှ မထိကြဘူး။ ရွာထဲမလဲ သေနတ်သံ ဆူညံနေလေရဲ့။ နောက်ဆုံး ပေတိုး က…

'ငါ့အလှည့်… ကဲ… ဒိုင်း'

'ခွမ်း'

'ဟား… ဟား ဟား ထိပြီကွ ဟေး…'

'တောက်… ကြက်ကန်းကြီး… ဟွန်း'

အမှတ်မဲ့ ခလုတ်တိုက်မိပြီး သေနတ်ခလုတ် ယောင်ပြီးဆွဲလိုက်တာ ရှေ့မှောက်လျားထိုးကျပြီး ပုလင်းကို မှန်သွားတော့တာ။ ဝေမိုးလည်း မဲ့သွားလေရဲ့။ ပေတိုးက အားရဝမ်းသာပြောပြီး လှေကားကနေ ပြေးတက်သွားတယ်။

အိမ်ပေါ်မှာ ကြိတ်ကြိတ် ကြိတ်ကြိတ်နဲ့ အသံကြားရပြီး မကြာပါဘူး၊ ခြေသံတဝုန်းဝုန်းနဲ့အတူ အူယားဖားယား ပြန်ဆင်းပြေးလာတယ်။ မျက်လုံးပါ ပြူးပြီး ပါးစပ်ပါ ပြဲလာတာရယ်။

'အံမယ်လေး… ကံကောင်းလို့'

'ဟာ… ပေတိုး၊ ဘာလဲဟ… ဘာလဲ'

'ဘာမှမလဲဘူး၊ ငါ အပေါ်ကဟာကို မလိုချင်တော့ဘူး၊ မင်းလိုချင် ရင် သွား'

'ဟာ… တကယ်'

'အေး… တကယ်'

'ဟား… အိုရချည်သေးရဲ့ အဟိ…'

'ဝေါ…'

'ဟာ…'

ပြောလည်းပြော ပြေးတက်သွားတာများ ရိပ်ခနဲပဲ။ မသိရင် လေယာဉ်ပဲ ဖြတ်ပျံသွားသလို မြန်တာပြောပါတယ်။ ဒါမှသိမ့်ဒီလောက်



www.burmeseclassic.com

www.burmeseclassic.com



မြန်တာ။ သိလို့ကတော့ ဒီ့ထက်ပိုမြန်မှာ။ ပေတိုးကတော့ ပထွေးပြုံး ပြုံးပြီး ကျန်ခဲ့လေရဲ့။

*

ဝေမိုး နန့်နန့်တက်ပြီး လှေကားကနေ အတင်းပြေးတက်လာတယ်။ စိတ်ထဲမှာလည်း ပေတိုး... ဆရာမလေးနဲ့ အဆင်မပြေလို့ ပြန်ဆင်းပြေး လာတယ် ထင်တာ။ တော်တော်အူမြူးနေတာ။

'အဟီး... အိုရချည်သေးရဲ့၊ ပေတိုးကတော့ သူ့စရိုက်နဲ့ သူ သွားရှာ ပြီ'

'ကျွီ'

'အဲ... ဘယ်နားတုန်းဟ... ဂလု...'

အပေါ်လည်းရောက်ရော ကိုယ်ရှိန်သပ်လိုက်တာ ဘရိတ်အုပ်သံပါ ပေါ်လာတာရယ်။ ဒါနဲ့ ကုပ်ဖေးဖေးနဲ့ အသာခြေဖျားထောက်ပြီး ဖြည်းဖြည်း ချင်း လင်ငယ်ချောင်း လိုက်ချောင်းတယ်။ တစ်ခန်းချင်း လိုက်ရှာတယ်။ အခန်းက သုံးခန်းတည်းရယ်။

ပထမတစ်ခန်း... အသာလေး တံခါးလှပ်ကြည့်တယ်။ ရှိဘူးရယ်။ ဒါနဲ့ ဒုတိယခန်းကို မျက်စိထောင့်ကပ်ကြည့်ပြီး အသာကပ်သွားပြန်တယ်။

'ဆရာမလေး... အဟဲ၊ ကြောက်နေပြီလား၊ ကြောက်ပါနဲ့ကွာ ကိုကြီးက တကယ်ချစ်မှာပါ အဟိ'

'ကျွီ'

ပြောလည်းပြော တံခါးဖွင့်ကြည့်လိုက်တော့ ဘာမှကို မရှိတာ။ နောက်ဆုံးအခန်းကို ဝေ့ကြည့်ပြီး ကြာကူလီပြုံး ပြုံးကာ...

'ဆရာမ ကြောက်နဲ့နော်၊ သေနတ်ကြီး အပြင်ထားခဲ့မယ်၊ အဟဲ... ဂလု... ဟာ ကြာပါတယ်'

'ကျွီ'

www.burmeseclassic.com



'အဲ… ဂလု'

ခါးပတ်တွေ အပေါ်ကအနွေးထည်တွေပါ ချွတ်ပြီး အခန်းကိုဖွင့်ကြည့်လိုက်တော့ ကျောပေးပြီး အိပ်နေတာ တွေ့ရတယ်။ တံတွေးကို အတင်းမျိုချပြီး ကြာကူလီသံနှောကာ ခုတင်စွန်း ဝင်ထိုင်လိုက်တယ်။

'အဟီး… အိပ်နေပလား၊ အဟဲ… ဆရာမကလေ အရမ်းချစ်ဖို့ကောင်းတာ'

'တကယ်လား… အဟင်း'

'ဂယ်ပေါ့'

'နောက်ပြီးမှ ထွက်ပြေးရဘူးနော်၊ အဟင်း… သူများက အပျိုကြီးစစ်စစ် ရေမရောဘူးရယ်'

'ယုံပါတယ် … အဟဲ…'

'ဟုတ်တယ်၊ ဒီအသက်အရွယ်ထိပေါ့နော်၊ ဘယ်လိုပြောရမလဲ၊ အဟင်း… ရုပ်ပါက လန်းပေမယ့် အပြောကကြမ်းတော့ အပျိုကြီးဖြစ်နေတာပေါ့နော်၊ တကယ်တော့ စိတ်ရင်းက ကောင်းပြီးသား'

'အန်'

ဝေမိုးလည်း ယောင်နန ဖြစ်နေတယ်။ သီပို့လည်း ရင်းရင်းနှီးနှီး မနေဖူးတော့ အသံကို မကျက်မိဘူးရယ်။ စိတ်ထဲမလဲ ဆရာမလေးမှ ဟုတ်ရဲ့လား စဉ်းစားနေတာ ပြောပါတယ်။

'ဆရာမလေး… ဒီဘက်လှည့်ပါဦး… အဟဲ…'

'အင်း… ပြီးမှ ထွက်ပြေးရဘူးနော်'

'အင်းပါ…ဆို'

ပြော်လည်းပြော ပခုံးကနေ ကိုင်ပြီး မျက်နှာကို သေသေချာချာကြည့်တော့မှ အခန်းထဲ လရောင် ဖိုးတဝါးမှာ ဒေါ်မြရဲ့ ပါးရည်းရှည်တွန့်နေတဲ့ မျက်နှာကြီး တွေ့ပြီး…

'ဟင်… ဆ… ဆရာမလဲ ဟုတ်ဘူးဟ… သွား'



www.burmeseclassic.com

www.burmeseclassic.com



'ဟယ်… ဘယ်ပြေးတာလဲ… လာထား'

အော်ပြီး အတင်းထပြေးတာ ရဘူးရယ်၊ ဒေါ်မြက ဘောင်းဘီကို ခါးကနေ အတင်းဆွဲထားတော့ ယက်ကန်ကန်ဖြစ်နေလေရဲ့။

'ပြောထားတယ်လေ၊ ထွက်ပြေးရဘူးလို့… လာခဲ့'

'ဟာ… လာဘူး ဟာ… လွှတ်… လွှတ်ဆို… လွှတ်လေ… အဟား… ကယ်ကြပါ'

ဝေမိုးလည်း အသားကုန်ရုန်းပြီးအော်နေလေရဲ့။ ဟိုကတော့ ခါးကို မလွှတ်တမ်း ဆွဲထားတယ်။ နှစ်ဖယောက်သား အတော်ကြာ ရုန်းရင်းဆန့်ခတ် ဖြစ်နေတာနဲ့ အောက်ထပ်မှာ ဒေဝက မှင်းမောင်ကို…

'ဟာ… ငါ့ဆရာတော့ အဆင်ပြေပြီထင်ပ၊ အော်သံတွေကြားရ တယ် ကျွတ်…ကျွတ်…ကောင်မလေး သနားပါတယ်'

'အေးလေ… ဘာလို့အော်နေရတာလဲဟ'

'အား ဟား… ကယ်ကြပါဟ'

'ဟာ… ဒါ… ဒါ…ငါ့ဆရာ အော်နေတာကွ'

'ဟား ဟား မှတ်ပလား၊ အဲဒါ အကြောထချင်ဦးလေ ဟား ဟား'

ဝေမိုး အသံမှန်းသိပြီး အံ့ဩနေတုန်း ပေတိုးက ပြောပြီး ရယ်ပါ လေရော။ မကြာပါဘူး။ အောက်ကိုပြေးဆင်းလာတဲ့ ဝေမိုးကို တွေ့ရတယ်။ အသွားတုန်းကထက် ပိုပြီးမြန်တာရယ်။ တဟောဟော တဟဲဟဲနဲ့ လျှာပါ ထွက်နေတာရယ်။

'ဟား ဟား ဘယ်လိုလဲ အဆင်ပြေခဲ့လား'

'ဟော…ဟော…ဟဲ…ဟဲ ခွေးပစ်တုတ်…အမင်း… ကံကောင်း လို့…မင်း အတော်အကျင့်ပုတ်တဲ့အကောင်'

'ဟား…ဟား မင်းပဲ ချစ်ချင်လှချည်ရဲ့ဆို'

'ငါပြောတာ … ဆရာမလေးကိုကွ ဟင်း… ဒင်းတော့ တွေ့ပြီ ပေါ့၊ ဒါလောက်ဖြစ်တဲ့ဟာကြီး၊ ဒေဝ…'



www.burmeseclassic.com

www.burmeseclassic.com



'ဗျာ… ဆရာ'

'အိမ်ပေါ်တက်ကွာ'

'ဟာ… ဆရာ… တက်ရဲဘူး၊ ကျွန်တော့်ကို ချောက်ထဲ တွန်းမချပါနဲ့ ဆရာရယ်… အဟင့်'

'ဟာ…အရေးထဲ လာနွဲ့နေတယ်၊ မင်းတစ်ယောက်တည်း မဟုတ်ဘူး၊ လေးငါးယောက် ခေါ်သွား၊ အဲဒီဟာကြီးကို ဖမ်းခဲ့ စစ်ရမယ်'

'မင်း စစ်ပြီးခဲ့ပြီ မဟုတ်လား အဟား'

'ဟွမ်… အေး မင်းတော့လား ပေတိုး၊ ပြီးမှ မင်းနဲ့ငါ စာရင်းရှင်းမယ်… ဟွန်း'

'ဟား… ဟား… ရှင်းရမှာပေါ့ကွာ… ရှင်းဦးမှာ'

လှောင်နေတဲ့ ပေတိုးကို ဝေမိုးက မယ်ားပါသားလို မကြည်ကြည့်နဲ့ ကြည့်နေလိုက်တော့တာ။ ခဏကြာတော့ ဒေဝနဲ့ သုံးလေးယောက် ကုပ်ဖေးဖေးနဲ့ အပေါ်ကို တက်သွားလေရဲ့။

*

'ကဲ… ပြော ဆရာမလေး ဘယ်မှာလဲ'

'သိဘူး'

'ဘာ'

ပေတိုးက ဘာဆို မျက်လုံးပြူးကြီးနဲ့ ကြည့်တယ်။ အတော်စိတ်တိုနေပြီ။ ဝေမိုးကတော့ ရုပ်တည်နဲ့ ရပ်နေတယ်။ တန်းလျားနှစ်လုံးကို အိမ်ရှေ့ထုတ်ပြီး…

ဦးတိုး၊ ဦးထော်၊ အသောင်းနဲ့ ဒေါ်မြကို တစ်လုံးမှာ ကြိုးနဲ့တုပ်ပြီး ထိုင်ခိုင်းထားတယ်။ တစ်ဘက်တန်းလျားမှာတော့ အောင်သောင်းနဲ့လေးယောက်ကို အတူချည်ထားတယ်။ အခု ဒေါ်မြဆီကနေ ဆရာမလေးအကြောင်း မေးနေတာ။ ဟိုကလဲ တကယ်မသိတော့ ငိုးခံနေတာရယ်။



www.burmeseclassic.com

www.burmeseclassic.com



'ညနေကတော့ သူ့အသွားရွာကို သွားကြတာပဲ၊ ပါသွားသလားတော့ မသိဘူး'

'ဘာ..., မဟုတ်တာမပြောနဲ့၊ ရွာထဲရှိတယ်ဆိုတာ ကျုပ်တပည့်တွေ ပြောပြလို့ ကျုပ်သိတယ်'

'သိရင်လည်း ပြီးရောပေါ့'

'ဘာပြောတယ်'

'ကဲ... ပေတိုး သူ့ကို မေးလို့ ဘာသိမှာလဲ၊ ဒီရွာထဲနေတဲ့ ငါ့ တပည့်တစ်ယောက်ကို ခေါ်မေးရမယ်'

'ဟွန်း...'

ဝေမိုးက မလှမ်းမကမ်းက သူ့လူတစ်ယောက်ကို ခေါ်ပြီး မနီးမဝေးမှာ ခဏစကားသွားပြောနေတယ်။ အတော်ကြာမှ ပြန်လာပြီး...

'ရွာထဲ လူစိမ်းတစ်ယောက် ရောက်တယ်တဲ့၊ ပုံစံကြည့်ရတာ ဒီနယ် က ဟုတ်ပုံမရဘူးတဲ့'

'ဘာ... ဟုတ်လို့လား'

'အဲ... ပြီးတော့ ဆရာမလေးကလည်း အဲဒီအိမ်ကို ခဏခဏ သွားတယ်တဲ့'

'ဟာ... သွားပါပြီကွာ၊ ပါသွားပြီထင်တယ်'

'တောက်... တွေ့ပြီပေါ့ကွာ'

ဝေမိုးက ရုပ်တည်နဲ့ တန်းလျားနှစ်လုံးအလယ် လမ်းသလားနေပြီး ရွာထဲ ဘယ်လိုလူရောက်လဲ တွေးနေတုန်း ထိပ်ဆုံးက ဦးတိုးကို သေနတ်နဲ့ ချိန်ပြီး...

'ခင်ဗျား အဲဒီလူကို သိလား'

'ဟင့်အင်း'

ခေါင်းရမ်းတယ်။ ဒါနဲ့ ဦးထော်ကို မေးတယ်။

'ခင်ဗျားရော'



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းခါတယ်။ ဒါနဲ့ အသောင်းကို မေးတော့လည်း ခေါင်းခါတယ်။ ဒေါ်မြကိုမေးတော့လည်း ခေါင်းခါပြန်တယ်။

အောင်သောင်းကိုမေးတော့လည်း ခေါင်းခါတယ်။ ကုလားကြီးကို မေးတော့လည်း ခေါင်းခါတယ်။ မေးရင်းနဲ့ ဝေမိုးလည်း တဖြည်းဖြည်း အကြောလိုက်ပြီး သူ့ပါ ခေါင်းခါချင်လာပြီ။ ဖိုးတင်ကိုမေးတယ်။ ဟိုက ခေါင်းမခါခင်ကတည်းက ယောင်ပြီး သူကခေါင်းခါတယ်။

'မင်းရောတွေ့လား'

'ဟင့်အင်း'

သူလည်း ခေါင်းခါတယ်။ ဒါနဲ့ နောက်ဆုံးကျန်တဲ့ ရာကျော်ကို မေးတယ်။

'မင်းရော... ဟင့်အင်း'

'ဟင့်...အင်း'

ဒါနဲ့ နှစ်ယောက်သား တစ်ယောက်ကခါလိုက်၊ နောက်တစ်ယောက် က ခါလိုက်နဲ့ နှစ်ယောက်သား ခေါင်းကျန်းမာရေးလေ့ကျင့်နေလား မှတ်ရ တာ။ ဒါနဲ့ ကြည့်နေတဲ့ ပေတိုးက သွားပြီး ဝေမိုးခေါင်းကို ကိုင်လိုက်မှ ရပ်သွားတော့တာ။

'တောက်... ရှာထဲနေပြီး ဘာမှကို မသိဘာ ဟွန်း...'

'ဟာ... ကျုပ်က ရှာထဲနေတာမဟုတ်ဘူး၊ ဘုန်းကြီးကျောင်းနေတာ မသိဘူး'

'ဪ... ဟုတ်လား'

ဒါနဲ့ ယောင်ပေပေနဲ့ ခေါင်းညိတ်ပြီး အသောင်းဘက်လှည့်ကာ...

'အသောင်းကရော'

'ဟာ... ဒီအရက်သမားက အရက်ချက်ဖို့၊ ရေရောဖို့လောက်ပဲသိ တာ၊ ဘာသိမတုံး'

'ဪ... ဟုတ်တာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်း… ခင်ဗျားနော် ဦးတိုး… ဟွန်း…'

ကြားထဲက ဦးတိုးက ဝင်ထောက်တော့ အသောင်းက လှမ်းကြိမ်းတယ်။ ဒါနဲ့ အောင်သောင်းတို့အဖွဲ့ကိုမေးတော့ ဦးတိုးကပဲ အမြင်ကတ်ကတ်နဲ့…

'သြော်… သူတို့က ဒါတွေမသိဘူး၊ အားအားရှိ ရွာထဲ ဘယ်သူ့အိမ်က ဘာခိုးရမလဲဆိုတာ ချောင်းနေကြတာရယ်'

'သြော'

'ဘာဗျ… ခင်ဗျားကြီးနော်'

'အံမာ… မဟုတ်လို့လား… ဟွန်း… မပြောလိုက်ချင်ဘူး'

'ဟုတ်လို့ပေါ့ဗျ'

'အင်'

အောင်သောင်းနဲ့ ဦးတိုးက အရေးထဲ ရန်ဖြစ်နေသေးတာနဲ့ ဖြန်ဖြေနေရသေးတာ။ ပေတိုးနဲ့ စေမိုးလည်း ခဏစဉ်းစားနေကြတယ်။ အတော်ကြာမှ…

'ဟကောင် စေမိုး'

'ဘာလဲဟ'

'ညနေအထိ ဆရာမ ရှိသေးတယ်နော်'

'အေးလေ… ဒီတိုင်းပဲ ပြောတာပဲ'

'ဖျောက်'(လက်ဖျောက်တီးသံ)

'ဒါဆို သေချာပြီ'

'ဘာသေချာတာလဲ'

'ဟာ… ဘာသေချာတာလဲဆိုတော့ ဒီလိုဟေ့ ဒီလိုဟ… မင်းတို့ အ,လိုက်တာ၊ ငါလာတော့ ငါ့လူတွေကို ရွာထွက်ပေါက်တွေ အနှံ့ပိတ်ခိုင်းထားတာ၊ သူတို့ ရွာထဲမှာပဲ ရှိကြလိမ့်ဦးမယ်'

'မဖြစ်နိုင်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ဘာကွ'

'ဟုတ်တယ်လေ၊ ငါဝင်လာတော့ အဝင်လမ်းမှာ ဘယ်သူမှ မရှိဘူး'

'ဟာ… အဲဒါက အဝင်လမ်းလေ၊ အထွက်လမ်းမှ မဟုတ်တာ'

ကြောင်သွားတော့တာ။ အဝင်လမ်းကပဲ ပြန်ထွက်လို့မရသလို လုပ်ပုံ။

'ကဲ… မင်းကောင်တွေရော၊ ငါ့ကောင်တွေပါ ရွာထဲမှာရှိတာဆိုတော့ လိုက်ရှာခိုင်းရမယ်၊ ဒီလူတွေကို တစ်ယောက်စောင့်ကျန်ခဲ့ပစေ၊ လာ… လိုက်ရှာကြမယ်'

'ဟာ… ဘယ်ရိုရှာမှာလဲ၊ အိမ်တွေအများကြီးကို'

'ဟာ… သူတို့က လူတွေရှိတဲ့အိမ်ဆို သွားရဲမှာမဟုတ်ဘူး၊ ဒီတော့ ချောင်တွေထဲ လိုက်ရှာရမှာ၊ ဘာလဲ… မင်းမလိုက်ဘူးလား'

'ဟာ… လိုက်မှာပေါ့ဟ'

●



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၁)

'ကို… ဘယ်လိုလုပ်မလဲ ဟင်၊ တော်ကြာတွေ့သွားဦးမယ်'

'မတွေ့နိုင်ပါဘူးကွာ၊ သူတို့က ရွာထဲသွားရှာလေ ကိုတို့က ဒီမှာ အဟား… ယုန်တောင်ပြေး ခွေးမြောက်လိုက်ဖြစ်ပြီပေါ့'

'ဟယ်… အကုန်တိရစ္ဆာန်တွေ ဖြစ်ကုန်ပြီလေ'

'ဟုတ်သား… ဒါနဲ့ ကိုတို့ သူတို့ကို သွားကယ်မလား'

'ဟာ… အဲဒါမှ ပိုဆိုးမှာ၊ သူတို့က ထည့်မှာမဟုတ်ဘူး၊ မကယ်ဘူး'

'ဟာ… ချစ်ကြီးတော်ကြီးလေ'

'နေပစေ မေတ္တာကို မရှိတာ၊ ဟွန်း… သူမကောင်းလို့ အခု ပတ်ပြေးနေရတာ၊ မဟုတ်ရင်'

'ကဲ… တိတ်တိတ်နေ သူတို့ ဟိုဘက်သွားတုန်း ဒီဘက်က ထွက်ပေါက် သွားကြည့်ကြမယ်'

ပြောလည်းပြော ရွာအစွန်ဘက် ပြေးသွားကြတယ်။ ဟိုအပင်ပြေး ကပ်၊ ဒီချောင်ပြေးကပ်နဲ့ ရွာအပေါက်နားရောက်သွားတော့ သစ်ပင်မှီပြီး လူနှစ်ယောက် အိပ်နေတယ်။ အသာလေး ခြေကိုဖော့ပြီး သွားတယ်။

'အင်း… ဝှား'



www.burmeseclassic.com

www.burmeseclassic.com



'အန်'

'အဲတော့… မိပြီ'

အနားရောက်မှပဲ တစ်ယောက်က အပျင်းကြောထဆန့်တယ်။ နှစ်ယောက်သား မျက်နှာငယ်လေးတွေနဲ့ မိပြီထင်နေတာ မမြင်ဘူးရယ်။ သစ်ပင်ဘေး ခွေခွေလေး ပြန်အိပ်သွားတော့တာ။

'အဲ… အဲဒါမှ ဒုက္ခ'

'ဟာ… လာကွာ'

လမ်းက သွားစရာမရှိပါဘူးဆိုမှ သူက ကန့်လန့်ကြီး အိပ်နေတာရယ်။ ဒါနဲ့ စည်သူက ခွကျော်လိုက်တယ်။ ဒါပေမဲ့ ဂျူးဂျူးက မိန်းကလေးဆိုတော့ မကျော်ရဲဘူးရယ်။ လွတ်လိုလွတ်ငြား အသာလေး ဘေးကပ်သွားကာမှ…

'အား… သေပါပြီ'

'အဲတော့… နင်းမိပြီ… နားရွက်'

နားရွက်တကဲနင်းမိမှတော့ ထအော်ပြီပေါ့။ ဒါနဲ့ နှစ်ယောက်သားမျက်လုံးပြူးလေးတွေနဲ့ ကြည့်လို့။ အဲ… ဟိုကတော့ အဲဒါပဲအော်ပြီး ပြန်အိပ်သွားတယ်။ အဖော်လုပ်တဲ့လူကလည်း ဇာပ်တုပ်တောင်မလှုပ်ဘူးရယ်။ ဒါနဲ့ အသာလေး ရွာပြင်ထွက်လာခဲ့တယ်။ အပြင်ရောက်မှ…

'ဟယ်… ကားဖွက်ထားတာက ရွာဟိုဘက်လေ ဘယ်လိုလုပ်မလဲကို'

'အင်… ဟုတ်ပ'

ရွာဘေးပတ်လည်က စိုက်ခင်းတွေနဲ့ ရှင်းနေတာရယ်။ ပြေးရင်လရောင်နဲ့ ရှင်းရှင်းကြီး မြင်နေရမယ်။ ဒါနဲ့ အတော်ကြာစဉ်းစားပြီးမှ…

'ကဲကွာ… မထူးပါဘူး၊ ရွာထဲ ပြန်ဝင်တာပဲ ကောင်းတယ် ဘာ'

'ဟာ… ဘယ်လိုပြန်ထွက်မလဲလို့ ပတ်သွားမယ်လေ'

'လာပါကွာ… အဲဒါမှ ဂိုနေမှာ၊ ရွာထဲမှာပုန်းပြီး သွားလို့ရသေးတယ်၊ လာပါကွာ'



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ တစ်ခါ ရွာထဲ စောစောကထွက်တဲ့နေရာက ပြန်ဝင်ရပြန်တယ်။ အခုမှ ပိုဆိုးတာ နှစ်ယောက်သား လမ်းကိုပိတ်ပြီး တစ်ယောက်က ခြေရင်းခေါင်းထိုး၊ တစ်ယောက်က ခေါင်းရင်းခြေထိုးပြီး အိပ်နေတာ။ အကြံကတော့ ပိုင်ပါ့။ ဒါပေမဲ့ နားရွက်တက်နင်းမိတာတောင်မှ မနိုးတာ။

'ချစ်··· နားရွက်တက်မနင်းမိစေနဲ့နော်'

'အင်းပါကိုရဲ့··· အဟဲ··· တစ်ခါတည်းပါ'

ဒါနဲ့ပဲ စည်သူက နိုးမှာစိုးလို့ ခြေဖွပြီးနင်းကာ အသာခွကျော်တယ်။ ဂျူးဂျူးကတော့ ထုံးစံအတိုင်း ဘေးကပ်ပြီးနင်းတယ်။ မိန်းကလေးဆိုတော့ တော်ရုံမခွရဲဘူးလေ။

'အား··· ဟား'

'အဲတော့··· နင်းမိပြန်ပြီတော့'

ဒီတစ်ခါလည်း နင်းမိပြီး ထအော်ပြန်တယ်။ ဒါပေမဲ့ မနိုးဘူးရယ်။ လှိမ့်ပြီးတစ်ခါ တခွီးခွီးနဲ့ ပြန်အိပ်သွားတယ်။ အံ့မယ် အတော်အားကိုးရတာ။ အသွားအပြန် နှစ်ခါတက်နင်းမိတာတောင် မသိဘူးရယ်။ အအိပ်ဆတ်ပုံ ပြောပါတယ်။ နှစ်ယောက်သား အသားကုန်ပြေးရတော့တာ။ ပြေးရင်း···

'ပြောတော့ တစ်ခါတည်းပါဆို၊ ဒီတစ်ခါလည်း နားရွက်ပဲလား'

'ဟင့်အင်း··· နှာခေါင်း'

'ဟာ'

ကဲ ကောင်းရော··· နှာခေါင်းတက်နင်းမိတာတောင် မနိုးဘူးဆိုမှတော့။ ညဟာ လပိုင်းဝိုင်းကြီးနဲ့အတူ အဝါရောင်တံတိုင်းတွေ ကာပြီး လှချင်တိုင်း လှနေလေရဲ့။ ဒါကြောင့်ပေါ့··· သစ်ပင်ရိပ်မှောင်ခိုပြီး ပြေးရလေရဲ့။

*

'ဟွန်း··· ငနာမလေး၊ ဒီလောက်တားတဲ့ကြားကကို နှုတ်ဆက်ပြီး တောက်တောက်ပါအောင် လိုက်သွားတော့တာ၊ အင်း··· ဒါလည်းကောင်းပါတယ်၊ ဟိုမယားတရှူးနှစ်ယောက်လက်က လွတ်သွားတာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်… သူတို့ကို ကျုပ်လည်း ကြည့်လို့ကိုမရတာ၊ ဒါနဲ့ မသိလို့ မေးရဦးမယ်၊ စောစောက ဟိုနှစ်ကောင်ကို ဘာလုပ်လိုက်တာလဲ ဟင့်'

'အို… အဟွန်း… ရှက်စရာတွေတော်'

'အယ်'

ဦးတိုးက ပြောလည်းပြော မေးလည်းမေးတော့ ရှက်ပြီး အသံပါနွဲ့သွားတယ်။ မျက်နှာကလည်း အပျိုပေါက်လေးလို ဖြန်းဖြန်းထပြီး နီလို့။ ပြီးမှ စိတ်ဝင်တစား နားထောင်နေတဲ့ လူတွေကို ရှက်တက်တက်နဲ့ ဝေ့ကြည့်ပြီး…

'အစကတော့… ဘာလုပ်လို့ လုပ်ရမှန်းမသိတာနဲ့ ကြံမိကြံရာ ကြံလိုက်တာ၊ အဟဲ… ပြီးမှ ကျွန်မက အပျိုကြီးမဟုတ်လား အဟင်း…'

'အန့်… ဘာမှလည်းမဆိုင်ဘူး'

'ဟုတ်ပါ့၊ ကြော်ငြာဝင်တယ်ပေါ့၊ ကျုပ်လိုပဲပေါ့လေ အဟဲ'

'အံမယ်… သူကပါ ဝင်ကြော်ငြာသေးတာ'

'အေးလေ'

ဦးတိုးကလည်း လူပျိုကြီးဆိုတော့ အပျိုကြီးကို မျှားသိုးကြည့် ကြည့်ပြီး ပြောတယ်။ ဒါနဲ့ အပျိုကြီးက ရှက်ဝဲဝဲနဲ့ မျက်စိထောင့်ကပ်ကာ…

'အဲ… အဲဒီလိုပေါ့နော်… အင်းပေါ့… သူတို့က ချစ်ကြောင်းကြိုက်ကြောင်းပြောတော့ ရင်ခံ အဲလေ… ရင်ခုန်လာတာပေါ့၊ အဲဒီလိုပေါ့… အင်းပေါ့နော်'

'အန်'

ကြည့်… ပြောပုံ။ ဒီအရွယ်ကြီးနဲ့ ရင်ခုန်တယ်တဲ့။ အေးလေ ငယ်ငယ်က အပေါက်ကဆိုးတော့ ကာလသားတွေက မလိုက်ရဲကြဘူးလေ။ အခု… အသက်လေးဆယ်ကျော်မှ ဒီစကားတွေကြားရတော့ ရင်ခုန်ချင်စရာ မပေါ့။



www.burmeseclassic.com

www.burmeseclassic.com



'အပေါင်း… နှစ်ယောက်ထဲက ဘယ်သူနဲ့ရရဆိုပြီး အပိုင်ကြံလိုက်တာ'

'ဟာ'

'တစ်ခါတည်း နှစ်ယောက်စလုံး မျက်နှာမြင်တာနဲ့ မြင်တဲ့အတိုင်း တစ်ချိုးတည်း လစ်တော့တာ'

'ဖြစ်ရလေ အပျိုကြီးရယ် ဟား ဟား'

'ဩော်… ဒါကြောင့်မို့လို့ ဆရာတော်ကြီးကပြောတာ၊ တဏှာဖုံးရင် ဘာကိုမှ မမြင်တော့ဘူးတဲ့၊ အင်း… တရားရစရာ ကောင်းလိုက်တာ၊ ဩော်… ဒုက္ခ… ဒုက္ခ'

'အံမယ်… သူကများ ပြောတော့ တရားသမားတဲ့၊ ကြောက်တတ်လိုက်တာလည်း လွန်ရော'

'အန်…၊ ဦးတိုး… ခင်ဗျားနော်… ဟွန်း'

'အံမယ် မအန်နဲ့ရှင့် ဒီမှာ… နှုတ်ခမ်းမွေးသျှောင်ထုံးနဲ့လူကြီး'

'ဟာ… ဘယ်ကလာ… ယောင်ထုံးနှုတ်ခမ်းမွေးနဲ့ အဲလေ… မှားကုန်ပြီ… နှုတ်ခမ်းမွေးရယ် သျှောင်ထုံးရယ် ရောကုန်ပြီ'

'ကဲ ထားပါ… ဒီမှာရှင့်… ကပ္ပိယကြီးရဲ့'

'ဘာတုံး'

'ဘုရား တောထွက်တော့ဘယ်အချိန်ထွက်လဲ'

'ဟာ… ညသန်းခေါင်ယံအချိန်လို့တော့ ပြောတာပဲ၊ အဲဒီတုန်းက အဲဒီနားမှာ ငါမရှိဘူးဟ၊ နာရီအတိအကျတော့ သိဘူးရယ်၊ ဘာလဲ နင်သိလို့လား'

'အင်'

တစ်ယောက်တစ်ပေါက်နဲ့ ဆူညံနေတာ ကပ္ပိယကြီးစကားလည်း ... ရော အကုန်တိတ်ကုန်တယ်။ ဟုတ်တယ်လေ ဘုရားတောထွက်တာ ဘယ်သူမှ မသိအောင် ခိုးထွက်ပါတယ်ဆိုမှ သူလည်း ဘယ်သိမှာမို့မတုံး။ ဒေါ်မြကြ ရွဲ့ပြောတာကို သိတယ်။ ဒါပေမဲ့ သူမေးတာက ဒါမဟုတ်ဘူး ရယ်။ မျက်စောင်းထိုးပြီး…

www.burmeseclassic.com



'ရှင်ကြီးဟာလေ… ပြောလိုက်တာနဲ့ လွဲတော့တာ၊ ကျုပ်ပြောတဲ့ အချိန်ဆိုတာ နာရီကို မေးတာမဟုတ်ဘူး၊ နားထောင်၊ ကျွန်မပြောချင်တာက ဒီလို… လူတိုင်းဟာ တဖျာနဲ့ မကင်းဘူး၊ ဘုရားတောင် တောထွက်တော့ ကလေးတစ်ယောက် ရပြီလေ'

'အန်… ဒါ… ဒါတော့'

သူပြောတာ ဟုတ်နေတော့ ဦးထော်လည်း ပါးစပ်ကြီးဟပြီး ဘာ ပြောလို့ ပြောရမှန်းမသိဘူး။ တခြားလူတွေက မှတ်ပြီလားဆိုတဲ့အကြည့်နဲ့ ကြည့်တယ်။

'ခင်ဗျားတော့ မရှိမသေနဲ့ ငရဲကြီးမယ်'

'အံမယ်… မှန်တာပြောတာ၊ ကြီးတော့လည်း ကြီးပေါ့၊ ရှင်ကြီး လည်း အာသဝေါကုန်ခမ်းနေတဲ့ ရဟန်းမှ မဟုတ်တာ၊ ဒီစိတ်ရှိတာပဲ'

'ဟာ… မရှိဘူး၊ တကယ်မရှိတာ'

'ဟွန်း… ယုံချင်စရာ အံ့ပါရဲ့'

ဒါနဲ့ အောင်သောင်းက ဦးထော်ကို တအံ့တသြနဲ့ ကြည့်ပြီး…

'ဟာ… ဦးထော် ခင်ဗျား တကယ်ကင်းတယ်နော်'

'တကယ်… ဒီစိတ်တွေ ရှိကိုမရှိတာ'

ရုပ်တည်နဲ့ ဣန္ဒြေကြီးတစ်ခွဲသားပြောတော့ အောင်သောင်းက ပြုံး ပြီး…

'ဦးထော်က ရဟန္တာလား'

'မဟုတ်ဘူး… လူ'

'ဩော်… လူပေါ့'

'ဟာ… နင့်အမေကလွှား လူမဟုတ်လို့ ဘာတုံး'

'ဩော်… မသိပါဘူး၊ လူဆိုရင် ဖွဲတစ်ဆုပ်နိုင်တဲ့အရွယ်ထိ ဒီစိတ် မကုန်သေးဘူးတဲ့၊ ဒါဆို သေချာပြီ၊ ဦးထော်က ပန်းသေနေလို့ ဖြစ်မှာ'

'ဘာကွ'

'ဟား… ဟား… ဟုတ်တယ်ကွ၊ ဟုတ်နိုင်တယ်'



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ အကုန်ဝိုင်းရယ်ကြတော့ ဦးထော်လည်း မျက်နှာကြီးရဲ့ပြီး ရှက်နေတော့တာ။ ခဏနေတော့မှ ပြုံးသွားတယ်။ ပြုံးဆို အောင်သောင်းကို ပြန်ဆော်ရတော့မှာလေ။ ဦးတိုးဘက်ကို မသိမသာကြည့်ကာ…

'အပျွန်း… ထားပါ… ငါက သူတစ်ပါးပစ္စည်းတော့ မခိုးဘူးကွ'

'အဲ'

'ပျွန်း… ဟောကောင် အောင်သောင်း'

'ဗျာ'

ဦးတိုးလည်း အခုမှ ကြက်ကိစ္စ ခေါင်းထဲပြန်ရောက်လာတယ်။ ဟုတ်တယ်လေ။ သူ့ကြက်တွေခိုးပြီး ချက်စားတာ ဘယ်နှစ်ကောင်မှန်းတောင် မသိဘူး။ နဖူးခေါင်းကြီးပွ၊ မျက်နှာကြီးနီပြီး လှမ်းခေါ်လိုက်တော့ ကုပ်ဖေးဖေး ပြန်ထူးတယ်။ မျက်ထောင့်နီနဲ့ ကြည့်ပြီး…

'ကဲ… ငါ့ကြက်ကိစ္စ ဘယ်လိုလုပ်မလဲ'

'ဟာဗျာ… ဦးတိုးလည်း စားတာပဲမလား'

'အန်'

'ဟုတ်တယ်၊ ဦးထော်နဲ့ အသောင်းလည်း ပါတယ်'

'အန်'

ဒါနဲ့ အကုန်ဇေ့လည်ကြောင်ပတ်တွေဖြစ်ပြီး ရှုပ်ကုန်တော့တာရယ်။ ကပ္ပိယကြီးလည်း ကိုယ့်ရှူးကိုယ်ပြန်ပတ်တော့တာ။ နောက်ဆုံး အောင်သောင်းက…

'ကဲ… ဒီလိုလုပ် ကျုပ်တို့လေးယောက်က နှစ်ကောင်ဖိုး လျော်ပေးမယ်၊ ကျန်တဲ့သုံးကောင်ဖိုးက အသောင်းနဲ့ ဦးထော်…'

'ဘာ…ကွ'

'ဟုတ်တယ်လေ၊ စားဟော့ဆို ကပ္ပိယကြီးက ရှေ့ဆုံးကဆိုတော့'

'တော်… တိတ်… ဟောကောင်အောင်သောင်း မင်းတို့သုံးကောင် ဖိုးတော့ လျော်၊ ကျန်တဲ့နှစ်ကောင်က ငါရျော်လိုက်မယ်၊ ငါလည်း စားတာ ကိုး'



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ပဲ နောက်ဆုံး သုံးကောင်ဖိုး အလျော်ပေးဖို့နဲ့ ပြန်ပြီးအဆင်ပြေသွားကြပြီ။ အစောင့်ကလည်း စိတ်ချဖာရတာရယ်။ အိမ်အောက်က စားပွဲပေါ် တက်အိပ်နေတာများ သိုးလို့။

'ကဲ... အခုလောလောဆယ် တို့တမတွ ဒီကောင်တွေလက်က လွတ်အောင်လုပ်ပြီး ထွက်ပြေးကြမယ်'

'ဟုတ်တယ်၊ ပြောရတာမဟုတ်ဘူး၊ နှာထူးထပြီးရှာမှ မတွေ့လို့ ပြန်လာရင် အဲသတ်ခံနေရဦးမယ်'

'ဟာ... ဟုတ်တယ် ဘယ်လိုလုပ်မလဲ'

'ဒီလိုလုပ်... ငါနဲ့ ဘုန်းကြီးကျောင်းလိုက်ခဲ့၊ ဒါပေသိ... မိန်းကလေးနဲ့ ဘုန်းကြီးကျောင်းနဲ့က မသင့်တော်'

'မတတ်နိုင်ဘူးတော်၊ အခြေအနေအရ လိုက်ရမှာပဲ'

'ဟုတ်ပါတယ်ဗျာ ခင်ဗျားကလဲ'

'ဒါပေသိ... ကျုပ်တို့က ယောကျ်ားတွေများတော့ မိန်းကလေးတစ်ယောက်တည်း မဖြစ်ဘူးလေ'

'တော်ကြီး စောစောကပြောတော့ ဒီစိတ်တွေ မရှိဘူးဆို'

'အန်... ဒါ... ဒါက'

'ဟာဗျာ... လိုက်ခဲ့ဗျာ ဒေါ်မြ၊ သူမခေါ် ကျုပ်ခေါ်တယ်'

ဦးတိုးရဲ့ စကားနဲ့အတူ အဆုံးသတ်သွားတယ်။ ဒါနဲ့ လွတ်ဖို့ လုပ်ရတယ်။ အောင်သောင်းတို့လေးယောက်က လက်တွေနောက်ပြန်ချည်ပြီး ထိုင်ခုံနဲ့ တွဲထားတော့ လှုပ်မရဘူး။ ကြိုးတစ်ချောင်းနဲ့ အပြီးတုပ်ထားတာ။

ဒီဘက် ဦးတိုးတို့လည်း ဒီလိုပဲ။ ဒါပေမဲ့ ကြိုးစတစ်ဖက်က ထိုင်ခုံနဲ့ မမီတော့ ဒေါ်မြဘက်က လွတ်နေတယ်။ ဒါနဲ့ ဒေါ်မြရယ်၊ ဦးထော်အသောင်း သုံးယောက်က ထပြီး ကုလားကြီးတို့ဘက်ကိုလည်း မမီ၊ ဟိုဘက်ကြိုးစကိုလည်း မမီဆိုတော့ ဂငယ်ကွေ့ ကွေ့လိုက်တာ ထိပ်ဆုံးက ဦးတိုးဆီ ကွက်တိရောက်တယ်။

လက်က နောက်ပြန်တုပ်ထားတော့ ဦးတိုးကို ကျောင်းထားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ထိုင်လျက်ကနေ လက်က ကြိုးစကို ပါးစပ်နဲ့ကိုက်ပြီး ဖြေတယ်။ တွေးသာ ကြည့်ပေါ့ဗျာ။ ဘယ်လောက်ကြည့်ရဆိုးသလဲဆိုတာ။ ဘေးလူတွေက ပြုံးစိစိဖြစ်ကုန်တော့ ဒေါ်မြက ရှက်နေတာရယ်။ ဦးတိုးကတော့ ဟိုနားနီး တာ ဒီနားနီးတာ မတွေးနိုင်ဘူးရယ်။ ကြိုးစကိုပဲ အသည်းအသန် ဖြည်နေ တာ။

အမှောင်ရိပ်ထဲက စည်သူတို့နှစ်ယောက်ကတော့ ဖြစ်နေပုံကိုကြည့်ပြီး သဘောအကျကြီး ကျနေကြတာလေ။ မသိရင် ဒေါ်မြတင်ပါး ကောက် ကောက်ကြီးကိုပဲ ကိုက်နေသလို။

'ရှင်ကြီးနော်… ကြိုးဖြည်တာ ဒီလောက်ကြာရသလား၊ အမယ် ကြီး… ကြက်သီးပါ ထလာပြီ'

'ဝါး ဟား…ဟား'

ဘေးကလူတွေက မအောင့်နိုင်တော့ဘူး၊ ထရယ်ကြတယ်။ ဦးတိုး လည်း အခုမှ သတိရပြီး ကိုက်နေတဲ့ကြိုးစကို လွှတ်ကာ ရှက်ကန်းကန်းနဲ့…

'အင်… ဟာ… အမြရယ်… ကျုပ်က လုပ်ချင်လို့ လုပ်နေတာ မဟုတ်ပါဘူး၊ ဟာ… ဒီမှာ ဖြည်လို့မရသေးလို့ပါ'

'ခစ် ခစ် တော်ကြီးဖြည်မရတာ အရေးမကြီးဘူး၊ သွားနဲ့အသားနဲ့ ထိတာ ယားတယ်တော့'

'အန်'

'ဟား…ဟား…ဟား'

'ကဲ… ဦးတိုးရော၊ ဒေါ်မြရော မရှက်ကြနဲ့တော့၊ မြန်မြန်လုပ်ကြ၊ တော်တော်ကြာ ဟိုလူတွေ ပြန်ရောက်လာဦးမယ်'

အောင်သောင်းရဲ့ လောဆော်သံနဲ့အတူ ဦးတိုးက ကြိုးစကို ပြန်ကိုက် ဖြည်တယ်။ ဒေါ်မြကတော့ တွန့်တွန့် တွန့်တွန့် ဖြစ်နေတယ်။ ခဏကြာ တော့ ပြေသွားတယ်။ တစ်ယောက်လွှတ်တာနဲ့ အကုန်လွှတ်တော့တာပေါ့။

အကုန်လွှတ်သွားတော့ ကပ္ပိယကြီးက ရှေ့ဆုံးကနေပြီး အသောင်း၊ ကုလားကြီး၊ ရာကျော်၊ ဖိုးတင်၊ ဦးတိုး၊ နောက်ဆုံးက ဒေါ်မြ။ တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



အင်္ကျီ တစ်ယောက်ကိုင်ပြီး ရထားတွဲကြီးလို ရွာမြောက်ဘက်ပိုင်းကို အမှောင် ရိပ်ထဲ ဟိုပြေးကပ်လိုက်၊ ဒီပြေးကပ်လိုက်နဲ့ အတန်းလိုက်ကြီး သွားလေရဲ့။ နောက်ကနေ စည်သူတို့နှစ်ယောက်က အသာလိုက်သွားတယ်။ သူတို့လည်း မြောက်ဘက်ပိုင်းကို သွားရမှာကိုး။

လကြီးလည်း သာကောင်းကောင်းနဲ့ သာနေလိုက်တာ။ တစ်လောက လုံးများ လင်းထိန်နေသလား မှတ်ရတာ။

●



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၂)

'အဟိ… ရထားကြီး ဘယ်သွားတာလဲမသိဘူးနော် ခစ် ခစ်'

'ဟွန့်… အူမြူးနေ အဲ့သမှာ… အခုချိန်ထိ ရွာထဲမှာပဲ ရှိသေးတာ၊ မိုးမလင်းခင် ထွက်နိုင်မှ'

'ဘာဖြစ်လဲ… အံမယ်… လင်နောက်လေးတစ်ခါလိုက်ပါတယ်၊ အဟီး… ပျော်စရာကြီး'

'ပျော်ထားပါ… ဟင်း… တွေ့မယ်၊ ပြီးမှ ဒုင်းငိုရမှာတော့ မသိဘူး'

'ဘာ'

'အဲလေ… ဟိုနှစ်ကောင်နဲ့တွေ့လို့ ငိုနေရမှာကို ပြောပါတယ် အဟဲ'

'ဟွန်း… သေမယ်'

'ရှူးတိုးတိုး… တွေ့သွားမယ်'

ဒါနဲ့ နှစ်ယောက်သား ဟိုလူတန်းနောက်ကနေ ခပ်ခွာခွာ လိုက်ခဲ့ရတယ်။

လမ်းမှာ လူရိပ်တွေ့လိုက်၊ သစ်ပင်ပြေးကပ်လိုက်၊ တစ်ခါပြေးလိုက်၊ ဟိုကပ်ဒီကပ်နဲ့ ဟုတ်လို့။ အချိန်ကလည်း သန်းခေါင်ကျော်လာပြီဆိုတော့ ဝေမိုးတို့၊ ပေတိုးတို့ လူတွေက အိပ်တဲ့သူအိပ်၊ ငိုတဲ့သူ ငိုက်ဆိုတော့ ကံကောင်းနေတာရယ်။ ဒါနဲ့ ရွာမြောက်ပိုင်းနဲ့ တဖြည်းဖြည်းနီးလာပြီ။

www.burmeseclassic.com



'ငါ့ကောင်တွေ ဒီအပေါက်ကို အသေအချာစောင့်ကြဟ၊ သူတို့ ဒီကပဲ လာမှာ'

'ဟာ… ဟုတ်လို့လား၊ မရှိတော့ဘူးထင်တယ်'

'မင်းကလဲ ဟိုဘက်အပိုင်း ကျန်သေးတယ်လေကွာ၊ မရှာရသေးဘူး'

ဝေမိုးနဲ့ ပေတိုးအသံကြားရတာနဲ့ ကပ္ပိယကြီးက လန့်ပြီး ပယ်လမ်းချောက်ထဲ ခုန်ချလိုက်တာ…

'ဟိုက်… ကျပြဟ'

'ခွပ်… အင့်'

'ဒုတ်… အီး တောပါပြီဗျ'

အသံကြိတ်ကြိတ် ကြိတ်ကြိတ်နဲ့ လူတွေထပ်ပြီး လဲကုန်ကြတာရယ်။ မှောင်ကလည်း မှောင်တော့ ဘာမှ သဲသဲကွဲကွဲ မမြင်ရဘူးရယ်။ သစ်ပင်ရိပ်နဲ့ဆိုတော့ လရောင်က မရောက်ဘူး။

ဒါနဲ့ နောက်ကနှစ်ယောက်လည်း ဖတ်ခနဲ သစ်ပင်ဘေး ပြေးကပ်တယ်။ ကံကောင်းတယ်။ ဝေမိုး၊ ပေတိုးနဲ့ လူ့လေးငါးယောက်က ဒီဘက်ကို လာနေတာရယ်။ စောစောကအသံတွေ ကြိတ်ကြိတ် ကြိတ်ကြိတ် ကြားရတော့ အသေအချာ ဓါးကွက်တောင်းမှောက်ကြည့်ပြီး ရှာတယ်။ ဟုတ်တယ်လေ။ ညဘက်က ဓါးကွက်ပဲထွက်တာဆိုတော့။ စောစောက လူတွေကျသွားတဲ့ ပယ်လမ်းချောက်ဘက်ကို ဖြည်းဖြည်းချင်းကပ်တယ်။ အဝေးက မတွေ့ရပေမယ့် နီးလာတဲ့အခါ တွေ့သွားနိုင်တယ်လေ။ ချောက်ထဲကလူတွေကလည်း ငြိမ်ပြီး အသက်တောင် ရဲရဲမရှူရဲဘူးရယ်။

ပေတိုးတို့ကလည်း တဖြည်းဖြည်း နီးလာပြီ။ စည်သူက ကြံရာမရတဲ့အဆုံး အနားက ခဲလုံးတစ်လုံးကို ကောက်ပြီး ဝေမိုးတို့နောက်က သစ်ပင်ကြီးပေါ် ပစ်တင်လိုက်တယ်။

'ခွပ်'

'ဖျော… ဖျော'



www.burmeseclassic.com

www.burmeseclassic.com



'ဟော… ဘာလဲဟ'

'အံမယ်လေး… သရဲနဲ့တူတယ်… သရဲ'

ခဲလုံးက သစ်ပင်ကိုထိပြီး အမှုန့်ဖြစ်သွားကာ ဖျောခို အောက်ကို ကျလာတော့ သရဲခြောက်တယ်ထင်ပြီး ပြေးလိုက်ကြတာများ တန်းလို့ရယ်။ သတ္တိကောင်းတာ ပြောပါတယ်။ နည်းနည်းဝေးတဲ့နေရာရောက်ရမှ ရပ်သွား ကြတယ်။

'ဟကောင်… သရဲရော ဟုတ်ရဲ့လားဟ၊ လာ သွားပြန်ကြည့်ရ အောင်'

'ဟာ… ဆရာရယ် ဒီအပင်ကြီးက သရဲတကယ်ရှိတာ'

'ဟင်'

မျက်နှာငယ်လေးတွေနဲ့ အပင်ကြီးကိုကြည့်နေကြတယ်။ အပင်ကြီး က အုပ်အုပ်ဆိုင်းဆိုင်းနဲ့ ဒီနားက အိမ်တွေနဲ့လည်း ဝေးတယ်။ ပြန်သွား ကြည့်ရ ကောင်းမလား စဉ်းစားနေတုန်း…

'ဖျော… ဖျော'

'ဟာ… အမယ်ကြီး'

'သရဲ… သ…သရဲ…ပြေး'

လေမတိုက် ဘာမတိုက်နဲ့ တဖျောဖျော အသံကြားရတော့ ဖနောင့်နဲ့ တင်ပါး တစ်သားတည်းကျအောင် ပြေးကြလေရဲ့။ စည်တို့နှစ်ယောက်လည်း အူတက်မတတ် ရယ်ကြတော့တာ။ အသံထွက်အောင် သူတို့ပဲ ခဲနဲ့ပစ်ကြ တာကိုး။

ချောက်ထဲက လူတွေလည်း ပြန်တက်လာကြတယ်။ ဦးထော်ကတော့ ဆေးဘီကို ငေ့ကြည့်ကာ နှုတ်ခမ်းမွေးကြီးထောင်နေပြီ။ ထောင်ဆို ကြောက် တာကိုး။

ကြောက်မယ်ဆိုလည်း ကြောက်ချင်စရာ။ သူတို့ရှေ့တင် အပင်ကြီး ပေါ်က အသံနှစ်ခါ ထွက်ပြီး ပေတိုးတို့ ထွက်ပြေးသွားကြပြီလေ။ အမှောင် ထဲ တစ်ယောက်အကျီစ တစ်ယောက်ကိုင်ပြီး ခပ်တည်တည်ပဲ အပင်အောက်



www.burmeseclassic.com

www.burmeseclassic.com



သွားပြီး အပေါ်ကိုမော့ကြည့်ကာ တစ်ခါ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက် တစ်ခါမော့ကြည့်လိုက်နဲ့…

သွားစရာရှိတာ မသွားကြဘူးရယ်။ ဒါနဲ့ စည်သူလည်း စိတ်မရှည်တော့ဘဲ ခဲလုံးနဲ့ ပစ်လိုက်တာ…

'ဖျော… ဖျော'

'အံမယ်လေးဗျ… သ…ရဲ'

'သရဲ…အံမယ်…တကယ်ဟ အဟုတ်ခြောက်တာ'

'ပြေး… ပြေး'

ဒါနဲ့ ရွာထိပ်ဘက် အတန်းလိုက်ကြီး ပြေးသွားတော့တာ။ စည်သူတို့နှစ်ယောက်လည်း သဘောအကျကြီးကျပြီး ထိုင်ရယ်နေကြလေရဲ့။

'ဟား…ဟား…သရဲတဲ့၊ ဟား…ဟား တကယ်ခြောက်တာတဲ့ ဟား ဟား'

'ဟုတ်ပါ့ကွရယ်… ပြေးလိုက်ကြတာများ တန်းလို့ရယ်… ခစ် ခစ်'

'ဖျော… ဖျော'

'အန်… ချစ်… မင်းပစ်လိုက်တာလား'

'ဟင့်အင်း'

'အန်… ဒါ… ဒါဆို'

'ပြေး… သရဲဟ… တကယ်…သရဲ… အဟုတ်ဟ'

'ဖျော… ဖျော'

နှစ်ယောက်သား ခေါင်းနပန်းကြီးပြီး ဟိုလူတွေနောက် ပြေးလိုက်သွားလိုက်သမျှ တန်းလို့ရယ်။ တကယ်တော့ ဒီအပင်မှာက လင်းဆွဲကြီးတွေ အိပ်တာလေ။ ဒါကိုမသိဘဲ ခဲနဲ့ ခဏခဏထုလို့ လန့်နိုးပြီး ထပြေးတော့ အသံမြည်တာရယ်။ ဒါကို အသေအချာမကြည့်ဘဲ ပြေးကြတော့လည်း ပြေးပေါ့။

*



www.burmeseclassic.com

www.burmeseclassic.com



လကြီးက တဖြည်းဖြည်းချင်း စောင်းလာပြီ။ အဲ... သူ့သဘာဝ အတိုင်းပဲ စောင်းလာလေ လင်းလာလေပဲ။ မလှမ်းမကမ်းမှာ အုပ်အုပ် ဆိုင်းဆိုင်းနဲ့ နှင်းတွေကြားမှာ ဘုန်းကြီးကျောင်းကို တွေ့ရတယ်။ ရွာထဲက ထွက်သွားတဲ့ မြေနီလမ်းကတော့ ဘုန်းကြီးကျောင်းကို ကွေ့ဝိုက်ကာ တဖြည်းဖြည်း ပျောက်ကွယ်သွားတယ်။

'တောက်... ဒီကောင်တွေကလည်း မအိပ်နိုင်ဘူး'

'ဟုတ်ပ... ဘယ်လိုလုပ်ကြမလဲ'

'ခဏတော့ စောင့်ကြမယ်ကွာ... ဒါမှ မအိပ်ရင် သူတို့ကို သိပ်ပြီး ထွက်ကြမယ်'

'ဟာ... ဖြစ်ပါ့မလား'

'ဖြစ်ပါတယ်ကွာ... ဒေါ်မြတစ်ယောက်လုံးပါတာပဲ'

'ဘာ... ရှင်ကြီးနော်... ဟွန်း... စကားပြောတာ ကြည့်ပြော၊ ဟွန်း... ပါးရိုက်လိုက်လို့ နံရိုးပါ ကျိုးသွားမယ်'

'အိ'

ဦးတိုးနဲ့ ဦးထော်လည်း ခက်ပါ ပုသွားတော့တာ။ အမှန်က ဦးထော် ပြောတာကို ဒေါ်မြက အဓိပ္ပာယ်ကောက် လွဲသွားတာ။ ဒါနဲ့... လူတွေစုပြီး ကြိတ်ကြိတ် ကြိတ်ကြိတ်နဲ့ တိုင်ပင်နေကြလေရဲ့။

မင်းမောင်နဲ့ ဒေဝနှစ်ယောက်သား စကားပြောရင်း စောင့်နေကြ တယ်။ ကျန်တဲ့ သုံးလေးယောက်ကတော့ ပိုးလိုးပက်လက်အိပ်လို့။ သူတို့ က မအိပ်ချင်ကြသေးတာနဲ့ နှစ်ယောက်သား စကားတပြောပြောနဲ့ ထိုင်နေ ကြတာရယ်။

'တောက်... ခက်ပါ့ကွာ၊ မိန်းမလေး တစ်ခါရဲဖို့ကို ဒုက္ခခံရတာနဲ့ မကာမိဘူး'

'ဟုတ်ပ မင်းမောင်ရာ၊ ရောဂါက ကျွမ်းနေပြီ၊ မရသေးဘူး၊ တကယ်ပဲ ငမ်းငမ်းတက် ဖြစ်နေတာ'

'အံမယ်... ဟုတ်ပ'



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားကြီးတွေ အတင်းချနေကြတာရယ်။ နှစ်ယောက်သား နှုတ်ခမ်းတလန် ပန်းတလန်နဲ့ မဲ့ရွဲ့ပြောနေကြတာလေ။ အံ့မယ် မြိန်စရာကြီး။ တဖြည်းဖြည်းပြောရင်းနဲ့ လိုင်းပူးပြီး မ,ကိစ္စဘက် ရောက်လာပြီ။ အံ့မယ် ဒီအကြောင်းပြောလို့လား မသိဘူး။ မအိပ်ကြဘူးရယ်။

'ဟာ… အဲ့လိုကြီးလားဟ'

'အေး… အဲ့လိုကြီး… တကယ်'

'ဟာ… သေရောပေါ့ကွာ'

'ရှုတ်… ရှုတ်'

'ဟင်'

'ဟာ… ဘာလဲဟ'

ဒီအချိန်မှာပဲ ခပ်လှမ်းလှမ်း လရောင်နဲ့ အရိပ်စပ်ကြားမှာ မိန်းမတစ်ယောက်က လှမ်းခေါ်တယ်။ ထဘီရင်လျားနဲ့၊ ကိုယ်လုံးကိုယ်ထည်က တောင့်တောင့်တင်းတင်း၊ လရောင်ကြောင့် အသားရောင်က ဝင်းဝါပြီး မျက်နှာကလည်း အဝေးကကြည့်တော့ လှတာရယ်။

'အို… ဘာကြည့်နေတာလဲလို့… လာလေ'

'ဟာ… လာတဲ့ဟ… အဟဲ…မင်းမောင်… ငါအရင်သွားမယ်နော်'

'ဟာ… ငါအရင်သွားမှာကွ၊ ဟာ… မထူးပါဘူးကွာ…အတူတူသွားမယ်'

'အို… နှစ်ယောက်ပူးကြီး မလာနဲ့လေ ဟွန့်… လူဆိုးတွေ၊ တစ်ယောက်ချင်းလာနော်'

ကြက်သွေးဆီလောက်မက ချွဲနွဲ့တဲ့အသံနဲ့အတူ လူကလည်း ကနွဲ့ကလျလေး ရပ်ပြီးခေါ်တော့ မင်းမောင်က ဦးအောင်အရင်ပြေးသွားလိုက်တော့တာ ဒေဝလည်း ကြိတ်မနိုင် ခဲမရ ကျန်ခဲ့လေရဲ့။ ပါးစပ်ကလည်း…

'တောက်… အံ့မယ်…သရဲသရဲကြောက်တာ ဒါမျိုးကျ မြန်တာရယ်'



www.burmeseclassic.com

www.burmeseclassic.com



ပွစိပွစိနဲ့ပြောရင်း လမ်းသလားပြီး ကျန်နေခဲ့တယ်။ ဟိုနှစ်ယောက်က တော့ အမှောင်ရိပ်ထဲဝင်ပြီး ပျောက်သွားလေရဲ့။

'ခွပ်… အု'

'အား… လား'

'ဟင်း… ငါနော်'

အမှောင်ထဲမှာ ကြိတ်ကြိတ် ကြိတ်ကြိတ်နဲ့ အသံတွေကြားရတော့ မရိုးမရွဖြစ်ပြီး မာန်ပါလာတယ်။ ဒါနဲ့ မျက်နှာကြီး နီလာပါလေရော။ မကြာပါဘူး စောစောက အမျိုးသမီး ပြန်ထွက်လာပြီး မခိုတရိုနဲ့ ရပ်ကာ လက်ယပ်ခေါ်ပြန်တာနဲ့ ဘာရယ်ညာရယ် မစဉ်းစားတော့ဘူး။ ဆရာကောင်း တပည့်ပီသစွာ အတင်းခါးပြေးဖက်တယ်။

'အို… ဆိုးနဲ့ကွာ… လာ… အထဲရောက်မှ'

'အင်း… အင်းပါ'

သူ့အင်းပါက အတော်မာန်ပါတာရယ်။ ဒါနဲ့ အမှောင်ထဲရောက် တော့ မင်းမောင်ကို မှောက်လျက်ကြီးတွေ့ရတယ်။

'ဟာ… မင်းမောင်တို့က ဒါမျိုးဆို ရေကုန်ရေခန်းပါလားဟ'

'အဟင်း… အင်းလေ'

'အဟဲ… လာပြီ'

ပြောလည်းပြော ကိုင်ထားတဲ့ သေနတ်ကို ဘေးနားချတယ်ဆိုရုံရှိ သေးတာ။ ခေါင်းဆီကို ရိပ်ခနဲ လာတဲ့ တုတ်နှစ်ချောင်းကို မသဲမကွဲတွေ့ ရပြီး…

'ခွပ်… ဒုတ်'

'အိ'

အသံတောင် မထွက်နိုင်ဘူး၊ ကြယ်သုံးလုံးနဲ့ လတစ်လုံး မှတ်နေ အောင် လည်ပြီး တဖြည်းဖြည်း ကြီးရာကနေ ပိစိကွေးလေးတွေ ဖြစ်သွား တာ အမှောင်ကျသွားရှာတယ်။ လူလည်း ချာလည်ချာလည်နဲ့ ဖရုံခြေ နှစ်လှမ်း လှမ်းပြီး နောက်သုံးလှမ်းလှမ်းကာ ဗိုင်းခနဲ ပစ်လဲသွားတော့တာ။

*



www.burmeseclassic.com

www.burmeseclassic.com



'ချစ်… ဟိုလူတွေတော့ မှောက်သွားပြီ၊ သူတို့မထွက်ခင် အရင်ထွက်ကြမလား၊ ကားက ဘယ်နေရာမှာလဲ'

'အဲဒီ ဘုန်းကြီးကျောင်းနောက်နားမှာ'

'ဒါဆိုလာကွာ… ပြေးကြမယ်… သူတို့နောက်ကလိုက်တာ နေးတယ်၊ တော်ကြာ မိနေမယ်၊ ချစ် ပြေးနိုင်ရဲ့လား'

'အိုး… ဒါမျိုးဆို ရပ့ါ…လာထား'

'ကဲ… ဝမ်းတူး…သရီး'

'ဝေါ'

လေယာဉ်သံမဟုတ်ပါ။ နှစ်ယောက်ပြေးတာ မြန်ကြောင်း သက်သေအနေနဲ့ ပြောတာပါ။ ဦးတိုးတို့လည်း သူတို့အကြံ အောင်သွားတော့ ဝမ်းသာနေတုန်း လူနှစ်ယောက် ဖြတ်ပြေးတာကို ရိပ်ခနဲတွေ့လိုက်တော့ အံ့သြသွားတာရယ်။

'ဟယ်… မြန်လိုက်တာ၊ ဘယ်သူတွေလဲဟ'

'ဟယ်… ဂျူးဂျူးတော့… အံမယ်လေး'

'ဟာ… တိုးတိုးပြောဟ… လိုက်ကြမယ် လာ'

ဒါနဲ့ပဲ ရှေ့က လူနှစ်ယောက်က အသည်းအသန်ပြေး၊ ပြီး နောက်က လူခုနစ်ယောက်တန်းကြီးက လိုက်တော့တာ။ ဒါပေမဲ့ မီဘူးရယ်။ ဘုန်းကြီးကျောင်းလည်းကျော်ရော နှစ်ယောက် ပျောက်သွားတော့တယ်။

'ဟား… အခုမှပဲ တော်သေးတာပေါ့၊ ချုံတွေကွယ်နေလို့၊ ရဟူး… လွတ်ပြီကွ… အိုရချည်သေးရဲ့'

'ဟွန်း… အူမြူးနေတာ'

'အဟဲ… ပျော်လို့ပါ ကဲ… ဒီချုံမလား လာထား'

ချုံတွေအပေါ်က တင်ထားတာကို ဖယ်လိုက်တော့ ကားပေါ်လာတယ်။ ဒါပေမဲ့ ကားပေါ်မှာက လူတစ်ယောက်ကို ငုတ်တုတ်တွေ့တာနဲ့ မျက်လုံးပါပြူးပြီး ပါးစပ်ပါ ပြဲသွားတော့တာ။ အသံလည်း [illegible]လာတယ်။

www.burmeseclassic.com



'ဟာ… ဦးလေးအောင်သင်း… ဒီမှာ ဘာလာလုပ်… လုပ်'

'အဟွင်း… သိပ်ကြောက်သွားသလား ဟား…ဟား ငါရောက်နေတာ ကြာပြီ၊ မင်းတို့ကို စောင့်နေတာ၊ မင်းတို့ကလည်း ကြာပ၊ နှဲလိုက်ကြတာ'

'ဗျာ'

'ရှင်'

'အဟင်း'

'ဟာ… သွားပါပြီကွာ'

'ဟား ဟား… သွားရမှာ… သွားကိုသွားရမှာ၊ လာ… ကားပေါ်တက်၊ ငါလိုက်ပို့ပေးရမယ်'

'အဟင့်… ဦးလေးအောင်သင်းလို့…'

ဒါနဲ့ နှစ်ယောက်သား ငိုချင်သွားတယ်။ ဟိုဟာလေးက ငိုမဲ့မဲ့နဲ့ ခြေဆောင့်အော်တော့ အောင်သင်းက လက်ကာပြပြီး…

'ကဲ… ကားပေါ်သာတက်ပါ၊ ငါ မင်းတို့ကို မြို့ရောက်တဲ့အထိ လိုက်ပို့ပေးမှာပါ'

'ဗျာ'

'ရှင်'

'ဟင်း…ဟင်း…အံ့သြသွားကြလား၊ တကယ်တော့ အစကတည်းက မင်းတို့ကို သဘောကျပါတယ်၊ ဒါကြောင့်လည်း လွှတ်ထားတာပေါ့။ အဟင်း… ပြီးတော့ ငါ့သူငယ်ချင်း ဖိုးထိန်ကိုလည်း စိတ်ချမ်းသာစေချင်တယ်'

'ဟယ်… ဒါဆို ဖေဖေနဲ့ တစ်ကျိတ်တည်း တစ်ဉာဏ်တည်းပေါ့'

'ဟုတ်ပ… နင့်အဖေ ဖိုးထိန်နဲ့ လက်ဝါးချင်းရိုက်ထားတာ နင်တို့မှ မသိတာ'

'ဟွန်း… ဒါနဲ့များ'



www.burmeseclassic.com

www.burmeseclassic.com



'ကဲ… အချိန်မရှိတော့ဘူး၊ ကားပေါ်တက်'

ဒါနဲ့ နှစ်ယောက်သား အွယားဖားယား ကားပေါ်တက်ကြတယ်။ စည်သူက အုမြူးနေတယ်။ ဒါပေမဲ့ မျက်နှာကို အတင်းငယ်ထားကာ…

'ဦးလေးတို့အတွက် စိတ်မကောင်းပါဘူးဗျာ'

'ဘာလို့လဲ'

'ဟာ… ရွာကိုမီးရှို့မယ်ဆို'

'ဟား… ဟား ဒီကောင်တွေ ဒီရွာကို မီးရှို့ရင် ငတ်သေသွားမှာပေါ့ကွာ၊ အလကား… ဘာမှလုပ်ရဲတဲ့ကောင်တွေ မဟုတ်ဘူး၊ တကယ် အဖြစ်ကိုမရှိတာ၊ ဒါကြောင့်မလို့ ငါ့တူမနဲ့ သဘောမတူတာ'

'အဟား… ပျော်လိုက်တာ'

'မပျော်နဲ့… မင်းလည်း ဘာအဖြစ်မှရှိတဲ့ကောင်မဟုတ်ဘူး… ဟင်း…'

'အန်'

'ခစ်… ခစ်…'

'ဝူး… ဝူး'

ရုပ်တည်နဲ့ လှည့်ပောက်လိုက်တော့ ကျိပ်သွားတယ်။ ဒါနဲ့ ဟိုဟာလေးက ထရယ်ပါလေရော။ ကားလေးကလည်း ပြေးသွားတော့တာ။

လရောင်အောက်မှာ တဖြည်းဖြည်းနဲ့ ရွာလေးဟာ အဝေးမှာ ဝေးရင်းဝေးရင်း ကျန်ခဲ့တော့တယ်။

*

'အခုဆို ခေတ်တွေစနစ်တွေပြောင်းလို့ သူတို့ရွာလေးလည်း [illegible] နေခဲ့ပြီ။ ဘယ်သူမှလည်း အနိုင်မကျင့်ကြတော့ဘူး။ ကျားကြီးနဲ့ [illegible] လည်း လက်နက်ချသွားကြပြီ။ အခုဆို ၂ နှစ်နီးပါးရှိပြီပေါ့။

ပြောရဦးမယ် ဦးတိုးနဲ့ ဒေါ်မြယည်း ယူလိုက်တာ တစ်နှစ်[illegible]

www.burmeseclassic.com



အံမယ်… အပျိုကြီးနဲ့ လူပျိုကြီး မင်္ဂလာဆောင်တာ ပြုံးလို့ပျော်လို့ရယ်။ ဘာကိုမှ မရှက်သလို ဘာကိုမှလည်း မကြောက်တော့တာ။ ဒီလိုပဲ ဖြစ်ရမယ်လေ။ ဒါပေမဲ့ အခါလွန်ရင် ဘာမှကို ပြောသလောက် မကောင်းတော့တာ။ မိုးတောင် အခါလွန်မှ ဆို… ရွာတာတောင် အဆဲခံရသေးတာရယ်။

*

'ဝေ့… ဖိုးထိန်ရေ… ဖိုးထိန်'

'ဟော့လေကွာ'

'ဒီမှာ… ရန်ကုန်ကစာ… မှင်းအတွက်တဲ့'

'ဩော်… အေး… လာပြီ… ဒါနဲ့ မင်းမဆင်းတော့ဘူးလား အောင်သင်း'

BURMESE CLASSIC

'အေး… ဆင်းတော့ဆင်းချင်တယ်၊ အဟဲ… ပန်းဝါမျက်နှာက အမဲသားကွ၊ ကဲ… သွားပြီ'

'ဩော်… အေး… သူစိတ်ဆိုးမပြေသေးဘူးကွ၊ ထုံးစံအတိုင်း ပြတ်ပြီဆို ပြန်ကိုဆက်မရတာ'

'ဒါဆို ငါလည်း လစ်တော့မယ်၊ စက်ကွင်းလွှတ်ရာအရပ်ကို မြန်မြန်ရောက်မှ'

မောင်းထွက်သွားတဲ့ အောင်သင်းရဲ့ ဂျစ်ကားနောက်ပိုင်းကိုကြည့်ပြီး ဖိုးထိန် ပြုံးလိုက်တယ်။ ပြုံးပြီး အိမ်ဘက်ပြန်အလှည့် ပန်းဝါက မျက်စောင်းထိုးပြီး တစ်ဘက်လှည့်သွားတယ်။ ဖိုးထိန်က ဘာမှမပြောဘဲ တန်းလျားမှာ ဝင်ထိုင်ပြီး စာကိုဖတ်နေတယ်။ စာဖတ်ရင်း ပြုံးဖြဲဖြဲ ဖြစ်လာတယ်။

'ဟာ… ခတ်ပုံတောင် ပါသေးတယ်၊ အံမယ်… မြေးလေးက ချစ်စရာလေးဟ… အဟား…မအေတူမို့လို့ထင်တယ်'

'ကဲ… ပန်းဝါ… မင်းရောလိုက်မှာလား၊ မန္တလေးက ငါ့အစ်ကို အိမ်မှာ သမီးတို့ ရောက်နေပြီတဲ့… ပြီးတော့…ကလေး…'



www.burmeseclassic.com

www.burmeseclassic.com



'တော်… တိတ်… ဒီဟာမအကြောင်း လာမပြောနဲ့၊ မကြားချင်ဘူး၊ ဟွန်း…ပြတ်ဆို လုံးဝပဲ၊ အံမယ်… စိတ်ချလက်ချနဲ့ တူဝရီးနှစ်ဈောက် ထားခဲ့တာ တစ်သက်လုံး မစွံတဲ့လူပါ ယောကျ်ားရသွားပါလေ ရော၊ အံမယ်လေး ကောင်းကြသေးရဲ့လား လုပ်ပုံ၊ ဟွင်း… သွား… ကိုယ့်ဘာသာ… လိုက်ဘူး'

'ဒါဆို… ကို သွားပြင်လိုက်ဦးမယ်နော်'

'ကြွ ကြွ… ဟွန်း… ရှပ်ကိုက'

ပြောရင်း ငိုသံပါလာတာနဲ့ စကားဖြတ်ပြီး အပေါ်ထပ်တက်ကာ ကြမ်းပေါက်ကနေ အောက်ကိုချောင်းပြီး နားထောင်နေတယ်။ ကြည့်လိုက်တော့ ထင်တဲ့အတိုင်း စာကိုဖတ်ပြီး ကြိမ်းတယ်။ တစ်ခါ ဓာတ်ပုံကိုကြည့်ပြီး မျက်နှာကတော့ ပြုံးလာတာ။ ပါးစပ်ကတော့…

'ဟယ်… ငါ့မြေးလေးဟာ ချစ်စရာလေးတော့၊ ကောင်မ ကြည့်စမ်း ရှုံကုန်ကနေ အဝေးကြီး ကလေးကို ခေါ်လာတယ်၊ နားမလည်ပါးမလည်နဲ့ မဖြစ်ပါဘူး… ငါလိုက်ပြီး ကောင်းကောင်းဆူလိုက်ဦးမယ်၊ ခင်းတော့လား တွေ့ဦးမယ်၊ ဟွန်း… စာထဲမှာလည်း ငါ့အကြောင်း ဘာမှမပါဘူး၊ နေနိုင်တာ…အံမယ်… တွေ့မှ ပေါင်တွင်းကြောကို နာနာလိမ်ရမယ်… ဟွန်း…'

BURMESE CLASSIC

တစ်ယောက်တည်း ကြိမ်းမောင်းပြီး အိမ်ပေါ်တက်လာတယ်။ ဒါနဲ့ ဖိုးထိန်လည်း နီးရာအခန်းထဲ အတင်းဝင်ပြေးလိုက်ရတယ်။ မျက်နှာကတော့ ပြုံးလို့ပေါ့။ သူ့အကြောင်း မပါဘူးသာပြောတာ၊ သူ့အကြောင်းချည်းပဲလေ။

◆

*အဖေ…*

*သမီးတို့ အခု မန္တလေးက ဦးကြီးတို့အိမ်ကို ရောက်နေပြီ။ အဖေ့မြေးလေးလည်း ပါတယ်။ ဟိုမှာ အားလုံးအဆင်ပြေပါတယ်။*



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့နော်။ ဪ… အမေ့ကိုလည်း သတိရတယ်ဆိုတာ ထည့်မရေးတော့ဘူးနော်။ သူက ပြုတ်ဆို ပြန်ကိုဆက်မရတာတဲ့။ မလိုက်ချင်လည်း အတင်းမခေါ်နဲ့နော်၊ အဲ… ပါအောင်တော့ ခေါ်ခဲ့။

ဪ… သူ့မြေးမလေးပုံလည်း မပြနဲ့နော်၊ တော်ကြာ လွင့်ပစ်ဦးမယ်။ သူက စိတ်ဆတ်တယ်။ အဲ… သူ့အကြောင်းမရေးတာ ကောင်းပါတယ်။

အမေချစ်တဲ့
သမီးလိမ္မာလေး

BURMESE CLASSIC

ချစ်မှုများရှင်



www.burmeseclassic.com